

တက္ကသိုလ်

# နေလင်းအောင်

# အန္တရာယ်ပြွမ်းသည့် လျှို့ဝှက်အကြံ

လေးအုပ်တွဲသိုင်းစာစဉ်

ဝမ်အင်း၏ ဝူးယွဲ့ယီဝမ်းတောင်း

စာစဉ် (၃)

2009

Alien-ချစ်စုလှိုင်

သိုင်းစာစဉ်များpage

31.3.2017

Alien မှ pdf အဖြစ် စကာန်ဖတ်သည်

တက္ကသိုလ်

# နေဂျင်းအောင်

အန္တရာယ်ပြွမ်းသည့်
လျှို့ဝှက်အကြံ

ဝမ်းအင်း၊ ဖိုး၊ ယွဲ့ယိဝမ်း၊ ဇေတာဝင်း၊

စာစဉ် (၃)



ချမ်းမြေ့ရိပ်မွန်

တက္ကသိုလ်

# နေလင်းအောင်

## အန္တိုဂါယ်ပြွမ်းသည့်လူ့ဂွက်အကြံ

(စာစဉ်-၃)

## အခန်း (၄၅)
## အနိုင်ရသူများ၏ခေါင်းခဲခြင်း

အခန်းတစ်ခုလုံး တိတ်ဆိတ်ခြင်းမကာ တိတ်ဆိတ်နေ၏။ တိတ်ဆိတ်ခြင်းကို ကြုံဖူးကြပါ၏လော။

ပီဘိတိတ်ဆိတ်ငြိမ်သက်ခြင်းကို ဆိုလိုပါသည်။ သာမန် တိတ်ဆိတ်ငြိမ်သက်ခြင်းမျိုးကို မဆိုလိုချေ။

သာမန်တိတ်ဆိတ်ငြိမ်သက်ခြင်းဆိုသည်မှာ တိတ်ဆိတ်ငြိမ်သက်ခြင်းတော့ ရှိပါသည်။ ထိုပတ်ဝန်းကျင်မှ မသိမသာ တစ်စုံတစ်ခုသော အသံ၊ လေတိုးသံ၊ တံခါးရွက်ပိတ်သံ စသည်တို့ ဝင်လာခြင်းကို ဆိုလိုပါသည်။

တကယ်တိတ်ဆိတ်ခြင်းဆိုသည်မှာ မည်သည့်အသံဗလံမှ မကြားရဘဲ အခန်းတစ်ခန်းလုံး နားပင်းသူထံသို့ အမှောင်ကြီးကျသွားသကဲ့သို့ မည်သည့်အသံဗလံမျှ မထွက်သော တိတ်ဆိတ်ခြင်းကို ဆိုလိုသည်။

ယခု အခန်းတစ်ခုလုံး တကယ်တိတ်ဆိတ်ခြင်း ကြီးစိုးနေသည်။ အခန်းထဲ၌ လူသူတစ်စုံတစ်ယောက်မျှ မရှိသလိုမျိုး ဖြစ်နေသည်။

တကယ်ပင် လူသူတစ်ယောက်မျှမရှိ၍လော။

မဟုတ်ပါ။

အခန်းထဲ၌ လူများရှိနေပါသည်။

ရှိသည်မှာ တစ်ယောက်နှစ်ယောက်မျှ မဟုတ်ပါ။

ကိုချစ်ကလွဲ၍ ကျန်လူတို့သည် အလွန်စကားပြော၍ ကောင်းသောလူများ ဖြစ်၏။ ကိုချစ်ကတော့ အသက်ကြီးပြီးဖြစ်၍ စကားများများမပြောသူ ဖြစ်ပါသည်။

သူတို့က အဘယ်ကြောင့် စကားမပြောဘဲ တိတ်ဆိတ်နေကြပါသနည်း။

လူတစ်ယောက်သည် အလွန်ကြီးကျယ်သော ပြောင်းလဲမှုကို ကြုံလိုက်ရလျှင် မှင်တက်ငြိမ်သက်သွားသည်ကို ကြုံတတ်သည်။

သူတို့သည် မမျှော်လင့်သောအဖြစ်အပျက်ကို ရုတ်တရက် ရင်ဆိုင်မိလိုက်သောကြောင့် ငေးမောတွေဝေသွားခြင်းပင်။

သူတို့ မည်သို့သောအပြောင်းအလဲ ကြုံတွေ့ရသနည်း။



ကံကောင်းသူလူငယ်လေးမှာ ငွေလေးသိန်းရှုံးပြီး အပြုံးမပျက် အေးဆေးစွာ ထွက်သွားသည်ကို သူတို့ရင်ထဲတွင် တစ်မျိုးကြီး ခံစားနေရသည်ဟု ထင်မိသည်။

ငွေလေးသိန်း ...။

ငွေလေးသိန်းဆိုသည်မှာ နည်းနည်းမျှသော ငွေကြေးပမာဏမဟုတ်ပါ။ ငွေတစ်သောင်းသည်ပင်လျှင် ဆင်းရဲသားတစ်ယောက် ငါးနှစ်၊ ခြောက်နှစ်မျှ ထိုင်စားနိုင်သည့် ငွေကြေးပမာဏဖြစ်ပါသည်။ ငွေလေးသိန်းကို သူဌေးများဖြစ်ကြသော ထိုရှစ်ယောက်ပင်လျှင် အလွယ်တကူ ရှာမရသော ပမာဏမျိုးဖြစ်သည်။

ကိုချစ်က "မင်းတို့ငွေရှာကြ" ဟု အမိန့်ပေးလိုက်သည့် တစ်ခဏအတွင်းပင် သူတို့မှင်တက်သွားမိကြသည်။ ငွေလေးသိန်း မပြောနှင့် ... တစ်သိန်းကိုပင် သူတို့မရှာတတ်တော့ချေ။

ထိုငွေ လေးသိန်းကို သူတို့ မည်မျှပင်ပန်းစွာ ရှာဖွေချေးငှားခဲ့ကြသည်ကို သူတို့မှသာ သိကြပါလိမ့်မည်။

အခက်အခဲများထဲမှ ရှာခဲ့သော ဤငွေလေးသိန်း။

ဤငွေလေးသိန်းသည် သူတို့ရှေ့တည့်တည့်၌ ရှိနေပါသည်။ အတန်ကြာတော့မှ လူတစ်ယောက်က စတင်၍ သူ၏သဘောထားကို ဖွင့်ဟပြောလာ၏။ သူက တိတ်ဆိတ်ခြင်းို စတင်ဖောက်ဖျက်

လိုက်ခြင်းဖြစ်သည်။ ထိုလူမှာ ကျိုချစ်၏တပည့် ရှစ်ယောက်အနက် အမှတ် (၈) လောက်ပ ဖြစ်သည်။ သူသည်လည်း အနည်းငယ် တုန်လှုပ်နေသည်။

"အားလုံးတွေဝေမနေကြနဲ့၊ ရွှံ့တာဟာ ရွှံ့တာပဲ၊ သူ ရွှံ့လို့ ထွက်သွားတာဟာ ဘာများဆန်းလို့လဲ၊ ဒီလိုအရွှံ့အနိုင်ကို ခင်ဗျားတို့ ကျုပ်တို့ တွေ့ဖူးကြတာပဲ"

အခြားတစ်ယောက်၏အသံ ထွက်လာသည်။ သူ့အသံမှာ လည်း တုန်လှုပ်နေသည်။

"ငါတို့ တွေ့ဖူးတာက ငွေငါးသောင်း၊ ခြောက်သောင်းမျိုး ပါ"

အခန်းသည် လုံးဝတိတ်ဆိတ်သွားပြန်၏။ မှန်သည် သူတို့ ယခင်က တွေ့ကြုံဖူးသည်မှာ ငွေလေးသိန်း အရွှံ့အနိုင် မဟုတ်ပါ။ ငွေ လေးငါးသောင်းမျှသာ ဖြစ်ပါသည်။ သူ၏စကားကို မည်သူကမှ တုံ့ပြန်ပြောဆိုခြင်း မရှိပါ။ တစ်ခန်းလုံး ငြိမ်သက်သွားပြန်တော့ သည်။

ကျိုချစ်က ဆေးတံကို တစ်ချက်ဖွာလိုက်၏။ သူ စဉ်းစားနေ ပုံ ရသည်။ အတန်ကြာမှ သွားခေါသော လူတစ်ယောက်အား လှမ်း ကြည့်လိုက်၏။ သူသည် သူ၏တပည့်များထဲမှ ထိုလူကို ရွေးပြီး



လှမ်းမေးလေ၏။

"လောက်တ ... ဒီကိစ္စ မင်း ဘယ်လိုထင်မြင်ယူဆလဲ"

ထိုလူ၏အမျိုးအနွယ်မှာ ဖန်ဖြစ်သည်။ ထို့ကြောင့် သူ့အား အများက ဖန်လောက်တဟု ခေါ်လေ့ရှိသည်။ ဖန်လောက်တကို ရွေး ချယ်မေးခြင်းမှာ သူ့၌ အကြောင်းရှိသည်။ ဖန်လောက်တ မျက် မှောင်ကုတ်သွားသည်။ သူသည် ခေါင်းကို တဖျင်းဖျင်း ကုတ်လေ၏။

"ကျွန်တော် မစဉ်းစားတတ်ဘူး ဆရာ"

"စဉ်းစားပါဦးလေ"

လောက်တက ပြောလိုက်၏။

"လောက်ပပြောတာ မှန်ပါတယ်ဆရာ၊ ဒီလိုပဲ ဖြစ်ရမှာပဲ"

ကျိုချစ်က မျက်မှောင်ကုတ်ပြီး ပြောလိုက်၏။

"မင်းက ဘာကြောင့် မှန်တယ်လို့ ပြောရတာလဲ"

"သူ ရွှံ့သွားပြီလေ ဆရာ၊ ရွှံ့သွားလို့ ထိုင်ငိုလို့မရတော့ဘူး၊ ကလေးမဟုတ်တော့ဘူးလေ ဆရာ၊ ကလေးဆိုရင် ထိုင်ငိုလို့ဖြစ်သေး တာပေါ့၊ သူ့ကို ချော့လို့ဖြစ်သေးတာပေါ့၊ အခု ... သူငိုရင်လည်း ဘယ်သူမှ ဝိုင်းချော့မှာ မဟုတ်ဘူး၊ သူနိုင်ရင်လည်း သူယူသွားမှာပဲ"

ကျိုချစ် ... ခပ်ဖြည်းဖြည်းပင် ပြောသည်။

"မင်းပြောတာ လေးငါးသောင်းဆိုရင်တော့ ဟုတ်တာပေါ့၊

ဟိုကောင်ဝင်ပြောတယ် မဟုတ်လား"

"သူ့စကားကို မင်းတို့စဉ်းစားရမယ်၊ အခု ငွေလေးသိန်းကွ၊ ဒီငွေလေးသိန်းကို မင်းတို့ ဘယ်လိုရှာခဲ့ရတယ်ဆိုတာ မရှာတဲ့ငါ တောင် ဒီအခက်အခဲကို ငါသိတယ်"

တစ်ယောက်က ဝင်ပြော၏။

"ကျွန်တော် သူ့ကို တားမထားတာ မှားသွားတယ်ထင် တယ်"

ကျိုချစ်က မေးလေ၏။

"ဘာဖြစ်လို့ တားရမှာလဲ"

လောက်ပ ...

"သူ့ကို မေးချင်လို့ပါ၊ ခင်ဗျား ဘယ်လိုခံစားရသလဲလို့"

ကျိုချစ် မဲ့ပြုံးပြုံးလိုက်ည်။

"သူလောင်းကစားတယ်၊ ရှုံးတယ်၊ ထွက်သွားတယ်၊ အဲ ငါ မေးစရာလိုလား၊ လောင်းကစားတွေမှာ ခံစားမှုရှိလို့လားကွာ"

လောက်ပ ပါးစပ်ပိတ်သွားတော့သည်။ ကျိုချစ်က လောက်တအား လှည့်ကြည့်၏။ သူ့အကြည့်မှာ စူးရှ၏။ လောက်တ ကို အရေးကြီးသောမေးခွန်းမေးခြင်းပင်။

"သူက ဘာကြောင့် ငါ့ကို အရင်ပစ်ခွင့်ပေးရတာလဲ"



လောက်တ မသိပါ။ ထို့ကြောင့် ... လောက်တ ခေါင်းခါ ယမ်းသည်။

"ကျွန်တော် မစဉ်းစားတတ်ဘူး ဆရာ"

"မင်းတောင် မစဉ်းစားတတ်ဘူးဆိုတော့ တကယ်တွေးရ ခက်တာပဲ"

သူက ဆေးတံကို အားရပါးရ ဖွာနေ၏။ ဖွာမယ့်သာဖွာနေ သည်။ ဆေးတံမှာ မီးလုံးဝမရှိပါ။ လောက်ပသည် ကျိုချစ်နှင့် အတူ တကွ နေထိုင်ခဲ့သည်မှာ အခြားတပည့်တို့ထက် အချိန်ပိုများ၏။ ထို့ ကြောင့် ကျိုချစ်၏ဟန်မူရာကို တွေ့မြင်လိုက်သည်နှင့် အဓိပ္ပာယ်ကို သူများထက် ပိုသိသည်။

ယခု ကျိုချစ်၏ဟန်မူရာမှာ အလွန်ကြောက်မက်ဖွယ် ကောင်းသည့် ဖြစ်ရပ်တစ်ခုကို တွေးမိလိုက်သောကြောင့် ဖြစ်သည်ကို သူရိပ်စားမိသည်။ ကြောက်စရာအဖြစ်။ မည်သည့်ကြောက်စရာ အဖြစ် ဖြစ်သည်ကို သူက မမေးပါ။ ကျိုချစ်က မေးလိုက်ပါသည်။

"မင်းလက်ထဲမှာ ဘယ်သူက အစုဝင်ထားသေးလဲ"

လောက်ပ

"ညီအစ်ကိုရှစ်ယောက်ထဲမှာ ငါးယောက်တော့ ဝင်ထားပါ တယ်"

ကျို့ချစ် ...

"စုစုပေါင်း လှည့်ပတ်ငွေ ဘယ်လောက်ရှိလဲ"

လောက်ပ တစ်ခဏကြာ ငြိမ်သက်ပြီး စိတ်ဖြင့် မှန်းသည်။

"ငါးသောင်းခြောက်သောင်းလောက် ရှိမယ်ဆရာ"

"ဆရာ သိပါတယ်၊ ငွေငါးသောင်းခြောက်သောင်းဆိုတာ နည်းတဲ့ငွေမှ မဟုတ်တာ"

ကျို့ချစ်က ထပ်မေးသည်။

"အခု မင်းမရှိတော့ ဘယ်သူ ထိုင်သလဲ"

လောက်ပ ...

"ကျွန်တော့်ဇနီးပါ"

ကျို့ချစ်က မေးပြန်သည်။

"မင်းဇနီးရော လောင်းကစား ဝါသနာပါသလား"

လောက်ပ ...

"ဟုတ်ကဲ့ ပါပါတယ် ... ဒါပေမဲ့"

ကျို့ချစ်က ...

"ဒါပေမဲ့ ဘာဖြစ်လဲ"

လောက်ပ ...

"သူက လောင်းကစားတိုင်း နိုင်ပါတယ်၊ အရှုံးမရှိသ



လောက်ပါပဲ"

ကျို့ချစ် ...

"လောကပေါ်မှာ လောင်းကစားတယ်ဆိုတာ အရှုံးပဲ ရှိပါတယ်၊ အနိုင်ဆိုတာ မရှိပါဘူး၊ မရှုံးတဲ့လူဆိုရင် လောင်းကစားမလုပ်တဲ့လူမှသာ ဖြစ်နိုင်တယ်၊ ဒါကို မင်းအသည်းထဲ နှလုံးထဲက မှတ်ထား၊ ငါ့ဆရာကြီးက ဘယ်နေ့မှာ ဘာကိုပြောခဲ့သလဲလို့ မှတ်ထား"

လောက်တသည် တစ်စုံတစ်ခုကို သတိရလာ၏။

"ဆရာပြောတာ ကျွန်တော် နည်းနည်း သဘောပေါက်လာတယ်"

လောက်ပက သူ့အား လှည့်ကြည့်လိုက်သည်။ သူက လောက်ပကို မေးလိုက်၏။

"ဘာကို သဘောပေါက်တာလဲ"

လောက်တက လောက်ပအား တစ်ချက်ကြည့်၏။

"အခုလောက်ဆိုရင် ကံကောင်းတဲ့လူငယ်ဟာ မင်းရဲ့ဂေဟာ ရောက်နေပြီလား မသိဘူး"

ထိုစကားကြားသည့်အခါ လောက်ပ၏မျက်လုံးများ ပြူးကျယ်သွား၏။ ကျန်လူများကလည်း ရုတ်တရက်မလှုပ်မယှက်ဖြစ်ကုန်၏။ အံ့သြပြီး ငြိမ်သက်သွားခြင်းသာ ဖြစ်ပါသည်။ ကျို့ချစ်က

"အကောင်းဆုံးကတော့ မင်းတို့သွားကြည့်သင့်တယ်"

သူ၏စကားမဆုံးမီ လောက်ပသည် ပထမဆုံး အခန်းထဲမှ တစ်ဟုန်ထိုး ပြေးထွက်သွား၏။ ကျန်လူတို့သည် သူ၏နောက်မှ ပြေးလိုက်သွားကြသည်။

✵ ✵ ✵



## အခန်း (၄၆)

## ကျို့ချစ်၏ဒေါသ

လောက်ကောဆိုသူ ပြန်လည်ရောက်ရှိလာ၏။

သူ၏ပြန် လာခြင်းမှာ စိတ်သက်သာဖွယ်ရာမရှိလှပါ။ အမောတကောပင်။

သူ၏နဖူးနှင့်ကိုယ်လုံးမှာ ချွေးများစိုနေ၏။ မျက်နှာက လည်း မှုန်နေ ၏။ ကြည်ကြည်လင်လင် မရှိပါ။ အကြောင်းအရာကို ကြိုတင်ပြောပြနေသကဲ့သို့ပင်။

ကျို့ချစ်က သူ့အား အကဲခတ်လိုက်၏။

"အခြေအနေ ဘယ်လိုလဲ"

သူက တုန်လှုပ်စွာ ပြောလေ၏။

"ဆရာ ကြိုတင်ခန့်မှန်းတဲ့အတိုင်းပါပဲ"

ကျို့ချစ်က ...

"ဘယ်လောက်နိုင်သွားလဲ"

သူက ...

"ငါးသိန်း လေးသောင်းပါဆရာ"

ကိုချစ်က ...

"တခြားပစ္စည်းပါသေးလို့လား"

သူ ခေါင်းညိတ်သည်။

"အိမ်နှစ်လုံး ပါပါသေးတယ်"

ကိုချစ်က ...

"အဲဒီထဲမှာ မင်းငွေလည်း ပါသွားသေးသလား"

သူက

"တစ်သိန်းပါပါတယ်"

သူ ခံပြင်းစွာဖြင့် ပြောသည်။ သူ ဒေါသထွက်နေသည်။ သူတို့က ထိုးသားများကို ပါးပါးလှီးခြင်းကိုတော့ ထည့်မစဉ်းစားပါ။

"ဒီလူဟာ အသက်ငယ်ငယ်နဲ့ တော်တော် ရက်စက်တယ်"

ကိုချစ်က သူ့အား စိုက်ကြည့်သည်။

"လောက်ပ အဲဒီလူငယ်ကို ရန်ရှာဖို့ လူတွေ ခေါ်သွားတယ် မဟုတ်လား၊ လူစုပြီး လိုက်သွားတယ်မဟုတ်လား"

လောက်ကောက ဖြေ၏။ သူက ကံကောင်းသောလူငယ်ကို ဒေါပွနေပါသည်။



"ဟုတ်ပါတယ် ဆရာ၊ သူက ကျုပ်တို့လူ သုံးယောက်ကို အလဲထိုးလိုက်တယ်၊ အဲဒီတော့ ဘယ်သူမှ မခံချင်ကြဘူး၊ သုံးယောက်စလုံး ဒဏ်ရာရသွားကြတယ်"

ကိုချစ်က ...

"မင်းတို့က ရန်ရှာတာလား၊ သူက မင်းတို့လူတွေကို ရန်ရှာပြီး အလဲထိုးလိုက်တာလား၊ ငါ ဒါကို သိချင်တယ်"

လောက်ကောက ...

"ဒါကတော့ ဆရာ"

ကိုချစ်က ခပ်ထန်ထန်မေး၏။

"ငါမေးတာကို ဖြေပါ၊ ဘယ်သူက အရင်ရန်စတာလဲ၊ ငါ တစ်ခွန်းပဲ လိုချင်တယ်"

သူက မဖုံးကွယ်တော့ပါ။

"ကျွန်တော်တို့လူတွေ စပြီးရန်ရှာတာပါ"

ကိုချစ် မဲ့ပြုံးပြုံးလိုက်၏။

"သူက ငွေနိုင်သွားလို့ မင်းတို့က မကျေနပ်တာနဲ့ ရန်စလိုက်တာ မဟုတ်လား၊ သူက မင်းတို့ငွေတွေကို ပွေ့ပိုက်ယူသွားတော့ မင်းတို့ စိတ်ဆိုးတယ်၊ ဒါကြောင့် ရန်ရှာကြတာလား"

သူက ...

"ကျွန်တော်တို့လူတွေက သူဟာ ကလိန်ကျတယ်လို့ ယူဆနေလို့ပါ၊ သူနိုင်သွားတာကို ကြည့်ပါဆရာ"

ကျိုချစ်၏ မျက်နှာပေါ်တွင် ဒေါသရောင်သန်းလာ၏။

"သူက ကလိန်ကျတယ်ဆိုတာ မင်းတို့က ဖော်ထုတ်နိုင်လို့လား၊ ဖော်ထုတ်နိုင်ရင် တခြားလူတွေနောက်ကို သူလိုက်သွားရမှာပေါ့"

သူ ခေါင်းခါသည်။ ကျိုချစ်က ဆက်ပြောသည်။

"သူ ကလိန်ကျတာပဲထား ... မင်းတို့က မဖမ်းမိနိုင်ရင် မင်းတို့ အသုံးမကျလို့ပဲ ဖြစ်မယ်၊ သူ့ကို ဘာလို့ရန်ရှာချင်တာလဲ၊ မင်းတို့က ကိုယ့်အပြစ်ကို ကိုယ်မစဉ်းစားဘူး"

လောက်ကော ပါးစပ်ပိတ်ထားလိုက်၏။ ကျိုချစ်က အေးစိမ့်သောအသံဖြင့် မေးသည်။

"ငါ မေးပါရစေ ... မင်းတို့ဂေဟာက လောင်းကစားဂေဟာလား၊ ဓားပြတိုက်တဲ့ ဂေဟာလား ... ဒါပဲ ပြော"

သူက မပြောဝံ့တော့ဘဲ ခေါင်းငုံ့ထားသည်။ သူ့စကားများက သဘာဝမှ မကျဘဲကိုး။ သူ ဘယ်ပြောနိုင်တော့မလဲ။ သူ၏နဖူးပေါ်တွင် ချွေးသီးချွေးပေါက်များ စီးကျနေလာသည်။ ကျိုချစ်က ပြောပြ၏။



"ငါပြောမယ် ... မင်း သေသေချာချာ နားထောင်"

"ဟုတ်ကဲ့"

ကျိုချစ် စကားဆက်သည်။

"ငါတို့ဟာ လောင်းကစားဂေဟာ ဖွင့်ထားတာ၊ ဒါလည်း လုပ်ငန်းတစ်မျိုးပါ၊ ဓားပြတိုက်ဖို့ မဟုတ်ဘူး၊ ဒါကြောင့် ငါတို့ဟာ အင်အားကို မသုံးသင့်ဘူး၊ အင်အားသုံးပြီး အနိုင်အထက်လုပ်တာဟာ လက်နက်ပြပြီး ဓားပြတိုက်တာပဲ"

သူသည် အင်အားသုံးခြင်းကို အလွန်မုန်းသောလူ ဖြစ်၏။ ဉာဏ်ရည်ချင်း ယှဉ်ပြိုင်ရခြင်းကို သူ နှစ်ခြိုက်ပါသည်။ သူ ခေါင်းငုံ့ထားသော လောက်ကောအား ဆက်မေးလိုက်သည်။

သူသည် လောင်ကောအား ဆူပူခြင်းကို လျှော့ချလိုက်သည်။

"ငါပြောတာ သဘောပေါက်သလား"

လောက်ကောက ...

"ဟုတ်ကဲ့ သဘောပေါက်ပါတယ်"

ကျိုချစ် ...

"ဒါဖြင့် အမြန်ဆုံး လူလွှတ်ပြီး လောက်ပတို့ကို ပြန်ခေါ်"

လောက်ကောက ခေါင်းငုံ့ထားလျက် ...

"အခု ပြန်ခေါ်ဖို့ နောက်ကျသွားပါပြီ ဆရာ၊ သူတို့ ထပ်သွားကြပါပြီ"

ကျို့ချစ် အံ့သြစွာမေးလိုက်၏။

"ဘာဖြစ်လို့ ထပ်သွားရတာလဲ၊ ထပ်ပြီး တိုက်ခိုက်ဖို့ပေါ့၊ ဟုတ်လား"

သူက ...

"သူက ဝေညီအစ်ကို သုံးယောက်ကိုပါ ခေါ်သွားလို့ပါ"

ကျို့ချစ် ပြန်မေးသည်။

"ဝေညီအစ်ကို သုံးယောက်ဆိုတာ ဘယ်သူတွေလဲ"

လောက်ကော ...

"သူတို့ဟာ ကျွန်တော်တို့လုပ်ငန်းမှာ ကာကွယ်စောင့်ရှောက်ပေးတဲ့နေရာမှာ အလုပ်ရှားဆုံးလူတွေပါ၊ အတော်ဆုံး လှုပ်ရှားနိုင်တဲ့လူတွေပါ၊ သူတို့နဲ့တွေ့ရင် ဘယ်သူမှခေါင်းမမာနိုင်တော့ပါဘူး"

သူက ဆက်ရှင်းပြသည်။

"ဒီညီအစ်ကိုဟာ ရန်ဖြစ်တာကို အလွန်ဝါသနာကြီးတယ်၊ သူများကိုသာ သွားတိုက်ရမယ်ဆိုရင် ရှေ့ဆုံးက အမြဲပါတတ်တယ်"

ကျို့ချစ်သည် လွန်စွာဒေါသထွက်လာတော့၏။



သူသည် ထိုင်ကျသွားပြီး သူ့ဆေးတံကို ပါးစပ်ထဲ ထည့်လိုက်သည်။ ကျို့ချစ် လွန်စွာဒေါသဖြစ်နေပြီကို လောက်ကော သိရှိလိုက်ပါသည်။

✵ ✵ ✵

## အခန်း (၄၇)

## ရှုံးပွဲ

အေးချမ်း ...။

အေးချမ်းဟူသော ဝေါဟာရသည် ကံကောင်းခြင်း၊ အေးချမ်းသာယာခြင်းဟူသော အဓိပ္ပာယ်ရသည်။

ထိုဝေါဟာရကို လူတိုင်း သဘောကျကြသည်။

ခရီးသွားသူတို့သည် လမ်းခရီးမှာ အေးချမ်းသာယာဖြစ်စေချင်သည် မဟုတ်ပါလော။

ထို့ကြောင့် မြို့တိုင်းမြို့တိုင်းမှ အေးချမ်းအမည်ရှိသော တည်းခိုခန်း ရှိတတ်ကြ၏။

တည်းခိုနေထိုင်ကြသည့်ခရီးသည်တို့သည် တကယ်ပင် အေးချမ်းချင်မှ အေးချမ်းကြမည်။ သို့သော် အတိတ်နိမိတ်ကောင်းသော တည်းခိုခန်းတွင် နေထိုင်ရသည်ကိုပင် စိတ်ထဲမှာ အလိုလိုကျေနပ်ကြသည် မဟုတ်ပါလော။



ထိုတည်းခိုခန်း၌ တည်းခိုနေသော ကျောက်ဝူသည် အေးချမ်းသာယာတော့ပါမည်လော။

ဤတည်းခိုခန်းသည် ဤမြို့ထဲတွင် အကြီးကျယ်ဆုံးသော တည်းခိုခန်းတစ်ခန်း ဖြစ်၏။ အခြားတည်းခိုခန်းများ ရှိသော်လည်း ဤတည်းခိုခန်းလောက် မကြီးချေ။

လောက်ပသည် ဝေကျားတို့ညီအစ်ကိုပါမက သူ၏တပည့်အချို့ကို ဦးဆောင်၍ တည်းခိုခန်းရှေ့သို့ ရောက်ရှိလာ၏။ သူတို့သည် မာန်ဟန်အပြည့် ရှိကြသည်။

တည်းခိုခန်းရှေ့တွင် လူတစ်ဦးသည် လက်နှစ်ဖက်နောက်ပစ်၍ ဆိုင်းဘုတ်ကို မော့ကြည့်နေ၏။

လောက်ပသည် ထိုလူကိုတွေ့ရ၏။ သူ၏မျက်နှာပေါ်တွင် မထီမဲ့မြင်သည့်အပြုံးသန်းနေ၏။ သူ၏မျက်နှာပေါ်တွင် ရက်စက်သည့်အမူအရာမျိုးလည်း ရှိ၏။ ထိုလူသည် အသက်သုံးဆယ်ကျော်ခန့်ရှိမည်ဟု ခန့်မှန်းရသည်။ အသက်အရွယ်မှာ ဂျူ့ဘဝ၏အကောင်းဆုံးသော သက်တမ်းရောက်ရှိနေသူဖြစ်လေသည်။ ခန္ဓာကိုယ် ကျစ်လျစ်ပြီး ပါးနပ်ပုံရ၏။ ဝတ်စားဆင်ယင်မှုမှာ ကိုယ်ပေါ်တွင် အစိမ်းရောင် အင်္ကျီရှည် ဝတ်ဆင်ထားပြီး ပိတ်ချည်ဖြင့် ပြုလုပ်ထားသော ဖိနပ်စီး ထား၏။ ခါးတွင် အဝတ်ဖြူတစ်ထည် စည်းထားသည်။

လောက်ပသည် ထိုလူအား မြင်လိုက်ရသော်လည်း သတိမမူမိပါ။ သူ့ကိစ္စနှင့်သူ ရှုပ်နေသည်မဟုတ်ပါလော။ ကျောက်ဂူကိုသာ ရန်ရှာဖို့ စိတ်စောနေသည်။ ကျောက်ဂူသာ ယခုလောလောဆယ်ဆယ်၌ ရန်သူဖြစ်၏။

ထိုလူက ဆိုင်းဘုတ်ကိုကြည့်ပြီး တစ်ကိုယ်တည်း ရေရွတ်နေ၏။ လူချင်းနီးကပ်လျှင် သူ၏ရေရွတ်သံကို ကြားနိုင်၏။

"အေးချမ်းတည်းခိုခန်း ဆိုပါလား"

အေးချမ်းသာယာမည့်အရေးကို မျှော်တွေးကြိုဆိုပြီး နာမည်ပေးထားကြောင်းတော့ သူသိသည်။ သူက ခေါင်းတစ်ချက်ခါပြီး စကားဆက်သည်။ သူ့စကားကတော့ မအေးချမ်းပါ။ အပျက်သဘောဖြစ်နေပါသည်။

"ငါတော့ မထင်ပါဘူး၊ တည်းခိုခန်းထဲ ဝင်သွားတဲ့လူတွေဟာ အေးချမ်းစွာနဲ့ ပြန်ထွက်လာနိုင်ဖို့ လွယ်လိမ့်မယ် မထင်ပါဘူး"

လောက်ဖက ဆတ်ခနဲ လှည့်ကြည့်၏။

"ခင်ဗျား ဘာပြောတာလဲ"

ထိုလူက ဟန်မပျက်ဘဲ လှည့်ကြည့်၏။ သူ့စကားက မှန်ကန်သည်။

"ငါဘာသာ ပြောနေတာ မင်းနဲ့ဘာဆိုင်လို့လဲ"



လောက်ပသည် ဤတစ်ဝိုက်တွင် မသိသူ မရှိသလောက်ကျွမ်းသည်။ သို့သော် ထိုလူကို သူ မမြင်ဖူးပါ။ လူစိမ်းတစ်ယောက်ဖြစ်နေသည်။ ဤနယ်သား လုံးဝဟုတ်ဟန်မတူပါ။ စကားသံပင်ဝဲနေသည်ကို သတိပြုမိ၏။

လောက်ပက ထိုလူအား မျက်လုံးပြူး၍ သေချာကြည့်၏။ ထိုအချိန် သူ့အနီးတွင် ရပ်နေသည့် ဝေခွေးက ဒေါသမထိန်းနိုင်ဘဲ ထိုလူထံ တိုက်ခိုက်ရန် လျှောက်လာသည်။

ထိုလူ မဲ့ပြုံးပြုံးသည်။

"ကိုယ်တွေ့ချင်တဲ့လူကို သွားမတွေ့ဘဲ အပြင်မှာ သူများကိုလိုက်ကိုက်နေတာ တော်ကြာ ကိုယ့်ခြေထောက် ကိုယ်ကိုက်မိလိမ့်မယ်"

ဝေခွေး၏လက်သီးသည် ထိုလူထံ ပစ်သွင်းလိုက်၏။ လောက်ပက အချိန်မီ ဖမ်းဆွဲထားလိုက်၏။

"ဒီကိစ္စ နှောက်မှရှင်း ... အထဲဝင်ဖို့ အရေးကြီးတယ်"

သူက ဆက်၍တိုက်ခိုက်ခြင်း မပြုတော့ဘဲ မျက်လုံးပြူး၍ကြုံးဝါးလိုက်၏။ ထိုရန်သူကို သူ မကျေနပ်ပေ။ သူကသာ ရန်သူဟုသတ်မှတ်လိုက်ခြင်း ဖြစ်ပါသည်။

"မင်း သတ္တိရှိရင် ဒီမှာ ခဏစောင့်နေ"

ထိုလူက လက်နှစ်ဖက် နောက်ပစ်ပြီး တည်းခိုခန်းရှေ့၌ ချထားသော ခုံတန်းရှိရာသို့ လျှောက်သွားပြီး ဝင်ထိုင်ချ၏။ ထို့နောက် ခြေထောက်တစ်ဖက်ကို တစ်ဖက် ဒူးပေါ်သို့တင်ပြီး လက်ဖြင့် ပုတ်၍ တေးဆိုနေ၏။ သူသည် တစ်စုံတစ်ခုကို စောင့်နေဟန်တူလေ၏။

မည်သည်ကို သူ စောင့်နေပါသနည်း။

သူသည် တေးတစ်ပုဒ်ပင် ဆိုမပြီးသေးပါ။

'ဝုန်း .. ဒိုင်း .. ခွမ်း'

တည်းခိုခန်းထဲတွင် အသံဗလံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။ တည်းခိုခန်းထဲ၌ တစ်စုံတစ်ခုဖြစ်နေသည်မှာ သေချာသည်။ သို့သော် မည်သည့်ဖြစ်ရပ်ဟုတော့ မသိပါ။ ထိုလူ မျက်မှောင်ကုတ်သွား၏။ သူသည် သူ့လက်ကို ဖြန့်ကြည့်လိုက်သည်။ လက်ချောင်းများကို ချိုး၍ ရေတွက်သည်။

"တစ် ... နှစ် ... သုံး"

လောက်ပနှင့်အတူ ဝင်သွားသည့် လူများမှာ (၁၂) ဦးဖြစ်သည်။ လူ (၁၂) ဦးဆိုသော အင်အားမှာ အတော်အတန် များသည်ဟု ဆိုနိုင်သည်။ ယခု ထွက်လာနိုင်သူမှာ (၆) ဦးသာ ရှိသည်ကို တွေ့မြင်၏။



လောက်ပလည်း ဒဏ်ရာရသွားသည်။ သူ၏ညာဘက်လက်ကောက်ဝတ် ကျိုးသွားသည်ဟု ထင်ရလေ၏။ ဘယ်ဘက်လက်ဖြင့် ညာဘက်လက်ကောက်ဝတ်ကို အုပ်လျက် မျက်နှာရှုံ့မဲ့စွာဖြင့် ထွက်လာသည်။ နာကျင်သော ဝေဒနာကို ခံစားရ၍ နဖူးပေါ်တွင် ချွေးများစို့လာသည်။ နာကျင်မှုဝေဒနာက သူ့အား ချွေးများထွက်စေခဲ့သည်မဟုတ်ပါလား။

ခုံတန်းပေါ်တွင်ထိုင်သည့် သူ့အား မျက်စောင်းထိုးကြည့်သည်။ ထို့နောက် တီးတိုးပြောဆိုလိုက်လေတော့၏။

"အင်း ... ငါထင်သားပဲ၊ အေးချမ်းတည်းခိုခန်းဟာ တကယ်မအေးချမ်းပါလား"

*

လောက်ပသည် ထိုလူပြောသည်ကိုကြားလျက်နှင့် မကြားသလိုနေရ၏။ ဤသို့နေလိုက်ရခြင်းမှာလည်း အကြောင်းရှိပါသည်။ သူတို့ အရှုံးနှင့် ထွက်ခဲ့ရသည်မဟုတ်ပါလော။ ဆယ့်နှစ်ယောက်အနက် ခြောက်ယောက်သာ ထွက်လာနိုင်သည်။

ကံကောင်းသည့် လူငယ်သည် အန်စာပစ်ရာ၌ ကျွမ်းသည်။ ထို့ပြင် တိုက်ခိုက်ရာ၌ လည်း အထူးကျွမ်းကျင်သည်ကို တွေ့ခဲ့ရ၏။ ဝေညီအစ်ကိုတို့သည် ကျောက်ဝူအား တစ်ဟုန်ထိုး ဝင်တိုက်လိုက်ရာ သူတို့ မရှုမလှ ခံလိုက်ရ၏။

ဝေညီအစ်ကိုနှစ်ဦး၏သိုင်းပညာမှာ သာမညသိုင်းပညာသာ ဖြစ်ပါ၏။ သူတို့၏ရန်သူသည် သူတို့ထက် အဆတစ်ရာခန့် သာသည်။ သူတို့သုံးဦးပေါင်း လက်ချောင်းဆယ်ချောင်းမက ကျိုးသွားလေ၏။ ဤဒဏ်ရာအနာတရမှာ သူတို့၏သမိုင်းတစ်လျှောက် အဆိုးဆုံးဖြစ်သည်။

လောက်ပကိုယ်တိုင် သူအားထားရဆုံး သိမ်းငှက်သိုင်းကွက်ဖြင့် တိုက်ခိုက်သည်။ သူသည် ထိုသိုင်းကွက်ကို အလွန်အားကိုးသည်။ ထိုသိုင်းကွက်ဖြင့် နိုင်ပွဲများရှိခဲ့သည်။

ကျောက်ဝူကလည်း သိမ်းငှက်သိုင်းကွက်ဖြင့် ပြန်လည် တိုက်ခိုက်၏။ နောက်ဆုံးအဖြေ ထွက်လာသည်။

အဖြေကား ...။

လောက်ပအတွက် မကောင်းခဲ့။

သူ၏ လက်ကောက်ဝတ်တစ်ဖက် ကျိုးခဲ့ရသည် မဟုတ်ပါလား။



ထို့ကြောင့် ထိုလူပြောဆည့်စကားကို ခံပြင်းမိသော်လည်း ပြဿနာမရှာဝံ့ပေ။ ထိုလူသည် တည်းခိုခန်းထဲက လူထက်ပင် ဆိုး နေသည်ဟု သူထင်ခဲ့သည်။

သူသည် နောက်ထပ် ရန်မလိုသဖြင့် တစ်ဖက်သို့ရှောင်ပြီး ထိုနေရာမှထွက်သွားရန် ဟန်ပြင်လိုက်၏။

ထိုစဉ် ...

ထိုလူက ရုတ်တရက် သူ့ရှေ့သို့ရောက်လာ၏။ လောက်ပ ၏မျက်နှာ ကွက်ခနဲ ပျက်သွားသည်။ ပါးစပ်အဟောင်းသား ဖြစ် သွား၏။ သို့သော် မေးဖြစ်အောင်တော့ မေးလိုက်ရ၏။

"ခင်ဗျား ဘာလုပ်မလို့လဲ"

ထိုလူက မဲ့ပြုံးပြုံးပြီး ရုတ်တရက် လှုပ်ရှား၏။ သူက ဘယ် လက်ဖြင့် တွန်းထုတ်လိုက်၏။ သူ၏လှုပ်ရှားမှုမှာ လျှပ်ပြက်သကဲ့သို့ လျင်မြန်လှ၏။ ထိုလူက လက်ညှိုးဖြင့်ထောက်လိုက်ရာ သူ၏ ပကတိကောင်းသောလက်က အောက်သို့ တန်းလန်းကျသွား၏။

လောက်ပ လက်နှစ်ဖက်လုံး ဒဏ်ရာရသွားလေပြီ။

ထို အချိန် ...

လောက်ပ၏လူနှစ်ဦးက ထိုလူအား နောက်မှ တိုက်ခိုက် လိုက်သည်။ သူတို့၏ဆရာကို စော်ကားလိုက်သည်မဟုတ်ပါလော။

ထိုလူက လှည့်မကြည့်ဘဲ တံတောင်ဖြင့် တွတ်လိုက်ရာ ...

'ဝုန်း ... ဒိုင်း'

နောက်မှ နှစ်ဦးသည် ပက်လက်လှန် လဲကျသွားသည်။ ထိုလူက ရပ်တန့်မသွားပါ။ လောက်ပ၏ကျိုးနေသည့်လက်ကောက်ဝတ်ကို ဖမ်းဆုပ်လိုက်၏။ လောက်ပ မျက်လုံးပြူးသွားသည်။ ထိုလူသည် သူ့အား ထက်မံတိုက်ခိုက်တော့မည်။ သူ ပြင်းစွာ အနာတရဖြစ်ရပေတော့သည်။

ထို့နောက် ...

တစ်ချက် ဆွဲဆန့်၏။

'ဖျောက်'

လောက်ပ၏မျက်နှာတစ်ခုလုံး ရှုံ့မဲ့သွားပြီး ချွေးတို့စို့ရွှဲလာ၏။ သူသည် ရုတ်တရက် နာကျင်သွားသော်လည်း နာကျင်မှုမှာ ရုတ်ခြည်းပျောက်ကွယ်သွား၏။

သူသည် ဝမ်းသာမိသည်။

အဘယ်ကြောင့်ဆိုသော် ကျိုးသောလက်ကို ထိုလူက ပြန်ဆက်၍ ပေးလိုက်သောကြောင့်ဖြစ်သည်။ ထိုလူက နောက်သို့ ခြေသုံးလှမ်းခန့် ဆုတ်သွားပြီး လက်နှစ်ဖက်နောက်ပစ်၍ သူ့အား ကြည့်လိုက်သည်။



"ဘယ့်နှယ့်နေသေးလဲ"

သူခေါင်းညိတ်ပြ၏။

"ကျေးဇူးပဲ ... ကျုပ်ကို အရက်တိုက်ခွင့်ပြုပါ"

ထိုလူ ခေါင်းညိတ်၏။

"ကောင်းပြီ"

လောက်ပတို့လူစုသည် အရှုံးနှင့်ဆုတ်ခွာခဲ့လေတော့၏။

✵ ✵ ✵

## အခန်း (၄၈)
## အကြံပေးလာသူ

စားပွဲပေါ်တွင် အရက်နှင့် စားသောက်ဖွယ်ရာများ ခင်းကျင်းလိုက်လေ၏။ အားလုံးပြည့်စုံသလောက် ဖြစ်နေလေပြီ။

လောက်ပသည် အရက်သုံးခွက်တိ မော့သောက်လိုက်ပြီးမှ လက်မ,ထောင်ပြသည်။

အောင်ပွဲအထိမ်းအမှတ်ဖြစ်သည်။

သူသည် ဆုံးရှုံးပြီး ထွက်လာခဲ့သော်လည်း ထိုလူက ကူညီလိုက်သဖြင့် သူ့လက်ပြန် ကောင်းသွားခဲ့သည်

ထိုသည်ကို ရည်ရွယ်၍ အောင်ပွဲအထိမ်းအမှတ်ပြုခြင်း ဖြစ်သည်။ လောက်ပက ...

"ခင်ဗျား တော်တယ်"

ထိုလူ သာမန်မျှသာ ပြောသည်။

"ခင်ဗျားကံကောင်းလို့ပါ၊ ကျုပ်နဲ့ တွေ့တာကပဲ ကံကောင်းသော တိုက်ဆိုင်ခြင်းဖြစ်သွားလို့ပါ"



သူ မချိပြုံး ပြုံးလိုက်၏။

"ကျုပ်ဘဝမှာ ဒါလောက် တံစ်ခါမျှအထိ မနာဖူးဘူးဗျ"

"မပြောပါနဲ့ဗျာ၊ ကျုပ်ဘဝတစ်လျှောက်လုံး ဒီလောက် အထိနာတာ ဒီလောက်ကံဆိုးတာ ဒီတစ်ခါပဲ ရှိတယ်"

ထိုလူက ခပ်တည်တည်နှင့် ပြောလိုက်၏။

"ခင်ဗျား ဒီလောက် အထိနာတာ ကံကောင်းတယ်ဆိုရမှာပဲ"

လောက်ပ အံ့သြသွားသည်။

"ကျုပ်နားမလည်ဘူးဗျ၊ ကျုပ်လူတွေ ဒဏ်ရာရလာတယ်လေဗျာ"

ထိုလူက ...

"ခင်ဗျားရှုံးတာ သိပ်ကံကောင်းတယ်၊ ဟိုလူငယ်ငယ်ကိုသာ ခင်ဗျားတို့ သတိထားလိုက်မိရင် မီးခိုးကြွက်လျှောက်ဒုက္ခရောက်လိမ့်မယ်ဆိုတာ သိထားပါ၊ အဲဒါဟာ ကံကောင်းတာမဟုတ်လို့ ဘာလို့ပြောမလဲ",

လောက်ပသည် အရက်ကို ဆက်သောက်ပြီး ပြောလိုက်သည်။

"ခင်ဗျားပြောတာ ကျုပ် ဘာမှနားမလည်ဘူး၊ ရှင်းရှင်း ပြောပါဗျာ၊ အခုဟာက ပဟေဠိလိုပဲ"

ထိုလူ မေးလိုက်၏။ ခပ်အေးအေးသာ။

"ခင်ဗျားတို့ တိုက်ခိုက်တဲ့လူငယ်က ဘယ်သူလဲဆိုတာကို ခင်ဗျားသိရဲ့လား"

လောက်ပ မျက်လုံးပြူးလိုက်၏။ သူသည် ရာဇဝတ်အိုးတုတ်နှင့်ထိုးခဲ့ပြီလော။

"ဘယ်သူလဲ ... ကျုပ်မသိဘူး"

ထိုလူက ရှင်းပြလိုက်သည်။

"တဖုန်ထန်ဘုံကျောင်းအဖွဲ့ကို ခင်ဗျား ကြားဖူးမှာပေါ့"

လောက်ပက ရယ်မောလိုက်၏။

သူနှင့်ပတ်သက်နေသည်ကို သူ မစဉ်းစားသောကြောင့် ရယ်နိုင်ခြင်း ဖြစ်ပါသည်။

"ဒီလောက် နာမည်ကြီးတဲ့အဖွဲ့တစ်ခုကို မသိဘဲနေပါ့မလား"

ထိုလူက ...

"တဖုန်ထန်မှာ အရေးပါတဲ့ ပုဂ္ဂိုလ်သုံးယောက်အနက် ကျောက်တန်ကို ခင်ဗျား ကြားဖူးမှာပေါ့"



လောက်ပ တဖြည်းဖြည်းနှင့် မျက်လုံးပြူးလာ၏။ တဖြည်းဖြည်း ခေါင်းကြီးလာသည်။

သူနှင့်ပတ်သက်လာခြင်းဖြစ်ကြောင်း တဖြည်းဖြည်း သူသိလာ၍ ဖြစ်ပါသည်။ မပတ်သက်လျှင် ထိုလူသည် အကြောင်းမဲ့ ထိုအကြောင်းပြောနေမည်မဟုတ်ပါ။ လောက်ပက တုန်လှုပ်စွာ မေးလိုက်သည်။

"ဒီလူငယ်နဲ့ ပတ်သက်နေလို့လား"

ထိုလူ ခေါင်းညိတ်သည်။

"ဒီလူငယ်က ကျောက်ဂူဖြစ်တယ်၊ ကျောက်တန်းက သူ့အဖေပေါ့"

လောက်ပ၏နဖူးပေါ်တွင် ချွေးများ စို့လာလေတော့သည်။

"ကျုပ် ... ကျုပ် ...သူတို့နဲ့ ပတ်သက်မိခဲ့ပြီပေါ့"

ထိုလူ မဲ့ပြုံးပြုံးသည်။

"ခင်ဗျားတို့လက်ချက်နဲ့ ဒီလူငယ် တစ်ခုခုဖြစ်သွားရင် ခင်ဗျားတို့ ဘယ်လိုရှင်းမလဲ"

သူ၏မျက်နှာ ကွက်ခနဲ ပျက်သွား၏။ သူခေါင်း၌ချွေးများ စို့ရွဲလာသည်။ တစ်ကိုယ်လုံးလည်း ချွေးထွက်လာသည်။ မယုံကြည်နိုင်၍ ခေါင်းခါသည်။

"မဖြစ်နိုင်ဘူးလို့ ကျုပ်ထင်တယ်"

ထိုလူ ...

"ဘာဖြစ်လို့လဲ"

သူက ...

"တဖုန်ထန်အဖွဲ့ရဲ့ ဌာနခွဲတွေဟာ နေရာတိုင်းမှာ ရှိတယ်၊ သူက ကျောက်တန်ရဲ့သား၊ အမှန်ဆိုရင် ဘယ်နေရာမဆို ငွေယူလို့ရပါတယ်၊ အခုလို လောင်းကစားလုပ်ဖို့ မလိုဘူး၊ အခု သူက လောင်းကစားပြီး ငွေယူနေတာပဲဗျ"

ထိုလူက လူ့သဘာဝကို ရှင်းပြသည်။ တကယ်တော့ သူလည်း လူ့သဘာဝများကို မသိသေးပါ။

"ဟုတ်တယ်၊ ဒါပေမဲ့ လူတွေဟာ ကိုယ်လုပ်ချင်တာကို ပွင့်ပွင့်လင်းလင်း မလုပ်ရရင် တိတ်တဆိတ် လုပ်တတ်တယ်၊ အခုဟာက ဒီသဘောပါပဲ"

လောက်ပက ...

"ခင်ဗျား ဘာကိုဆိုလိုတာလဲ၊ ကျုပ်မရှင်းဘူး"

ထိုလူက ပြန်ဖြေ၏။

"တဖုန်ထန်ဟာ စည်းကမ်းတော်တော်ကြီးပါတယ်၊ အထူးသဖြင့် လောင်းကစား မပြုလုပ်ရ၊ မိန်းမလည်း မရှုပ်ရ၊ အရက်လည်း



အလွန်အကျွံ သောက်ထားရင် အပြင်မထွက်ရ ...စတဲ့ စည်းကမ်းတွေ ကြပ်မတ်ထားတယ်၊ သံမဏိစည်းကမ်းတွေပဲ"

လောက်ပ တဖြည်းဖြည်း နားလည်သလို ဖြစ်လာသည်။ သူ မျက်မှောင်ကုတ်သွား၏။ လောက်ပက ထိုလူအား ပြန်မေးလိုက်၏။

"သူ အခုလို တိတ်တဆိတ်လုပ်နေတာ ဘာရည်ရွယ်ချက်များ ရှိလို့လဲ"

ထိုလူ ရှင်းပြ၏။

"ရှင်းပါတယ်၊ သူလည်းပဲ ဒီနေရာတစ်ဝိုက်မှာရှိတဲ့ လောင်းကစားဂေဟာကို အပိုင်စီးဖို့ပေါ့၊ အပိုင်စီးတဲ့နေရာမှာလည်း တဖုန်ထန်တုံကျောင်း မသိရအောင်လို့ပေါ့"

လောက်ပက ထိုလူကို ကြည့်မိသည်။

ထိုလူက ပြုံးပြ၏။

"ခင်ဗျား မယုံဘူးလား"

လောက်ပက တုံ့ဆိုင်းဆိုင်း ပြန်ပြောလေ၏။ သူက အမှန်ကို ပြောခြင်းဖြစ်ပါသည်။

"တဖုန်ထန်ဟာ အလွန်စည်းကမ်းကြီးတယ်ဆိုတာ ခင်ဗျားလည်း သိပါတယ်၊ ဒီလိုလုပ်လိမ့်မယ် မထင်ဘူး၊ သူ ဒီလိုလုပ်တာ

ကို တဖုန်ထန်ဘုံကျောင်း တစ်ချိန်ချိန်မှာ သိလာမှာပေါ့"

ထိုလူက ...

"ကျုပ်မေးမယ်၊ ဒါဖြင့် သူက ဘာလို့ ဒီကိုရောက်လာတာလဲ၊ သည်နယ်ထဲက လောင်းကစားအိမ်များကို ဝင်ပြီး မွှေနှောက်ယူရတာလဲ၊ အခုဆိုရင် တစ်နယ်လုံးက လောင်းကစားအိမ်တွေကို သူ မွှေနှောက်ပြီးသလောက်ပဲဗျ"

ထိုလူက ဆက်ပြောလေ၏။

"ကျုပ် စိတ်ထင်တော့ အနိုင်ယူဖို့ထက် လောင်းကစားဂေဟာတွေအကြောင်း စုံစမ်းတာပဲလို့ ကျုပ်ထင်ပါတယ်"

ထို့ပြင် သူ၏နောက်ဆက်တွဲစကားက အမှန်တရားနှင့် အတော်နီးစပ်နေသည်။

"လောကမှာ ဘယ်သူပဲဖြစ်ဖြစ် ငွေကို မလိုချင်တဲ့လူ ရှိသလား၊ မရှိပါဘူးဗျာ"

သူသည် အရက်ကိုသာ တစ်ခွက်မော့ချနေတော့၏။ သူအတွက် အရက်သည်သာ အလိုအပ်ဆုံးဟု လုပ်ပြနေသလိုမျိုးဖြစ်သည်။ ထိုလူက အရက်ခွက်ကို လေးခွက်မျှ မော့ချပြီးမှ မျက်လုံးပြူးကြည့်နေသော လောက်ပကို ပြန်ကြည့်သည်။

"အဖွဲ့အစည်းလည်း ဒီလိုပါပဲ၊ သူ့အသုံးစရိတ် ဘယ်



လောက်ကြီးတယ်ဆိုတာ ခင်ဗျားအသိပါ၊ အဖွဲ့အစည်းအင်အားကြီးလာလေ အသုံးစရိတ်များလေပဲ မဟုတ်လား"

လောက်ပက လက်ခံလေ၏။

"ဒါ ဟုတ်ပါတယ်"

ထိုလူ စဉ်းစဉ်းစားစားဖြင့် ပြောသည်။

"တဖုန်ထန်ဟာလည်း အင်အားကြီးတဲ့ အဖွဲ့အစည်းတစ်ခုပါ၊ သူတို့ ကုန်ကျစရိတ်ကို မရှာလို့ မရပါဘူး"

သူက စကားဆက်သည်။

"ငွေရအလွယ်ဆုံးနဲ့ အများဆုံးရရှိနိုင်တာဟာ လုပ်ငန်းနှစ်မျိုးပဲ ရှိတယ်၊ ဒီနှစ်မျိုးကို ခင်ဗျား သိသလား၊ ခင်ဗျားလိုလူမျိုးကို ကျုပ် မမေးသင့်ဘူး ... ခင်ဗျားဟာ ဒီလုပ်ငန်းတစ်ခုတည်းကလူ ဖြစ်နေလို့ပဲ"

လောက်ပသည် ထိုလုပ်ငန်းနှစ်မျိုးဆိုသည်မှာ မည်သည့်လုပ်ငန်းဖြစ်သည်ကို နားလည်၏။

ထိုလူက ...

"တဖုန်ထန်အနေနဲ့ ကြေးစားဂေဟာလုပ်ငန်း လုပ်ဖို့ဆိုတာ မသင့်တော်ပါဘူး၊ လူကြားထဲ မကောင်းဘူး၊ ဒါကြောင့် လောင်းကစားဂေဟာဘက် ဦးလှည့်လာတာဖြစ်မယ်၊ ဖြစ်နိုင်တယ်၊ ခင်ဗျား

စဉ်းစားကြည့်ပေါ့ဗျာ"

လောက်ပသည် အရက်များကို၊ ဆက်၍သောက်နေတော့သည်။ သို့သော် သူ၏နဖူးတွင် ချွေးတို့ စီးဆင်းကျလာသည်။ သူသည် အလွန်အကျွံချွေးထွက်နေလေပြီ။ သူသည် အရက်ခွက်ကို စားပွဲပေါ်သို့ ဆောင့်ချသည်။

"ကျုပ်တို့လုပ်ငန်းဟာ ငွေရတာ မငြင်းဘူး၊ ဒါပေမဲ့ ကျုပ်အခုလို ကြီးပွားပြီးကျယ်ပြန့်ရတာက သွေးနဲ့ချွေးနဲ့ရင်းပြီး တည်ဆောက်လာခဲ့လို့ပါ၊ လွယ်လွယ်လေးနဲ့ တည်ဆောက်ခဲ့ရတာ မဟုတ်ပါဘူး"

ထိုလူသည် ခေါင်းညိတ်လိုက်သည်။ သူ နားလည်သည်ဟု အမူအရာပြလိုက်ရခြင်း ဖြစ်ပါသည်။

"ကျုပ်လည်း ကစားသမားတစ်ယောက်ပါ၊ နားလည်တယ်၊ ဒီလောကထဲကလူဟာ ဒီလောကရဲ့သဘာဝကို အသိဆုံးပေါ့ဗျာ"

လောက်ပသည် လက်သီး ကျစ်ကျစ်ဆုပ်ထားလိုက်သည်။ သူသည် သံနှိုင်ဒွာန်ချဟန်ဖြင့် ပြောလိုက်၏။

"ဘာပဲဖြစ်ဖြစ် ကျုပ်တို့ သွေးနဲ့ချွေးနဲ့ ရှာတဲ့ငွေကို သူတို့လက်ထဲကို ဘယ်တော့မှ အရောက်မခံနိုင်ဘူး၊ ငွေတစ်ပြားတောင် သူတို့လက်ထဲ အရောက်မခံဘူး"



ထိုလူသည် သက်ပြင်းချလိုက်သည်။ သူက သူ့ဆွေးနွေးချက်များကို လောက်ပက အေးအေးဆေးဆေး ဆွေးနွေးစေလိုဟန်ဖြင့် ပြောသည်။

"အခြေအနေကိုကြည့်လေ၊ ခင်ဗျား သူ့လက်ထဲ မအပ်လို့ဖြစ်နိုင်မလား၊ အားလုံးကို သုံးသပ်ကြည့်ပေါ့ဗျာ၊ ခေါင်းအေးအေးထားပြီး စဉ်းစားသင့်ပါတယ်"

လောက်ပသည် ပါးစပ်ပိတ်ထားလိုက်လေ၏။ သူ့စိတ်ထဲတွင် အလွန်ထိခိုက်သွားသည်။

တဖုန်ထန်သည် သူတို့အတွက် အလွန့်အလွန်ကြီးကျယ်သော အဖွဲ့အစည်းကြီးဖြစ်လေ၏။

ထိုလူသည် အရက်ကိုထပ်သောက်ရင်း လောက်ပကို ကြည့်၏။ လောက်ပမှာမူ အရက်ကိုသာ တစ်ခွက်ပြီးတစ်ခွက် သောက်နေသည်။ သူ အရက်မူးသွားလိုသည်။ သို့မှသာ အကုန်မေ့သွားမည်။ ထို့နောက် အရက်ကလည်း လုံးဝမမူးချေ။

ထိုလူက ...

"ခင်ဗျားတို့လုပ်ငန်း သူ့လက်ထဲမရောက်အောင် လုပ်ဖို့နည်းလမ်းတစ်ခုပဲရှိတယ်ဗျ"

လောက်ပသည် ဆတ်ခနဲ ခေါင်းထောင်လာလေ၏။

"နည်းလမ်း"

နည်းလမ်းရှိသေးသည်ဆိုပါကလား။ သည်လိုဆိုတော့ မျှော်လင့်ချက် မဆုံးသေးဘူးပေါ့။

သူသည် ထိုလူကို ရှိသေလေးစားသွားသည်။ ထို့ကြောင့် အပြောအဆိုပင် ပြောင်းသွားသည်။

ထိုလူက ...

"အဲဒီ ကံကောင်းတဲ့လူ ရုတ်တရက် သေသွားရင် ခင်ဗျားတို့ လုပ်ငန်း စိတ်ချလက်ချနဲ့ ဆက်ပြီးလုပ်နိုင်တာပေါ့၊ ရုတ်တရက်ဆိုတာ အမျိုးမျိုးဖြစ်နိုင်တာပေါ့ဗျာ"

သူသည် စကားဆက်၏။ သူ့စကားက အမှန်ပင်။

"လူသေတစ်ယောက်ဟာ ဘယ်သူ့ပစ္စည်းမှ အပိုင်မစီးနိုင်ဘူးဗျ၊ ခင်ဗျား မယုံဘူးလား"

လောက်ပသည် သောက်လက်စ အရက်ကို ချထားသည်။ အရက်ဆက်မသောက်နိုင်တော့ပေ။

"သူ့မှာ ရုတ်တရက် သေမယ့်အခြေအနေ ရှိသလားဗျာ"

ထိုလူသည် ခေါင်းညိတ်လိုက်လေသည်။

"ရှိပါတယ်"

လောက်ပက မေးလိုက်လေ၏။ ထိုအခြေအနေကို သူ



အမြန်ဆုံး ရောက်ချင်နေသည်။

"သူ့ကို ရုတ်တရက် အသည်းအသန်ဖြစ်အောင် လုပ်နိုင်လား"

ထိုလူက တည်ကြည်စွာပြောလေ၏။

"ဒါကတော့ ခင်ဗျားအပေါ် မူတည်တာပဲဗျာ"

သူသည် အရက်ခွက်ကို ကောက်ယူမော့ချလိုက်လေ၏။

✳ ✳ ✳

## အခန်း (၄၉)

## ညှိခံပွဲ

လောက်ပသည် အပြင်းအထန်စဉ်းစားနေလေ၏။ ကံကောင်းသောလူငယ် အသည်းအသန်ဖြစ်စေရမည်။ ဖြစ်နိုင်သည်ဟု ညှိသည်က ဖြေနေပေပြီ။ ဘယ်လိုဖြစ်စေနိုင်မည်နည်း ဖြစ်သည်ကို သိဖို့လိုလေ၏။

"သူ ဘယ်လိုအသည်းအသန်ဖြစ်စေမှာလဲဗျာ"

"ခင်ဗျားမှာ ငွေငါးသောင်းအကုန်ခံနိုင်တဲ့ဆန္ဒ ရှိလား"

ထိုလူက မေးလိုက်လေ၏။ လောက်ပ၏မျက်ဝန်းတွင် ဝင်းလက်သွားသည်။ ဤငွေသည် နည်းနောသည်မဟုတ်သော်လည်း သူ တတ်နိုင်ပါသည်။

"ကျုပ်က ဆန္ဒရှိတယ်ဆိုရင်ရောဗျာ"

ထိုလူက အကြံပေးလေ၏။

"သည်လိုဆိုရင် ခင်ဗျား သူ့ကို ဖိတ်စာတစ်စောင် ပေး



လိုက်ပါ။ ဖိတ်စာမှာ မနက်ဖြန်မွန်းတည့်ချိန် မြို့ထဲက စုချမ်စားသောက်ဆိုင်မှာ ညှိခံကျွေးမွေးပါ့မယ်လို့ ရေးပါ၊ တခြား ဘာမှ ထွေလာကာလာတွေ ရေးဖို့မလိုပါဘူး"

သူသည် ပြုံး၍စကားဆက်လေ၏။

"သည်ထမင်းစားပွဲပြီးသွားတာနဲ့ သူ့ရောဂါရမှာပါ၊ သည်အတွက် ခင်ဗျား ငွေငါးသောင်းလောက်တော့ အကုန်ခံရမှာပေါ့၊ သူရောဂါရဖို့ အရေးကြီးတယ် မဟုတ်လား"

လောက်ပသည် ထိုလူအား အရေးတကြီး မေးလေ၏။

"သူ့ရောဂါက အသည်းအသန်ဖြစ်ဖို့ လိုတယ်နော်၊ အသည်းအသန်ဖြစ်နိုင်မှာလား"

ထိုလူက အေးအေးဆေးဆေးပင် ပြောလေ၏။

"စိုးပူပါနဲ့ဗျာ၊ သူသေသွားနိုင်ပါတယ်"

"သေချာတယ်နော်"

"သေချာပါတယ်၊ မသေဘူးဆိုရင်တောင် သူ ပူဖြစ်ရှုံးသွားမှာပါ"

"ကောင်းတယ်၊ ကျုပ်က သူသေသွားတာကိုပဲ လိုချင်တာဗျ"

"မသေဘူးဆိုရင်တောင်ဆိုတာ ချွင်းချက်ထားပါ၊ မပြော

မဖြစ်လို့ ပြောရတာပါ၊ သူ့ရောဂါဟာ သေမယ့်ရောဂါပါ"

"ကျုပ် သူ့ကိုဖိတ်ပေမယ့် သူလာပါ့မလားဗျ၊ လာချင်မှ လာမှာနော်၊ စိတ်မချရဘူး"

ထိုလူက ...

"သေချာပါတယ်ဗျာ၊ လာကိုလာမှာပါ"

လောက်ပက ...

"ကျုပ် တခြားလူကိုပါ ဖိတ်ရမလား"

ထိုလူက ...

"ဂေဟာပိုင်ရှင်လောက်တော့ တစ်ယောက်တည်းသာ ဖိတ်ပါ၊ တခြားလူကိုပါ ဖိတ်မယ်ဆိုရင် လုပ်ရကိုင်ရခက်လိမ့်မယ်"

လောက်တက ...

"လုပ်ဗျာ ... ကျုပ် ငါးသောင်းအကုန်ခံမယ်ဗျာ"

"ကောင်းပြီ သူ့ကို ဖိတ်စာပို့ပါ"

သူတို့ အစီအစဉ် ရေးဆွဲပြီးစီးသွား၏။

✻



ကျောက်ဝူသည် ဤဆိုင်ကို ရောက်ဖူး၏။

သူသည် အစပ်အချဉ်ပါသော စုချွမ်ဟင်းလျာတို့ကို နှစ်သက်သည် မဟုတ်ပါလား။ နှစ်သက်သောဟင်းများစွာ ရှိခြင်းကြောင့် ဤမြို့သို့ ရောက်ရှိချိန်တွင် စုချွမ်ဆိုင်သို့ နှစ်ကြိမ်တိတိ ရောက်ဖူး၏။ ထို့ကြောင့် ဆိုင်သည် သူ့၌မစိမ်းပါ။

ထိုသို့စားသောက်ခဲ့စဉ်က ...

သူသည် ဟင်းလျာဖိုးရှင်းတိုင်း ပိုသောငွေတို့ကို ပြန်မယူဘဲ စားပွဲထိုးများကို ပေးလှူရှိခဲ့သည်။

ယနေ့ သူသည် လောက်ပ၏ဖိတ်ကြားမှုကြောင့် စုချွမ်စားသောက်ဆိုင်သို့ ဝင်သည်နှင့် ဆိုင်လုလင်တို့က ဝမ်းသာစွာဖြင့် သူ့ကို ကြိုဆို နှုတ်ဆက်ကြသည်။

"ဆရာ ... ကျွန်တော်တို့ကို မှတ်မိတယ် မဟုတ်လား၊ ဆရာကို ဧည့်ခံရတဲ့အတွက် ကျွန်တော်တို့ ဝမ်းသာပါတယ်"

အထူးသဖြင့် စားဖိုမှူးသည် ပို၍ဝမ်းသာစွာ နှုတ်ဆက်၏။ စားဖိုမှူးမှာ စုချွမ်နယ်၏ ပဲပြားငါးဟင်းကို ချက်သောနေရာမှာ အလွန်ကောင်းသောကြောင့် ကျောက်ဝူက သူ့ကို ငွေတစ်တုံး ဆုချခဲ့ဖူး၏။ စားဖိုမှူးသည် သူ့ကို အကြိမ်ကြိမ် ဦးညွတ်ဂါရဝပြုခဲ့သည်။ သူပေးခဲ့သော ငွေတုံးသည် တန်ဖိုးကြီးလှသည်မဟုတ်ပါလော။

ဗိတ်စာအနီသည် ကျောက်ဂူ၏လက်ထဲသို့ သေချာစွာ ရောက်ရှိခဲ့၏။ ဗိတ်ကြားသူမှာ လောင်းကစားဂေဟာပိုင်ရှင် လောက်ပ၊ လောက်တတို့ ဖြစ်ကြသည်။

ထို့ကြောင့် ...

ဧည့်ခံသော အိမ်ရှင်မှာ နှစ်ယောက်ဖြစ်နေသည်။

အဖိတ်ကြားခံရသူ ကျောက်ဂူမှာ တစ်ဦးတည်းသာ ဖြစ်သည်။

စားပွဲပေါ်တွင် ဟင်းလျာများ အသင့်ချထားသည်။ ဟင်းလျာများမှာ တန်ဖိုးရှိသော ဟင်းလျာတို့ ဖြစ်သည်။ ဟင်းလျာများ စုံလှသည်။ အထူးဧည့်ခံပွဲဖြစ်၍ ဤမျှလောက်တော့ ရှိပေလိမ့်မည်။ အရက်မှာလည်း စုချမ်နယ်မှ တန်ဖိုးကြီးသောအရက်ဖြစ်၏။ တရုတ်ပြည်သည် ဝါရွက်စိမ်းအရက်သည် တန်ဖိုးကြီးလှသော အရက်ဖြစ်သည်။

ကျောက်ဂူက ထိုင်ချပြီး လောက်ပနှင့်လောက်တတို့ကို ပြုံးပြလိုက်၏။

"အားနာလိုက်တာဗျာ၊ ဟင်းလျာက မနည်းပါလားဗျ၊ ကျုပ် တစ်ယောက်တည်းဆိုတော့ အဲဒီလောက် မလိုပါဘူး"

လောက်ပနှင့်လောက်တတို့ပသည် ကျောက်ဂူအား လူသေ



တစ်ယောက်အမြင်ဖြင့် ကြည့်နေကြသည်။ သို့သော် နှုတ်ကတော့ ချိုလှ၏။

"ဟာ ... ကျုပ်တို့က နည်းတောင် နည်းသေးတယ်လို့ တင်နေတာ"

"လုပ်စမ်းပါဗျ ... ဒါက အထူးဧည့်ခံပွဲပါ"

သူတို့သည် ဤနေရာမရောက်မီပင် သေချာစွာတိုင်ပင်ထားကြခြင်းဖြစ်သည်။ ထိုလူကို တစ်ဦးတစ်ယောက်က အကြံပေးနေခြင်းဖြစ်သည်ကို သူတို့သိကြသည်။ ထိုသူ့ကို အကြံပေးသူသည် မည်သူဖြစ်သည်ကို မသိသော်လည်း ထိုလူ၏စကားကို ယုံသင့်သည်ဟု မှတ်ချက်ချသည်။ ထို့ကြောင့် ထိုလူ့အကြံကို လိုက်နာခြင်းဖြစ်ပါသည်။

သို့သော် လောက်ပသည် စိတ်မချနိုင်သေးပါ။ ကျောက်ဂူသည် တဖုန်ထန်ဘုံကျောင်းမှဖြစ်သည်ကို သိပြီးသည့်နောက်တော့ မည်သည့်ကိစ္စကိုမျှ စိတ်မချနိုင်တော့ပါ။

သူတို့သည် ထိုင်၍ ကျောက်ဂူကို စောင့်နေစဉ် လောက်ပအား မေးလိုက်၏။

"ဟေ လောက်ပ ... ဒီပွဲမှာ ကျောက်ဂူကို အနိုင်ရလိမ့်မယ်လို့ ယုံကြည်သလား"

လောက်ပက ခေါင်းညိတ်သည်။ဒ

"ယုံကြည်တယ်၊ သူ့အကြံက ရေပက်မဝင်တာပဲကွ"

လောက်တက ထပ်မေးသည်။

"သူ့ရဲ့သိုင်းပညာကို ခင်ဗျား မြင်ဖူးလို့လား၊ ခင်ဗျားက အရမ်းအထင်ကြီးနေတာပဲ"

လောက်တက ပြောလိုက်၏။

"သူ့စရိုက်နေဟန်ထားနဲ့ အပြောအဆိုက ဒီလိုထင်မှတ်ရတာပဲ၊ သူမဆိုးဘူး ငါတို့နဲ့လည်း ဖြစ်လိမ့်မယ်လို့ ငါယုံတာပဲ"

လောက်တနှင့်လောက်ပတို့သည် ကျော်ဝူအား သတ်ဖြတ်ရန် အကြံပေးသူအကောင်း ပြောနေခြင်း ဖြစ်ပါသည်။ ကျောက်ဝူအကြောင်း ပြောနေကြခြင်း မဟုတ်ပါ။ ထိုစဉ် လောက်ပက စဉ်းစဉ်းစားစားဖြင့် ပြောသည်။

"နောက်ပြီး"

သူသည် စကားရပ်သွားသည်။

လောက်တက ...

"ဆက်ပြောလေဗျာ ... ခင်ဗျားစကားက တန်းလန်းကြီးပဲ"

လောက်ပက ဆက်ပြောလေသည်။

"ငါက သူနဲ့ အချိန်အတော်ကြာ ထိုင်ခဲ့ဖူးတယ်"



သူက ခေတ္တရပ်ပြီးမှ ဆက်ပြောလေ၏။

"ငါက သူနဲ့ အချိန်အတော်ကြာ ထိုင်ခဲ့ဖူးတယ်"

သူက ခေတ္တရပ်ပြီးမှ ဆက်ပြောလေ၏။

"သူ့ကိုယ်ပေါ်မှာ ဖော်မပြနိုင်တဲ့အငွေ့အသက်ကို ခံစားနေရတယ်"

လောက်တ လာမေး၏။

"ဘယ်လိုအငွေ့အသက်လဲ"

လောက်ပက ...

"အလွန်ရက်စက်ကြမ်းကြုတ်တဲ့ အငွေ့အသက်ပါ၊ သိပ်ကြောက်စရာကောင်းတယ်"

သူသည် စကားဆက်လိုက်သည်။

"သူ့အနားကပ်တာနဲ့ ငါရဲ့ကျောတစ်ခုလုံး ချမ်းလာတာကို ခံစားမိတယ်၊ သူ့ကိုယ်ထဲက အဆိပ်ပြင်းတဲ့မြွေ ထွက်လာပြီး ငါ့ကို ပေါက်တော့မယ်လို့ ထင်မိနေတယ်၊ အဲဒီလိုဖြစ်ပေါ်လာရင် ဒီလူဟာ မိစ္ဆာပဲလို့ မှတ်ယူရမှာပဲ"

ကျောက်ဝူ ရောက်ရှိလာသောအခါ သူတို့ စကားမပြောကြတော့ပါ။ ကျောက်ဝူသည် သူတို့ရှေ့တွင် ထိုင်လိုက်သောအခါ တစ်ဖက်လူနှင့် ပြုံးရွှင်စွာ နှုတ်ဆက်သော်လည်း အကဲခတ်၏။

ကျောက်ဂူသည် သတိလက်မလွတ်ပါ။

အတန်ကြာ အကဲခတ်သော်လည်း သံသယဖြစ်စရာကို မတွေ့ရချေ။ အမှားအယွင်းတစ်စုံတစ်ရာ မဖြစ်နိုင်ဟု ထင်မှတ်ရသည်။

လောက်တတို့လူစုသည် မိမိတို့ အရှုံးပေး၍ ငြိမ်းချမ်းရေးလုပ်ချင်သဖြင့် ယခုကဲ့သို့ ဖိတ်၍ဧည့်ခံသည်ဟု ထင်မိသည်။

ကျောက်ဂူသည် လောက်တတို့အပေါ် သံသယကင်းသွားသော် လည်း စားပွဲထိုးနှင့် စားဖိုမှူးအပေါ် သံသယဖြစ်မိသည်။

အဘယ်ကြောင့်ဆိုသော် ဆိုင်လုလင်နှင့် စားဖိုမှူးတို့ ဝတ်သောအင်္ကျီမှာ အလွန်သန့်ပြန့်နေခြင်းကို တွေ့သောကြောင့်ဖြစ်သည်။

အထိုက်အလျောက်သန့်ပြန့်ခြင်းသည် ကောင်း၏။ အသန့်လွန်ခြင်းသည် မကောင်း။

ဒါကို ကျောက်ဂူ စဉ်းစားလေ၏။

ဆိုင် လုလင်နှင့် စားဖိုမှူးဆိုသည်မှာ ဤကဲ့သို့ နေ၍မရပါ။ ဆိုင်လုလင်ထက် စားဖိုမှူးက ပိုဆိုးပါသည်။ သူတို့၏အဝတ်အစားတို့သည် ဆီတို့နှင့် ညစ်ပတ်နေရမည်။ ဟင်းအရည်တို့ ပေကျံနေရမည်။ အထူးသဖြင့် သူတို့၏လက်ထဲမှာ ဆီတို့ ပေကျံရမည်။ ခြံ၍



ပြောရလျှင် လုံးဝသန့်ရှင်း၍မရပါပေ။

ယခု ...

သူတို့သည် ဟင်းခွက်ချသောအခါ လက်များမှာ ဖြူဖွေးသန့်ရှင်းနေသည်ကို အံ့ဩစွာ တွေ့ရှိရသည်။ သူ့မျက်လုံးများကလည်း လျင်သည်။ ထို့ကြောင့် ဤလူတို့သည် မည်သို့လူများဖြစ်သည်ကို စိတ်ဝင်စားသွား၏။

ထို့အပြင် ...

ဆိုင်လုလင်တစ်ယောက်ကို မြင်ဖူးသည်ဟု အလိုလိုခံစားလာရ၏။

သို့သော် ထိုလူက သူ့ဘက် မျက်နှာလှည့်၍မထားသဖြင့် မည်သူမည်ဝါဖြစ်သည်ကို သေချာစွာ မသိလိုက်ပါ။ ထိုဆိုင်လုလင်သည် လှေကားနားတွင် ခဏမြင်၍ ပျောက်သွား၏။ တတ်နိုင်သမျှ သူ မျက်နှာကွယ်ထားသည်ကိုလည်း သိသည်။

သူ စဉ်းစား၍မရသည်မှာ စားသောက်ဆိုင်မှလူတို့သည် စားသောက်ဆိုင်တွင် အလုပ်လုပ်သော အလုပ်သမားနှင့်မတူဘဲ ဖြစ်နေခြင်းပင်။

သူသည် စဉ်းစား၍မရသည့်နောက် အတွေးတို့ကို ဖျောက်ပစ်၏။ သို့သော် သူ့အတွေးထဲမှ ဖျောက်ပစ်၍ မရဘဲ ဖြစ်နေသည်။

မည်သို့ပင်ဖြစ်စေ ...

စန်ကွမ်ကိုတွေ့ရန် အရေးကြီးဆုံးပင် မဟုတ်ပါလော။ သူ ယခုကဲ့သို့နည်းမျိုးစုံဖြင့် လှုပ်ရှားခဲ့သည်မှာ စန်ကွမ်ကို တွေ့လိုခြင်းကြောင့်ပင်။

✵ ✵ ✵



## အခန်း (၅၀)

## လုပ်ကြံခြင်း

စုချွမ်စားသောက်ဆိုင်၏အကောင်းဆုံး ငါးခေါင်းဟင်းချိုသည် စားပွဲပေါ်သို့ ရောက်ရှိလာ၏။ ဤဟင်းချိုကို နှစ်ပေခန့်ရှိ ပန်းကန်ဖြင့် ထည့်လာသည်။ မွှေးကြိုင်သောအနံ့တို့သည် ကျောက်ဝူ၏နှာခေါင်းထဲသို့ တိုးဝင်သွား၏။

ဆိုင်ကြီးဆိုင်ကောင်းတို့သည် သူတို့၏ဟင်းကောင်းကျွေးကောင်းတို့ဖြင့် ဤသို့ပင် နှာညွှန့်ကို ချူတတ်သည်။

အနားတွင် စားဖိုမှူးနှစ်ယောက် အသင့်ရပ်နေ၏။

ငါးခေါင်းဟင်းလာပို့သူသည် ခေါင်းငုံ့၍ဆုတ်သွား၏။ သူကတော့ ရှိသေသည့်ပုံစံလုပ်ခြင်းဖြစ်သည်။ ထိုမျှရှိသေဖို့ မလိုပေ။ လောက်ပက မေးလိုက်၏။ ကျောက်ဝူအား လောကွတ်လုပ်ခြင်းဖြစ်သည်။

"ငါးခေါင်းကို ကြိုက်ရဲ့လား"

လောက်တက ရယ်စရာ ဝင်ပြောရ၏။ ဝိုင်းထဲ၌ ဟာသဖြင့် စိုပြည်စေရန် ကြိုးစားခြင်းဖြစ်ပါသည်။

"ကြောင်မှသာ ငါးခေါင်းကိုကြိုက်တာ"

လောက်ပက ရယ်လေ၏။ သူသည် ငါးခေါင်းကို ညှပ်ယူရန် ပြင်လိုက်၏။ ထိုစဉ် ...

'ဝုန်း'

လူတစ်ယောက်၏ခြေထောက်ကြောင့် စားပွဲသည် ပြိုလဲသွား၏။ ထိုလူက စားပွဲကို ခြေထောက်ဖြင့် ကန်လိုက်ခြင်းဖြစ်လေ၏။ ကျောက်ဂူက ရုတ်တရက် ထခုန်လိုက်၏။

"မင်းကိုး"

အသံကျယ်လောင်စွာဖြင့် အော်လိုက်၏။ ဟင်းလာပို့သူ နောက်သို့ ဆုတ်သွားပြီး လှမ်းကြည့်လိုက်သောအခါ ထိုလူ၏မျက်နှာကို ကျောက်ဂူ မြင်လိုက်ရသည်။ ထို့ကြောင့် ခုန်ထလှုပ်ရှားလိုက်ခြင်းဖြစ်၏။

စားပွဲအကန်ခံရချိန်နှင့် သူခုန်ထသည်မှာ တစ်ချိန်တည်း ဖြစ်လေ၏။ တဒင်္ဂအချိန်တွင် ရပ်၍စောင့်နေသော စားဖိုမှူးနှစ်ယောက်လုံး တစ်ပြိုင်တည်း လှုပ်ရှားလိုက်ကြ၏။

သူတို့နှစ်ယောက်သည် ဟင်းလာပို့သော စားဖိုမှူးနှစ်



ယောက်နှင့် ပေါင်း၍ လက်နက်ပုန်းတို့ကို ကျောက်ဂူထံသို့ ပစ်လွှတ်လိုက်ကြ၏။ ကြယ်ပွင့်တို့ကဲ့သို့ လင်း လက်သွားသည်။ လက်နက်ပုန်း ၆ ခုသည် ကျောက်ဂူ၏ခါးသို့ ရောက်ရှိလာ၏။ ကျောက်ဂူသည် တစ်ဆက်တည်း ရှောင်လိုက်ရ၏။

ယင်းသို့ လှုပ်ရှားရင်းမှ သူတို့၏လက်တွင် လက်အိတ်စွပ်ထားသည်ကို တွေ့လိုက်ရ၏။

လောက်တနှင့်လောက်ပတို့သည် အခန်းထောင့်သို့ ဆုတ်သွားသည်။ လက်နက်ပုန်းကို မြင်သည်နှင့် အသံပြိုင်တူ ထွက်သွား၏။

"လက်နက်ပုန်းမှာ အဆိပ်ပါတယ် ... သတိထား"

သူတို့သည် ကျောက်ဂူဘက်သား ဖြစ်လေဟန် ကျောက်ဂူအား သတိပေးခြင်းဖြစ်သည်။

ထိုလက်နက်ပုန်းတို့မှာ စုချွမ်နယ် ထန်ကျွမ်မိသားစု၏ အဆိပ်ဖြစ်သည်ကို မသိသော်လည်း လက်နက် ပုန်းပစ်သောလူတို့သည် လက်အိပ်စွပ်ထားခြင်းကြောင့် အဆိပ်ရှိမှန်း သိရှိလိုက်ကြခြင်း ဖြစ်ပါသည်။ လက်နက်ပုန်းများသည် လွင့်ပျံလာပြန်၏။

ကျောက်ဂူသည် လက်နက်ပုန်း ၁၂ ခုကို ရှောင်နိုင်သည် ဖြစ်သော်လည်း နောက်ထပ် ပစ်လွှင့်သော အဆိပ်သဲပွင့်တို့ကိုမူ

မရှောင်နိုင်ပါ။

အဆိပ်သဲပွင့်တို့သည် ထန်မိသားစု၏လက်နက်ပုန်းထဲတွင် အဆိပ်အပြင်းဆုံးသောလက်နက်ဖြစ်၏။

အဆိပ်သဲပွင့်သည် မည်သို့သောဆိုးကျိုးကို ပေးနိုင်ပါသနည်း။

သဲပွင့်တို့ ထိမှန်သည်နှင့် ကိုယ်ခန္ဓာမှာ ပုပ်သိုးနိုင်သည်။

ဤလှုပ်ရှားမှုသည် အစီအစဉ်ဖြင့် လှုပ်ရှားမှုဖြစ်၏။ အစီအစဉ်မှာ သေသေသပ်သပ်ကျကျနန ရေးဆွဲထားသော အစီအစဉ်ဖြစ်သည်။

အစီအစဉ်ဆိုသည်မှာ စာရွက်ပေါ်က အစီအစဉ်ဖြစ်ပါသည်။

စာရွက်ပေါ်ကအစီအစဉ်နှင့် ပြင်ပကလှုပ်ရှားမှုသည် မည်သည့်အခါမျှ တစ်ထပ်တည်းမဟုတ်ပါ။ မည်သည့်အခါမှ တစ်ထပ်တည်းမကျပါ။

မည်သူက မည်သို့လှုပ်ရှားသည်။ မည်သူက မည်သို့နောက်ဆုတ်သွားသည်။ မည်သူက ထပ်မံဝင်ရောက်လာမည်။ မည်သည့်လက်နက်ပုန်းကို သုံးမည်။ မည်သူက မည်သို့ တိုက်ခိုက်မည် စသဖြင့် တိတိကျကျရေးဆွဲထားမည်သာ ဖြစ်ပါသည်။



တကယ်တမ်း လှုပ်ရှားသောအခါ လှုပ်ရှားရမည့်သူများ၏ အဝင်အထွက်နှေးမှု၊ အစီအစဉ် မကျဘဲ အဝင်အထွက်မှားမှုတို့မှာ အစီအစဉ်ရေးဆွဲသည့်လူများ၏ လှုပ်ရှားမှုအမှားတို့ပင်။ အစီအစဉ်ကို လွဲချော်စေတော့သည်။

သူတို့က အကောင်းဆုံးအစီအစဉ်ကို ရေးဆွဲထားသော်လည်း ထိုအစီအစဉ်သည် မမျှော်လင့်သောအကြောင်းကလေးကြောင့် အလွဲလွဲအချော်ချော်ဖြစ်ရလေတော့သည်။

ကံတရားကလည်း ဤအစီအစဉ်ဆွဲမှုကို လွဲချော်စေနိုင်သည်။

ယခု ...

သူတို့သည် သေချာသောအစီအစဉ်ကို ရေးဆွဲ၍ ကျောက်ဂူကို တိုက်ခိုက်ခြင်းဖြစ် သည်။

ဤနေရာ၌ လုပ်ဆောင်မှု လူရွေးမှားခြင်းသည် အစီအစဉ်ကို ပျက်စေသောအကြောင်း ဖြစ်ခဲ့လေ၏။

အကယ်၍သာ ကျောက်ဂူသည် ဆိုင်လုလင်ဟန်ဆောင်သောလူကို မမှတ်မိလျှင် အစီအစဉ်မှာ အောင်မြင်နိုင်မည်။ ဤဆိုင်လုလင်အစား အခြားဆိုင်လုလင်ကို ရွေးမိလျှင် သူတို့အစီအစဉ် အောင်မြင်မည်သာ ဖြစ်၏။

ယခု အောင်မြင်မည့် တဒင်္ဂအချိန်မှာ အစီအစဉ်တစ်ခုလုံးကို ပျက်ပြားစေသောအကြောင်းတစ်ခု ပေါ်လာသည်။

ကျောက်ရူ မှတ်မိသောလူမှာ သူ၏မင်္ဂလာပွဲနေ့မှာ စန်ကွမ်နှင့်အတူပါလာသော စုချွမ်နယ်သားပင်ဖြစ်၏။

ထိုစုချွမ်နယ်သားကို ကျောက်ရူ အမှတ်မထင်တွေ့ခဲ့ခြင်းဖြစ်သည်။

ထိုလူသည် သူ၏အိမ်တွင် ရက်အနည်းငယ်နေခဲ့သည်။ အမှန်တော့ သူသည် ထိုစုချွမ်နယ်သားကို ဂရုမပြုမိပါ။ ထိုလူ၏ခေါင်းတွင် အဝတ်ဖြူစည်းထားသောကြောင့် အနည်းငယ် သတိထားမိခဲ့ခြင်းသာ ဖြစ်ပါသည်။

ထိုအနည်းငယ်သတိထားမိခြင်းက ကံကောင်းသွားခြင်းဖြစ်သည်။ ထိုသတိကြောင့် သူ၏အသက်ကို ကယ်နိုင်ခြင်းဖြစ်သည်။

သူတို့လှုပ်ရှားမှုမပြုခင် ဦးသွားသောကြောင့် သူတို့၏အကြံအစည်တို့မှာ ပျက်သွားခြင်းဖြစ်၏။

သူသည် အချိန်ကိုက်ထခုန်လှုပ်ရှားမိခဲ့ခြင်းက လက်နက်ပုန်းပစ်သူမှာ အတိအကျမပစ်နိုင်ခဲ့ခြင်းသာ ဖြစ်ပါသည်။

သူသည် လေထဲမှ ခုန်၍ ထိုလူထံသို့ ခုန်အုပ်လိုက်သည်။ ထိုလူသည် လက်နက်ပုန်းဖြင့် ပစ်သော်လည်း လွဲသွား၏။



သို့သော် ထိုလူကတော့ ကံမကောင်းပါ။

သူ၏လက်သီးသည် ထိုလူ၏ရင်ဝသို့ သွင်းရာ ထိုလူ၏နံရိုးသုံးချောင်းသည် ကျိုးသွား၏။ ထိုလူသည် သူ့ကို အကာအကွယ်ပေးသော ဒိုင်းလည်း ဖြစ်သွားခဲ့၏။

စားဖိုမှူးနှစ်ယောက်က လက်နက်ပုန်းကို ပစ်သောအခါ သူက ထိုလူကိုဖမ်း၍ ကျောဖြင့်ခံပေး၏။ ထိုလူ ကျောကော့သွားတော့သည်။

လက်နက်ပုန်း ၉ ခု မရှင်းနိုင်တော့ပါ။

ထိုလူမှာ အသက် မရှင်နိုင်တော့ပါ။ ထိုလူသည် မြေပေါ်သို့ လဲကျသွား၏။ သူ့အဖို့ အသက်ဆုံးရခြင်းသာ ကောင်းပါသေးသည်။ အဆိပ်လက်နက်ပုန်းများက သူ့ဇီဝိန်ကို ချွေသွားပါလိမ့်မည်။

သို့သော် သတိရသေး၏။ အဖော်ဖြစ်သည့် စားဖိုမှူးနှစ်ယောက်၏အရိုးတို့ ကျိုးသွားသည့်အသံကို ကြားရ၏။ ထိုနှစ်ယောက်သည် မချိမဆံ့ ဒုက္ခရောက်သွားလေပြီ။ တစ်ခဏကြာမှ တဖျန်းဖျန်းအသံ ကြားရ၏။

တကယ်တော့ ...

ပါးရိုက်စစ်မေးနေခြင်းသာတည်း။

"စန်ကွမ် ဘယ်မှာလဲ ... ပြောစမ်း"

ထိုအသံမှာ စစ်ဆေးသူ၏မေးမြန်းသံပင် ဖြစ်ပါလိမ့်မည်။

ဤသည်မှာ သူနောက်ဆုံးကြားရသောအသံပင် ဖြစ်ပါလေ၏။ ထို့နောက် သူသည် နက်ရှိုင်းသောချောက်ထဲသို့ ကျသွားသည်ဟု ခံစားလာမိပြီး လုံးဝသတိမရတော့ချေ။

✱ ✱ ✱



## အခန်း (၅၁)

## အဆိပ်လက်နက်ပုန်းဒဏ်

ကျောက်ဂူသည် မေး၍မရသဖြင့် စိတ်ပျက်စွာ ထရပ်၏။ ထို့နောက် အခန်းထောင့်တွင် ရပ်ကြည့်နေသည့် လောက်တနှင့် လောက်ပထံသို့ တစ်လှမ်းချင်း လှမ်းသွားလေ၏။ သူ့ခြေလှမ်းများမှာ တစ်လှမ်းချင်း ဖြစ်ပါသည်။ သူ၏မျက်နှာတွင် သွေးမရှိဘဲ ဖြူဖပ်ဖြူရော်ဖြစ်နေ၏။

သို့သော် သူတို့ခန္ဓာကိုယ်များပေါ်၌ကား အခန်းထဲမှ ဒဏ်ရာရသွားသူများ၏သွေးများပေနေ၏။

သူတို့ထိတ်လန့်ကြရမည်သာ ဖြစ်ပါသည်။

အဘယ်ကြောင့်ဆိုသော် ... မိမိတို့၏အစီအစဉ် ပျက်စီးသွားသောကြောင့်တည်း။

ကျောက်ဂူမှာ တစ်လှမ်းချင်း လျှောက်နေရသော်လည်း အားတင်းနေရ၏။

အဘယ်ကြောင့် အားတင်းနေရပါသနည်း။

ဖြစ်ပုံမှာ ...

သူ့မျက်နှာပေါ်တွင် အဆိပ်သဲပွင့် တစ်ပွင့်နှစ်ပွင့်နှင့် ခြစ်မိသွားသည်ကို သိရှိလိုက်ရသည်။

အဘယ်ကြောင့်ဆိုသော် ...

မျက်နှာပေါ်၌ စပ်ဖျင်းဖျင်းဖြစ်နေသည်ကို သိလိုက်သောကြောင့်တည်း။

ဆူးပါသည့် လက်နက်ပုန်းတစ်ခုက ပခုံးထဲသို့ စိုက်ဝင်နေသည်ကိုလည်း သူသိ၏။

တစ်ယောက်နှင့်အများဖြစ်နေ၍လည်းကောင်း၊ အစီအစဉ်တကျ ရေးဆွဲထားသောဖြစ်ရပ်ဖြစ်နေခြင်းကြောင့်လည်းကောင်း သူ ဤသို့ဒဏ်ရာရခြင်းဖြစ်သည်။

သို့သော် ...

သူ ပို၍နားလည်သည်မှာ မိမိအဆိပ်ပုန်း ထိမှန်သွားသည်ကို မည်သူမှ အသိမပေးရန်ဖြစ်၏။

ရန်သူမှန်သမျှကို ဖုံးကွယ်ထားရပေလိမ့်မည်။ ယခု ပခုံး၌ စိုက်ဝင်နေသည့် လက်နက်ပုန်း၏အဆိပ်မှာ တန်ခိုးပြမလာမီ ဟန်မပျက် တောင့်ခံနိုင်မှ အသက်ရှည်မည်ကို နားလည်၏။ သူသည်



လမ်းလျှောက်နေသော်လည်း အင်အားကုန်ခန်းနေပြီဖြစ်၏။ တဖြည်းဖြည်း တက်လာသည့်အဆိပ်ကြောင့် ကိုယ့်ကိုယ်ကိုယ်ပင် မနည်းရပ်နေရ၏။ အကယ်၍ လောက်ပတို့က သိရှိသွားပါလျှင် သူမှုချပင် အသက်ဆုံးရှုံးရမည်သာ ဖြစ်သည်။

လောက်ပနှင့် လောက်တတို့က ဤအစီအစဉ်ကို စီစဉ်ပေးခြင်းဖြစ်ကြောင်း သူသိလိုက်မိသည်။ လောက်ပ၏လက်ဖဝါးနှင့် တစ်ကိုယ်လုံးမှာ ချွေးများစိုနေ၏။ သူသည် ပထမတည်းခိုခန်း၌ပင် ကျောက်ဝူကို ရှုံးခဲ့ဖူးသည်။ ယခုလည်း ရှုံးနေပြန်ပြီ။ မကြာမီ တဒင်္ဂအချိန်အတွင်း ဖြစ်ပျက်နေသည့်မြင်ကွင်းသည် အိပ်မက်များလားဟု သံသယဖြစ်မိသည်။ အရိုးကွဲအက်သွားသည့်အသံများ၊ စူးရှစွာ အော်ဟစ်သည့် အသံများ၊ ဝေဒနာကို အလူးအလိမ့်ခံရ၍ ညည်းညူသည့်အသံတို့သည် နားမခံသာအောင် ကြားခဲ့ရ၏။

ယခုမှာမူ ထိုအမင်္ဂလာအသံများမှာ ငြိမ်သက်သွားပြီ ဖြစ်သည်။ တစ်ခန်းလုံး ငြိမ်သက်ခြင်းကြီးစိုးသွားပြီ ဖြစ်ပါသည်။ အခန်းထဲတွင် သွေးစိမ်းနံ့များ လှိုင်နေ၏။ ထိုအနံ့များသည် ကျွဲနွားများသတ်ဖြတ်ရာ၌ ပေါ်လာသောအနံ့များကဲ့သို့ ညှီနံ့ဖြစ်ပေါ်နေသည်။

လောက်ပသည် အော့အန်ချင်လာ၏။ အခန်းထဲမှ ပြေးထွက်သွားချင်၏။ သို့သော် သူက မပြေးဝံ့ပါ။ မအော့အန်ဝံ့ပါ။

အဘယ်ကြောင့်ပါနည်း။ အကြောင်းမှာ ကျောက်ဂူ က သူတို့ရှေ့တွင် ရပ်နေသောကြောင့်တည်း။

"ဘယ်သူ့ရဲ့အကြံလဲ"

ကျောက်ဂူက အသံတိုးတိုးထွက်လာ၏။ သို့သော် အသံက အေးစိမ့်လှ၏။ သူတို့သည် အသက်သေတော့မည်ဟုသိပြီး ကြောက်သေးပါနေသည်။ မည်သူကမျှ ပါးစပ်မဟနိုင်ပါ။ မည်သူကမျှလည်း ဝန်မခံနိုင်ပါ။ ဝန်မခံချင်၍မဟုတ်ပါ။ ကျောက်ဂူ မဲ့ပြုံးပြုံးလိုက်၏။ သူက ပြောလိုက်၏။

"ငါ့ကို သတ်ချင်ရင် အခုလည်း သတ်လို့ရပါတယ်၊ မင်းတို့ ဒီလိုကြီးကြီးကျယ်ကျယ် စီစဉ်စရာမလိုပါဘူး"

လောက်ပတို့က တုတ်တုတ်မျှ မလှုပ်ပါ။ ကျောက်ဂူက နောက်သို့ ဖြည်းလေးစွာ လှည့်လိုက်၏။ ထို့နောက် တံခါးပေါက်ရှိရာသို့ တစ်လှမ်းချင်း ထွက်သွားလေတော့၏။ ယင်းနောက် ခြေလှမ်းရပ်၍ လှည့်ကြည့်၏။ ထို့နောက် ကြိမ်းမောင်းလိုက်သည်။

"သူတို့ကို ကျူပ်လုပ်လိုက်တာ မင်းတို့ တွေ့တယ်မဟုတ်လား"

သူသည် ခေါင်းယမ်းပြီးဆက်ပြောလေ၏။

"မင်းတို့ကို ကျူပ်မသတ်လိုက်တာ ကျူပ်သတ်လောက်



အောင် ခင်ဗျားတို့က အဆင့်မမီလို့ဆိုတာ မင်းတို့ သိထားကြပေတော့"

သူသည် စကားဆုံးသည်နှင့် တစ်လှမ်းချင်းလှမ်းထွက်သွား၏။ အမှန်တော့ သူက ရှိသမျှအင်အားကို စုစည်းပြီး ခြေလှမ်းမယိမ်းယိုင်ရအောင် ထိန်းထားရမည် မဟုတ်ပါလော။ သူတို့ကို သူ မသတ်နိုင်တော့ပါ။ သတ်ရန်အင်အားထုတ်လိုက်သည်နှင့် သူ ပုံလဲကျသွားတော့မည် မဟုတ်ပါလား။ ဒဏ်ရာရရှိသည့်နေရာမှာ နာကျင်ခြင်းတော့ လုံးဝမရှိပါ။ သို့သော် ဆတ်ခနဲဆတ်ခနဲဖြစ်နေ၏။ ပုရွတ်ဆိတ်ကိုက်သည့်အလား ယားကျိကျိခံစားနေရ၏။

သို့သော် ဦးခေါင်းကတော့ ထိုသို့မဟုတ်ပါ။ သူ၏ဦးခေါင်းမှာ မူးလာပြီး မျက်လုံးများ ဝေလာသည်။ သူ အဆိပ်ဒဏ်ကို စတင်ခံစားနေရပေပြီ။ ထန်မိသားစု၏လက်နက်ပုန်းများသည် ကျော်ကြား၍ ကြောက်စရာလည်းကောင်း၏။ အသက်ကိုလည်း ချွေတတ်၏။

ညစုချွန်စားသောက်ဆိုင်တွင် မိမိအား တိုက်ခိုက်လိုက်သော စားဖိုမှူးနှစ်ယောက်အပြင် အလွန်သန့်ရှင်းစွာ ဝတ်ဆင်ထားသော စားဖိုမှူးသုံးယောက် ကျန်ရှိနေသေး၏။ ဤသို့ ဖြစ်နေရခြင်းကိုလည်း ကျောက်ဂူတစ်ယောက် ကောင်းစွာသိနေသည်။ အဆိပ်အသုံးပြုသောလူတို့သည် အခြားလူ က် သန့်ရှင်းနေတတ်ကြသည်

မဟုတ်ပါလော။ ယခုတော့ အခန်းထဲရှိ လောက်တနင့်လောက်ပတ္တိုး တစ်ပါး အခြားသူတစ်ယောက်မှ မရှိတော့ပါ။ ကျောက်ဂူသည် ရင်ကော့၍ လျှောက်သွားသည်။ မည်သူ့ကိုမျှ စောင်းငဲ့ကြည့်မနေချေ။

"တောင့်ထား ... တောင့်ထား"

သူ့ကိုယ်သူ အားပေးနေရသည်။ အားမပေး၍မဖြစ်ချေ။ ဤအခန်းထဲ၌ သူလဲကျသွားလျှင် သေလူဖြစ်ပြီ။ ရှေ့ဆက်လျှောက်ရမည်သာ ဖြစ်သည်။ ကျောက်ဂူ၏ဆန္ဒတစ်ခုရှိသည်။ သူအသက်သေရသည့်တိုင် ရှန်သူရှေ့တွင် မသေလိုပါ။ ဤသည်မှာ သူ့၌ အမြဲတမ်းရှိခဲ့သောဆန္ဒ ဖြစ်ပါသည်။

ယခု မည်သူမျှ သူ့အား မဟန့်တားဝံ့ပါ။ မည်သူ ဟန့်တားပါမည်နည်း။ အကြမ်းဖက်သိုင်းသမားအားလုံး ပြိုလဲကြကုန်လေပြီ။ သူ၏စွမ်းရည်ကို မျက်မြင်ကိုယ်တွေ့ တွေ့မြင်ခဲ့ပြီ မဟုတ်ပါလော။ သူသည် စချွမ်စားသောက်ဆိုင်မှ ထွက်လာပြီ ဖြစ်သည်။ သူ့ကို ဟန့်တားဝံ့သူ မရှိသလို တစ်ယောက်မျှလည်း သူ့နောက်သို့ မလိုက်ဝံ့ကြပါ။ ရှေ့သို့ အတားအဆီးမရှိ လျှောက်နေ ပြီဖြစ်သည်။

တစ်လှမ်း ... နှစ်လှမ်း ... သုံးလမ်း ... လေးလှမ်း ...။

သို့သော် မည်မျှဝေးဝေး လျှောက်နိုင်ဦးမည်နည်း။ နေ့လယ်ခင်းဖြစ်၍ နေရောင်ခြည်သည် တောက်ပနေ၏။ သို့သော်



ကျောက်ဂူ၏မြင်ကွင်းသည် ဝိုး၍ဝိုး၍ မှောင်မည်းလာ၏။ လမ်းပေါ်၌ သွားလာလှုပ်ရှားနေသည့် လူများကို သူ၏အမြင်မှာ လူရိပ်မျှသာ တွေ့ရသည်။ အားလုံး တရိပ်ရိပ်လှုပ်ရှားနေကြသည်။ သို့သော် လူလုံးမကွဲချေ။ သူသည် ရထားလုံးတစ်စင်းနှင့် သွားမှဖြစ်တော့မည်ဟု နားလည်လိုက်၏။ မြင်းမစီးနိုင်မှန်း သူသိသည်။

ထို့ကြောင့် မြင်းကို သူ မရှာချေ။ ရထားလုံးကိုသာ ရှာသည်။ သို့သော် တစ်စီးမှ ရှာမတွေ့ပါ။ အမှန်တော့ ရထားလုံးမရှိ၍ မဟုတ်ပါ။ ရထားလုံးများက ဥဒဟို သွားလာနေကြပါသည်။ သူ့ရှေ့မှ ဖြတ်ကျော်သွားသော ရထားလုံးများကို မမြင်တွေ့ခြင်းကြောင့် ဖြစ်သည်။ ရိပ်ရိပ်ရိပ်ရိပ်နှင့် မည်သည့်အရာဖြစ်နေသည်ကိုပင် သူ မသိတော့ချေ။ သူသည် မည်မျှ လျှောက်လာမိသည်ကိုလည်း သတိမရလိုက်ပါ။ သူသည် ဒယီးဒယိုင် နှင့်ရှေ့လျှောက်လာမိ၏။ ထိုစဉ် ...

"ဟင်"

ရုတ်တရက် လူတစ်ယောက်နှင့် ပက်ပင်းတိုးတိုက်မိ၏။

"ဘယ်လိုလဲ ... လူကို မမြင်ဘူးလား"

ထိုလူက သူ့အား မေးမြန်းနေသည်ဟု သူက ထင်မိ၏။ သို့သော် ထိုလူမေးသည့်မေးခွန်းကို သူက ပီပြင်စွာမကြားနိုင်ဘဲ

အသံလုံးထွေးပြီး အဝေးသို့ ရောက်နေသည်ဟု ခံစားမိသည်။ မြင်ကွင်းသည် နီးလိုက်ဝေးလိုက်ဖြစ်နေ၏။ အသံသည် တိုးလိုက်၊ ကျယ်လိုက် ဖြစ်နေ၏။ ဤလူသည် မည်သူဖြစ်ပါသနည်း။ သူ၏ရန်သူပင်လော။ သူက မျက်လုံးအားယူပြီး ဖွင့်ကြည့်၏။ ထိုလူမှာ သူနှင့် အနီးကပ်ရှိ၏။ သို့သော် သဲသဲကွဲကွဲ မြင်နိုင်စွမ်းမရှိပါ။ ထိုလူက ရယ်မောရင်း အသံထွက်လာ၏။

“ငါက စီဝမ်ပဲ့ ... မင်း ငါ့ကိုမမှတ်မိတော့ဘူးလား”

သူ့နားထဲသို့ ထိုအသံသည် ကျယ်လောင်စွာ ဝင်လာ၏။ ကျောက်ဝူက ရယ်မောလေတော့၏။ သူ့ရယ်သံက မဆုံးနိုင်ပါ။ သို့သော် သူသည် စီဝမ်၏ပခုံးနှစ်ဖက်ကို အတင်းဖမ်းဆုပ်ထား၏။ သူ အလွန်အားတက်သွားသဖြင့် သတိကောင်းသလို ဖြစ်လာ၏။

“ကျုပ် ... ကျုပ်နဲ့ ကိုယ်စောင့်နတ်နဲ့ အလောင်းအစားလုပ်ထားတာကို ခင်ဗျားသိရဲ့လားဗျာ”

စီဝမ်က ခပ်ကျယ်ကျယ်ပင် မေးသည်။ သူသည် အမြဲတမ်း နူးညံ့ညင်သာစွာ မပြောတတ်ချေ။

“ဘာကြောင့်လဲ”

ကျောက်ဝူက ပြုံး၍ပြောလိုက်၏။

“ခင်ဗျား ကျုပ်ကို လိုက်ရှာလိမ့်မယ်လို့ လောင်းထားတယ်

လေ”

သူ ပြုံးသည်မှာ အပြုံးမပီပြင်ပါ။ မဲ့ပြုံး ဖြစ်နေပါသည်။ သူက ပြုံး၍ စကားဆက်သည်။

“အခု ကျုပ်နိုင်ပြီ”

စကားဆုံးသည်နှင့် သူ၏ခန္ဓာကိုယ်သည် လဲကျသွားလေတော့၏။

✺ ✺ ✺

## အခန်း (၅၂)
## ကယ်တင်သူ၏မျက်နှာ

စုချွန်ပြည်မှ ထန်မိသားစုဆိုသည်မှာ သိုင်းပညာတစ်မူထူးခြားသော ဂိုဏ်းတစ်ဂိုဏ်းမဟုတ်ပါ။

ရှောင်လင်၊ ဖူတန်းနှင့် ခွန်းလွန် တို့ကဲ့သို့ နာမည်ကျော်သော ဂိုဏ်းတစ်ခုလည်း မဟုတ်ပါ။

တဖုန်ထန်ဘုံကျောင်းကဲ့သို့ အဖွဲ့အစည်းတစ်ခုလည်း မဟုတ်ပါ။

လျှို့ဝှက်သော အဖွဲ့အစည်းတစ်ခုလည်း မဟုတ်ပါ။

မိသားစုတစ်စုမျှသာ ဖြစ်ပါသည်။

သို့သော် ...

ထိုမိသားစုသည် သိုင်းလောကတွင် မားမားမတ်မတ်ရပ်တည်နိုင်သည်မှာ နှစ်ပေါင်းနှစ်ရာကျော်ပြီဖြစ်၏။

မည်သည့်ဂိုဏ်း၊ အဖွဲ့အစည်းကမှ ထန်မိသားစုပိုင်နက်သို့



ခြေတစ်လှမ်းမှ မကျူးဝံ့ကြပါ။ သူတို့ကို လေးလေးစားစားပင် ဆက်ဆံကြပါသည်။

အကြောင်းမှာ ...

ထန်မိသားစု၏ အဆိပ်ပါသောလက်နက်ပုန်းမှာ အလွန့်အလွန် ကြောက်စရာကောင်းလှသောကြောင့် ဖြစ်သည်။

ထန်အဆိပ်လက်နက်ပုန်း သိုင်းလောကတစ်ခုလုံးတွင် ကျော်ကြားနေခဲ့သည်မှာ နှစ်ပေါင်းနှစ်ရာခန့်မျှ ရှိနေလေ၏။

ထန်မိသားစုကိုယ်ပိုင်တိုက်တွင် ထားသော လက်နက်မှာ (၇) မျိုးရှိသည်။ ထိုလက်နက်ပုန်း (၇)မျိုး လုံးကို သိုင်းလောကသားတို့ မသိရှိကြပါ။

သို့သော် သိုင်းလောကသည် လက်နက်ပုန်းသုံးမျိုးတည်းသာ တွေ့မြင်နေကြသည်။

လက်နက်ပုန်းသုံးမျိုးမှာ အဘယ်သို့နည်း။

ထိုသုံးမျိုးမှာ အဆိပ်ပြင်းထန်သော အပ်ချောင်းများ၊ ဆူးလုံးများနှင့် သက်ခြေသဲပွင့်များ ဖြစ်ကြသည်။

သုံးမျိုးမျှသာရှိသော်လည်း သိုင်းလောကသားများက အသံကြားလိုက်ရုံနှင့် ထိတ်လန့်တုန်လှုပ်တတ်ကြသည်။

အကြောင်းမှာ ...

မည်သူမဆို သူတို့၏လက်နက်ပုန်း (၃) မျိုးအနက် (၁) မျိုးကိုသာ ထိသွားပါလျှင် သေမင်းကိုသာ စောင့်မျှော်ရတော့မည် ဖြစ်၏။"

လူတိုင်း ထန်မိသားစု၏လက်နက်ပုန်းကို ကြောက်ရွံ့နေကြသည့် အဓိကအချက်မှာ ထန်မိသားစု၏အဆိပ်လက်နက်ပုန်းများသည် အခြားဂိုဏ်း၏အဆိပ်လက်နက်ပုန်းထက် ပို၍ကြောက်စရာကောင်းသောကြောင့်ဖြစ်၏။

ထန်အဆိပ်လက်နက်ပုန်းသည် ချက်ချင်းသေစေနိုင်သလော။

ထန်မိသားစု၏ အဆိပ်လက်နက်ပုန်းတစ်မျိုးမျိုး ထိမှန်လိုက်လျှင် ချက်ချင်းသေဆုံးနိုင်မည်မဟုတ်ပါ။ ဤသည်ကပင် သူ့ကို ပို၍ ကျော်ကြားနေစေခြင်းဖြစ်သည်။

ချက်ချင်းသေသွားလျှင် သေမှာမကြောက်သော သိုင်းလောကသားအတွက် အဆန်းမဟုတ်ပါချေ။ ရရှိထားသောဒဏ်ရာမှ အနာသည် တဖြည်းဖြည်း ပုပ်ပွလာ၏။ တစ်ကိုယ်လုံး အနာများဖြစ်ပြီး ပုပ်ပွခြင်းဖြစ်သည်။ အဆိပ်ဒဏ်ကို မထိတရိခံစားရခြင်း ဖြစ်ပါသည်။ အဆိပ်သည် တစ်စနှင့်တစ်စ တစ်ကိုယ်လုံးပျံ့နှံ့လာပြီး ရက်ပေါင်းများစွာကြာအောင် ဒုက္ခဝေဒနာကို အလူးအလိမ့်ခံစားပြီးမှ



သေဆုံးတတ်၏။

ဤသို့ဆိုလျှင် ထန်မိသားစု၏အဆိပ်လက်နက်ပုန်းအတွက် ဖြေဆေးမရှိတော့ပြီလော။

"ဖြေဆေး"

အဆိပ်တစ်ခုထင်ရှားလာပြီဆိုလျှင် သူနှင့်တွဲ၍ ဖြေဆေးကို ရှာဖွေကြရသည်။ ဖြေဆေးရှိလျှင် အဆိပ်သည် နာမည် သိပ်မကျော်ပေ။ ဖြေဆေးမရှိသော အဆိပ်မှာ နာမည်ကျော်သည်။

ယခု ...

ထန်မိသားစု၏အဆိပ်လက်နက်ပုန်းတွင်လည်း အဆိပ်ဖြေဆေးရှိ၏။ သို့သော် ထိုဖြေဆေးဖော်စပ်သော နည်းစနစ်ကို ထိပ်တန်းလျှို့ဝှက်ချက်အဖြစ် သူတို့က လျှို့ဝှက်ထားကြသည်။ ထန်မိသားစုကလွဲ၍ မည်သူကမျှ ထိုလျှို့ဝှက်ချက်ကို သိနိုင်ကြမည်မဟုတ်ပါ။

ထို့အပြင် ထန်မိသားစု၏လူများထဲတွင် ထိုလျှို့ဝှက်ချက်ကို သိထားသူမှာ သုံးယောက်ထက်မပိုပါ။

ဤသည်မှာလည်း လျှို့ဝှက်ချက်ကို ပို၍တင်းကျပ်ထားသည့် သဘောသာဖြစ်၏။

အကယ်၍ သင်သည် အဆိပ်လက်နက်ပုန်းထိမှန်သွား

လျှင် ထိပ်တန်းလျှို့ဝှက်ချက်ကို သိရှိထားသော ထိုလူသုံးယောက်ထဲသို့ သွားရောက်တောင်းခံရပါမည်။ ထန်မိသားစုထံသို့သွားလျှင်မည်သည့်မိသားစုဝင်သည် လျှို့ဝှက်ချက်ကို ထိန်းထားသူဖြစ်ပါသနည်းဟု စုံစမ်းရပါမည်။

ထိုသို့စုံစမ်းနေချိန်တွင် ထိုလူသည် အဆိပ်ဒဏ်ကို အပြင်းအထန် ခံစားရပါမည်။ ထိုထိပ်တန်းလျှို့ဝှက်ချက်ကို သိထားသောလူသုံးယောက်သည် မည်သူမည်ဝါဖြစ်သည်ကို သိရှိနိုင်မည်မဟုတ်ပါ။ လိုက်လံရှာ၍ တွေ့ရှိခဲ့သော် သူတို့က ဖြေဆေးပေးလိမ့်မည်မဟုတ်ပါ။ ထို့ကြောင့် ထိုအဆိပ်ဖြေဆေးရမည့်အခက်အခဲမှာ မြင်းမိုရ်တောင်ထက်သို့ တက်ရသကဲ့သို့ ခက်ခဲလှပါသည်။

ထို့ကြောင့် ...

သင်သည် ထန်မိသားစု၏လက်နက်ပုန်း ထိမိသွားလျှင် သေမည့်ရက်ကို စောင့်မျှော်ရမည်ကလွဲ၍ အခြားနည်းလမ်းမှ မရှိတော့ပါ။

ထန်လက်နက်ပုန်း၏အဆိပ်ဒဏ်မှာ ဤမျှ ကြောက်စရာကောင်းသည်။

သူတို့သည် ထိုကြောက်စရာဆိုသည့်အချက်ကို နှစ်ပေါင်းနှစ်ရာမျှ ထိန်းသိမ်းနိုင်ခဲ့ကြပါသည်။



ကျောက်ဝူက ထန်မိသားစု၏အဆိပ်ကို ထိမိထားခြင်းဖြစ်၏။ သို့သော် သူ မသေသေးပါ။ သူ သတိမေ့နေသည့်အချိန်တွင် ခန္ဓာကိုယ်တစ်ခုလုံး ငြိမ်သက်ခြင်းမရှိဘဲ လှိုင်းတံပိုးထနေသော ပင်လယ်ရေပြင်ပေါ်တွင် လှေတစ်စင်းဖြင့် ကြိုးစားလှော်ခတ်နေသည်နှင့် တူနေ၏။ ဤကား သတိမရသောအပိုင်းဖြစ်ပါသည်။

သူက သတိရလာသောအခါတွင် မူ အိပ်ရာတစ်ခုပေါ်တွင် ငြိမ်သက်စွာ လဲလျောင်းနေသည်ကို သိမြင်လိုက်ရတော့သည်။ စီဝမ်သည် သူ့အိပ်ရာ၏နံဘေးတွင် ထိုင်နေ၏။ စီဝမ်၏မျက်နှာမှာ အေးချမ်းနေသည်မဟုတ်ပါ။ သူ့မျက်နှာ၌ စိုးရိမ်မှုပေါ်နေပါသည်။ သူသည် ကျောက်ဝူ၏မျက်နှာကို စိုက်ကြည့်နေ၏။ စီဝမ်သည် နှလုံးသားမဲ့သူတစ်ဦး မဟုတ်ပါ။ သူ၏မျက်နှာပေါ် တွင် ဖော်မပြနိုင်သော ဟန်မူရာများ ဖြစ်ပေါ်နေ၏။

သူသည် ကျောက်ဝူကို ရှောင်လို၏။ ရထားလုံးပေါ်တွင် တွေ့မြင်ခဲ့ပြီးဖြစ်ပါသည်။ ကျောက်ဝူ မျက်လုံးဖွင့်လိုက်သည်ကို မြင်တွေ့လိုက်သောအခါ လူထူးလူဆန်းဖြစ်သော စီဝမ်သည် ကလေးတစ်ဦးပမာ ပြုံးရွှင်လာ၏။ သူသည် အဆိပ်မိလာသော ကျောက်ဝူအတွက် အလွန်ပင် ပူပန်ခဲ့ရသည်။ သူသည် ကျောက်ဝူအား ပြောပြလိုက်၏။ သူက ကျောက်ဝူအား ပြန်လည်ချေပခြင်းဖြစ်သည်။

"ငါနဲ့ ငါ့ကိုယ်စောင့်နတ် ဘာတွေလောင်းထားတယ်ဆိုတာ မင်းသိရဲ့လား"

ကျောက်ဂူက သတိရခါစဖြစ်သော်လည်း စီဝမ်အား ခပ်တည်တည်ကြီးနောက်ပြောင်သည်။

"ခင်ဗျားရဲ့ကိုယ်စောင့်နတ်နဲ့ မလောင်းရဘူးဗျ၊ မိုးနတ်မင်းကြီးနဲ့ လောင်းသင့်တာ"

စီဝမ် ထိတ်ထိတ်ပျာပျာဖြစ်သွား၏။ ကျောက်ဂူအား ဆူပူသည်။

"မင်း ဘယ်လိုကောင်လဲ၊ မိုးနတ်မင်းကြီးကို နောက်ပြောင်စရာမှတ်နေလား"

ကျောက်ဂူက တောင်းပန်လိုက်၏။

"ကျွန်တော့်ကို ခွင့်လွှတ်ပါဗျာ၊ ကျွန်တော် အနောက်လွန်သွားတာပါ"

"မင်း မိုးနတ်မင်းကြီးကို ထည့်မနောက်ပါစေနဲ့"

"ကျွန်တော် တောင်းပန်ပါတယ်ဗျာ"

"ငါ မင်းကို အသက်သေမသွားအောင် ကုနိုင်တယ်လို့ လောင်းခဲ့တာကွ၊ မင်း အသက်မသေပါဘူး"

သူသည် စကားကို ခေတ္တရပ်ပြီးမှ ဆက်ပြောလေ၏။



"အခုတော့ ငါနိုင်ပြီ"

ကျောက်ဂူသည် ပြန်လည်အိပ်ပျော်သွားလေ၏။

✱

ကျောက်ဂူသည် အားဆေးများသောက်ရ၏။ စီဝမ်သည် မဟုတ်သည့်ကိစ္စများ အတော်လုပ်သည်ဖြစ်သော်လည်း ကျောက်ဂူကိုတော့ ဂရုစိုက်သည်။ ဆန်ပြုတ်အချိုပြုတ်ထားသည်ကို သောက်ရ၏။ သောက်ရသည်မှာလည်း ကောင်းပါ၏။ ကျောက်ဂူသည် ဆန်ပြုတ်တစ်ပန်းကန် သောက်ချပြီးနောက် အခန်းတစ်ခုလုံးကို ငေးကြည့်လိုက်၏။ စေ့စေ့စပ်စပ် လျှောက်ကြည့်သည်။

အခန်းထဲတွင် အသုံးအဆောင်များ ပြည့်စုံနေ၏။ ကျောက်ဂူက ၎င်းအိမ်သည် စီဝမ်၏အိမ် မဟုတ်မှန်း ခန့်မှန်းမိ၏။ စီဝမ်သည် ဤသို့စနစ်တကျနေသည့်သူမျိုး မဟုတ်ပေ။ စီဝမ်၏စရိုက်ကို သူသိသည်။ စီဝမ်သည် လောင်းတိုင်းရှုံးတတ်သော ကစားသမားဖြစ်၏။ သူ့ကံတရားသည် ကျောက်ဂူနှင့်ဆန့်ကျင်ဖက်ဖြစ်လေရာ သူလောင်းကစားသည့်တန်ဖိုးများသည် အလွန်များပြား၏။ လောင်း

တိုင်းလည်း ရှုံးသည်။ ထို့ကြောင့် ခြေသလုံးအိမ်တိုင်ဘဝမှာသာ ရှိနေဦးမည်သာဖြစ်၏။ သူသည် စီဝမ်၏ဘဝကိုသိသော်လည်း မနေနိုင်ဘဲ မေးလိုက်၏။

"ဒီနေရာက ဘယ်နေရာလဲ"

သူက ပြုံး၍ဖြေသည်။

"ဒါက ငါ့အိမ်တော့ မဟုတ်ပါဘူး"

ကျောက်ဝူက ရင်းနှီးစွာပြောသည်။

"ခင်ဗျားမပြောလည်း ကျွန်တော် သိပါတယ်ဗျာ၊ ကြွားမနေပါနဲ့"

"ဒီနေရာဟာ အမှတ်ရှစ်နေရာပဲကွ"

ကျောက်ဝူ မျက်မှောင်ကြုတ်သွား၏။ သူ စဉ်းစားသည်။ စဉ်းစားသော်လည်း မရချေ။

"အမှတ်ရှစ်နေရာဆိုတာ ဘာကိုဆိုလိုတာလဲ"

"မင်း ... ဒီအမှတ်ရှစ်နေရာကို သိချင်တာလား"

"ဟုတ်ပါတယ်"

"ငါ မင်းကိုပြောပြရင် ယုံမှာမဟုတ်ဘူး"

"ယုံပါတယ်ဗျာ၊ ကျွန်တော်က ခင်ဗျား ဘာပြောပြော ယုံပါတယ်၊ ခင်ဗျားဟာ တိတိကျကျ မှန်မှန်ကန်ကန်ပြောတတ်တယ်



ဆိုတာ ဟိုတစ်ခါတည်းက သိပါတယ်"

"ညတုန်းက တစ်ညလုံး ငါ မင်းကို မြင်းပေါ်တင်ပြီး မောင်းလာတာ၊ တစ်နေရာပြီးတစ်နေရာ ကျော်လွှားလာခဲ့တာ အခုဆိုရင် အမှတ်ရှစ်နေရာပေါ့၊ စခန်းရှစ်ခုပေါ့ကွာ၊ မင်းမယုံမရှိနဲ့"

"ယုံပါတယ်ဗျာ"

ကျောက်ဝူသည် မိမိမှာ လှိုင်းတံပိုးကဲ့သို့ ကိုယ်ခန္ဓာယိမ်းယိုင်နေသည်ကို သိရှိလိုက်လေ၏။ စီဝမ်အလွန်အပင်ပန်းခံခဲ့လေသည်တကား။ စီဝမ်သည် ကျောက်ဝူကို ခေါ်ဆောင်၍ ကုသပေးနိုင်ရန် တစ်နေရာပြီးတစ်နေရာ ဖြတ်ကျော်လာခဲ့၏။ စခန်းတိုင်း၌ သူ ရန်ဖြစ်ရသည်။ သို့သော် မည်သူကမျှ လက်မခံသဖြင့် ဤနေရာထိ ရောက်ရှိလာသည်ကို နားလည်လိုက်၏။ အမှတ်ရှစ်စခန်း၌ သူ့ကို ကုသလိုက်နိုင်ပုံရသည်။ စီဝမ်က ကျောက်ဝူအား ကြည့်လိုက်၏။ သူ့အကြည့်က ချီးကျူးပုံမျိုးဖြစ်လေ၏။

"အခုထိ မင်း အသက်ရှင်နိုင်တာဟာ ဘာကြောင့်ဆိုတာ သိသလား၊ ဒီအချက်ကို မင်းသိစေချင်လို့ ငါမေးတာကွ"

ကျောက်ဝူက ခေါင်းခါရင်းဖြေသည်။

"မသိပါဘူးဗျာ"

"ငါထင်တယ်၊ မင်းမသိဘူးလို့ ငါထင်တယ်၊ ဒီအချက်ဟာ

အတော်အရေးကြီးတယ်၊ သိုင်းလောကမှာ ဒီလိုဖြစ်တတ်တယ်ဆို တာလည်း သင်ခန်းစာယူနိုင်တယ်”

“ပြောပါဗျာ”

“ပထမ မင်းတွေ့တဲ့ စုချွမ်နယ်က လူသုံးယောက်ဟာ ထန်မိသားစုရဲ့အတွင်းလူ မဟုတ်ဘူး၊ သူတို့သုံးတဲ့ လက်နက်ပုန်းဟာ ထန်မိသားစုရဲ့ လက်နက်ပုန်းမဟုတ်ဘူး၊ မင်း ကံကောင်းသွားတာကွ”

သူသည် စကားဆက်ကို ဆက်လေ၏။ ကျောက်ဝူကလည်း လေးလေးစားစား နားထောင်သည်။

“တကယ်လို့ မင်းပခုံးမှာ လက်နက်ဟာ ထန်မိသားစုရဲ့ အတွင်းလူလုပ်တဲ့ လက်နက်ဆို မင်းသေသွားတာကြာပြီ၊ တစ္ဆေဆယ်ခါလောက်ဖြစ်နေပြီကွ”

ကျောက်ဝူက မချိပြုံးပြုံးလေ၏။ စီဝမ်က လက်နှစ်ချောင်းထောင်၏။

“ဒုတိယအချက်”

သူက ဆက်ပြောသည်။

“သည်အိမ်ရဲ့အိမ်ရှင်ဟာ ထန်စန်တောင်က နှင်းကြာစေ့ သူ့မှာရှိနေလို့၊ ပြီးတော့ ငါ့ရဲ့မိတ်ဆွေဖြစ်လို့ တိုက်ကျွေးတာ၊ မင်း



အရမ်းကံကောင်းတာပဲ”

သူသည် ထန်စန်တောင်မှ နှင်းကြာစေ့အကြောင်းကို ကြားဖူးခဲ့သည်။ သိုင်းလောကမှ သမားတော်ကြီးများသည် နှင်းကြာစေ့ကို သိမ်းထားရန် ကြိုးပမ်းကြ၏။ သို့မှသာ လိုအပ်လျှင် သုံးနိုင်မည်မဟုတ်ပါလော။

ထန်စန်တောင်မှ နှင်းကြာစေ့သည် မည်သည့်အဆိပ်မျိုးကိုမဆို ကောင်းစွာဖြေနိုင်သော ဖြေဆေးဖြစ်သည်။ အဆိပ်တိုင်း နှင်းကြာစေ့ကို ကြောက်သည်။ ထန်စန်တောင်မှ နှင်းကြာစေ့ကို သိုင်းလောကသားတိုင်း တန်ဖိုးရှိသော ဆေးတစ်မျိုးအဖြစ် မှတ်ယူထားကြသည်။

သိုင်းသမားများက တစ်မျိုး၊ သမားတော်ကြီးများက တစ်မျိုး ရှာနေကြသဖြင့် နှင်းကြာစေ့သည် တဖြည်းဖြည်း ပို၍ သတင်းကြီးလာ၏။ ထန်စန်နှင်းကြာစေ့သည် စိန်၊ ရွှေ၊ ငွေထက်ပင် တန်ဖိုးရှိ၏။ ငွေသိန်းသောင်းထက် တန်ဖိုးရှိ၏။ အိမ်ရှင်သည် ဤမျှ ရှား၍ တန်ဖိုးကြီးသော ထန်စန်တောင်မှ နှင်းကြာစေ့ကို နှမြောတွန့်တိုခြင်းမရှိဘဲ မိမိအား တိုက်ကျွေးသည်မှာ စီဝမ်၏မျက်နှာကြောင့် ဖြစ်သည်ကို နားလည်လိုက်မိသည်။

အလွန် ကျေးဇူးကြီးလှသည်ပဲ။

သူက ကျေးဇူးမတင်ဘဲမနေနိုင်ပါ။ ကျောက်ဂူမှာ အိပ်ရာ ထဲမှ စိဝမ်ကို ရှိခိုးလိုက်၏။ စိဝမ် ကျေနပ်သွား သည်။

"မင်းဟာ လူတွေကို ဘယ်လိုဆက်ဆံရမယ်ဆိုတာ သိ တယ်"

သူက ကျေနပ်စွာ ပြောကြားလိုက်လေ၏။

✹ ✹ ✹



## အခန်း (၅၃)

## အပေးအယူ

စိဝမ်က လက်သုံးချောင်းထောင်ပြပြန်လေ၏။ ကျောက်ဂူ အုံသြသွားသည်။

"ကျွန်တော် အသက်ရှင်ရခြင်းဟာ အချက်သုံးချက်အပေါ် တည်မှီနေတာလားဗျာ"

"ဟုတ်တယ် … ငါပြောမယ်"

"ဟုတ်တဲ့ … ပြောပါ၊ ခင်ဗျားပဲ ပြောရမှာပါ"

စိဝမ်က ရယ်၍ပြောသည်။

"ငါပြောချင်လို့ပြောနေတာ မဟုတ်ဘူး၊ ပြောစရာရှိလို့ ပြောနေတာကွ"

"ဟုတ်ပါပြီ ပြောပါ"

"ငါက ငါ့ကိုယ်စောင့်နတ်နဲ့ လောင်းထားတာကွ၊ မင်း အသက်ရှင်ရမယ်လို့၊ အခု … ငါနိုင်သွားတာပေါ့ကွာ"

"ခင်ဗျား အခုလို ကျုပ်ကိုမသေစေချင်တာ အန်စာရဲ့လျှို့ဝှက်ချက်ကို သိချင်လို့ မဟုတ်လား"

ကျောက်ဝူက တဲ့တိုးမေးသည်။ စိဝမ်ကဲ့သို့လူမျိုးအား ကွေ့ဝိုက်ပြောရန်မလိုပေ။ စိဝမ်က ခေါင်းညိတ်၏။

"ဟုတ်တယ်၊ အခုတလော လူတစ်ယောက်ဟာ အန်စာပစ်တိုင်း ခြောက်ပွင့်သုံးလုံးရတယ်လို့ သတင်းကြီးနေတယ်"

စိဝမ်သည် သူ့သတင်းကို ကြားပြီးဖြစ်နေသည်။ သို့သော် သူက ကျောက်ဝူအား စောင်းပြောသည်။ ကျောက်ဝူက ပြုံးလိုက်၏။

"ဒါကြောင့် ခင်ဗျားက ကျုပ်ကို လိုက်ရှာနေတာလား"

"ဟား ... ဟား ... ဟား ...မင်းလည်း လူလည်ပဲ၊ အဲဒါ မင်း သိနေတာပေါ့"

စိဝမ်က ပြောသည်။

"တကယ်တော့ ဒီသတင်းကို ငါကြားနေတာ ကြာပြီကွ၊ လောင်းကစားဝိုင်းတွေမှာ ဒီသတင်းမျိုးဟာ ဖုံးဖိလို့မရဘူးကွ၊ အချစ်နဲ့မီးခိုးဟာ ဘယ်တော့မှ ဖုံးဖိလို့မရဆိုတဲ့စကားရှိတယ်၊ ငါက အချစ်၊ မီးခိုနဲ့ လောင်းကစားသတင်းဟာ ဘယ်တော့မှ ဖုံးဖိလို့မရလို့ ပြောင်းလိုက်ချင်တယ်"

စိဝမ်သည် စကားပြောရသည်ကို အာတွေ့နေ၏။ ကျောက်ဝူဖြစ်နေခြင်းကလည်း ဤသို့ဖြစ်စေသည်လားမသိပေ။



"ငါ မင်းကိုတွေ့မှ ခြောက်ပွင့်သုံးလုံး ပစ်နိုင်သူဟာ မင်းဖြစ်မှန်းသိတာ"

ကျောက်ဝူက ပြုံး၏။

"ခင်ဗျားသိချင်တာ တစ်ခုပဲရှိပါတယ်"

"ဘာများလဲကွ"

"ကျုပ်က ဘာလို့ ပစ်တိုင်း ခြောက်ပွင့်သုံးလုံးဖြစ်တယ်ဆိုတာ ခင်ဗျား သိချင်လို့မဟုတ်လား၊ လောင်းကစားသမားတွေဟာ သိပ်အမှတ်ကြီးကြတယ်ဆိုတာ ကျွန်တော် သိပါတယ်၊ ခင်ဗျားက ကျွန်တော့်ကို မမေ့တော့ဘူးဆိုတာ အဲဒီအန်စာပစ်ပြီးကတည်းက ကျွန်တော် သိတယ်"

စိဝမ်က ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်ကွ"

ကျောက်ဝူက ပြုံးသည်။

"ဒီလျှို့ဝှက်မှုကို မသိမချင်း ခင်ဗျား အိပ်ပျော်မှာ မဟုတ်ဘူးဆိုတာ ကျုပ်သိပါတယ်"

"ဒါလည်း မှန်တာပဲ"

"ကျွန်တော့်အကြောင်း ကျွန်တော် မပြောချင်ပါဘူးဗျာ၊

အထူးသဖြင့် အန်စာကစားတိုင်း ကျွန်တော် ခြောက်ပွင့်သုံးလုံးကျအောင် ဘယ်လိုပစ်သလဲဆိုတာကိုပေါ့"

"မင်းဘဝအကြောင်းကို ငါစိတ်မဝင်စားပါဘူး၊ မင်းဘဝအကြောင်းသိလို့ ငါ ဘာလုပ်ရမှာလဲ၊ ငါ့အတွက် ဘာမှအသုံးမဝင်တာ၊ မင်းဘဝအကြောင်းသိလို့ ငါ့ဘဝတစ်ခု တိုးတက်သွားမယ်ဆိုလည်း ဟုတ်သေးရဲ့ကွာ"

"အဲ့ဒါပြောတာပေါ့၊ ကျွန်တော့်ဘဝအကြောင်း မသိချင်မှတော့ ဘာကြောင့် အန်စာပစ်တိုင်း ခြောက်ပွင့်သုံးလုံးကျတယ်ဆိုတာ ဘာလဲမသိချင်ပါနဲ့တော့"

"ဒါကတော့ မင်းညစ်တာကွ"

"ကျွန်တော် ဘာညစ်လို့လဲဗျာ"

"ဟ ... မင်းညစ်တာပေါ့၊ လောင်းကစားသမားအကြောင်း မင်း ဘယ်လောက်သိလို့လဲ၊ တကယ်လောင်းကစားသမားဟာ အိမ်တိုင်ချွတ်ပေါင်ပြီး လောင်းတာကွ"

"ဒါမျိုးတွေ ကျွန်တော် တွေ့ဖူးပါတယ်ဗျ"

"ဟား ... ဟား ... ဟား မင်း သည်ထက်လောင်းကစားသမားပီသတဲ့လူမျိုးကို မတွေ့ဘူးသေးလို့ပါကွာ"

"အိမ်တိုင်ချွတ်ပေါင်တဲ့ကစားသမားထက် ဆိုးတာရှိဦး



မလားဗျာ"

"ဟာ ... ရှိတာပေါ့ ရှိတာပေါ့"

"ရှိရင်ပြောဗျာ"

"မင်း ကိုယ့်မိန်းမပေါင်ပြီး လောင်းတဲ့လူကို မတွေ့ဘူးလို့ပါ"

"ဗျာ"

"ဟုတ်တယ်၊ တကယ့်လောင်းကစားသမားဟာ ကိုယ့်မိန်းမတောင် ပေါင်ကစားကြပါတယ်၊ ငါပြောချင်တာက လောင်းကစားကို ဘယလောက်မက်တယ်ဆိုတာပါ"

"အင်း ခင်ဗျားပြောလို့သာ ကြားရတာပဲဗျာ၊ ကျုပ်နားကိုတောင် ကျုပ်မယုံဘူး"

"မယုံမရှိပါနဲ့ တကယ်ပါ"

"ကောင်းပြီး ခင်ဗျားဟာ ကျွန်တော့်အသက်ကို ကူညီကယ်ဆယ်ခဲ့တယ်၊ အဲ့ဒါတစ်ခုတည်းနဲ့တင် ခင်ဗျားကို ကျွန်တော့်လျှို့ဝှက်ချက် ပြောပြသင့်နေပါပြီ"

"ဒါဖြင့်လည်း ပြောကွာ"

ကျောက်ဝှက ရယ်လိုက်၏။

"ကျွန်တော် ခင်ဗျားကို တစ်ခုပြန်တောင်းပန်ရမှာပါ"

"ဘာလဲ ... ဘာလဲ"

"ဒီကျေးဇူးကို ခဏဘေးဖယ်ထားလိုက်ပါဗျာ၊ ခင်ဗျားကို ကျွန်တော့်လျှို့ဝှက်ချက် ပြောပြပါ့မယ်၊ ဒါပေမဲ့ ..."

စီဝမ်က မျက်မှောင်ကုတ်သွား၏။

"ဘာလဲကွ ... မင်း ဒါပေမဲ့ဆိုတာကြီးက"

"ဒါပေမဲ့လို့ စကားထောက်ကို ခံထားရတာပေါ့ဗျာ၊ ကျွန်တော့်လျှို့ဝှက်ချက်ကို သိချင်ရင် ခင်ဗျားအနေနဲ့ အလုပ်တစ်ခုကို လုပ်ပေးရမယ်"

စီဝမ် ခေါင်းမော့စဉ်းစားရလေတော့၏။ စဉ်းစားရမည်လေ။ ကျောက်ဝူနိုင်းသည့်အလုပ်က သူ မလုပ်နိုင်သည့်အလုပ် ဒါမှမဟုတ် ခက်ခဲလွန်းသောအလုပ်ဖြစ်နေလျှင် သူချောက်ကျမည် မဟုတ်ပါလော။

"အင်း ... ဒုက္ခက ငါမလုပ်နိုင်တဲ့အလုပ် ဖြစ်နေရင်ကော"

ကျောက်ဝူက ...

"ကျွန်တော်ခိုင်းကတည်းက ခင်ဗျားမလုပ်နိုင်တဲ့အလုပ်ကို ဘယ်စဉ်းစားမလဲဗျာ၊ ခင်ဗျားအသက်နဲ့ ကျုပ်အသက်ချင်းလဲရမယ့် ကိစ္စမျိုးဆိုရင်တော့ ခင်ဗျားမလုပ်နိုင်တဲ့ကိစ္စမျိုးကို စဉ်းစားပြီး ခိုင်းမှာပေါ့ဗျာ"



စီဝမ် သက်ပြင်းချလေ၏။

"ကဲပါ ... ငါတတ်နိုင်တဲ့အလုပ်ဆိုရင် ငါမငြင်းပါဘူး၊ ပြောပါ၊ ငါ ဘာလုပ်ပေးရမလဲ"

ကျောက်ဝူက အတန်ကြာငေးနေ၏။ စီဝမ်က စိတ်မရှည်တော့ပေ။

"ပြောလေကွာ၊ ငါ ဘာလုပ်ပေးရမလဲ"

ထိုအခါကျမှ ကျောက်ဝူက ပြောလေတော့၏။

"ကျွန်တော် မတတ်နိုင်လို့ ခင်ဗျားဆီမှာ အကူအညီတောင်းတာပါ၊ ခင်ဗျားကို ခိုင်းတယ်မထင်ပါနဲ့ဗျာ"

"မင်း တော်တော်ရှည်ပါလား၊ မင်း ငါ့ကို ဘာခိုင်းမှာလဲ"

ကျောက်ဝူက ဖြည်းညင်းစွာ ပြောလေ၏။

"လူတစ်ယောက်ကို ရှာပေးပါဗျာ"

စီဝမ် ရှင်လန်းသွားသည်။ အရှာအဖွေအလုပ်ဆိုလျှင် သူ တက်ကြွသွားသည်ပင်။ သူမှမဟုတ်ပါ။ မည်သူ့ကိုဖြစ်စေ ပြောကြည့်ကြည့်ပါ။ သူ ကျွမ်းကျင်သည့်အလုပ်တစ်ခု လုပ်ပေးပါဟု ပြောလျှင် မည်သူကမျှ ငြင်းလိမ့်မည်မဟုတ်ပါ။ စီဝမ်က တစ်ခုတော့ အတိအကျမေးသည်။ သူ့စကားကိုကြည့်ပါ။

"ကျောက်ဝူ ... မင်းက ငါ့ကို လူတစ်ယောက်ရှာခိုင်းမယ်လို့

ပြောတယ်၊ ကဲ ...ငါက လက်ခံပါပြီတဲ့ မင်းက မြေကြီးအောက်ရောက်နေတဲ့ လူတစ်ယောက်ရဲ့နာမည်ပြောပြီး ရှာနိုင်းရင် ငါမပြောနဲ့ မိုးနတ်မင်းကြီးတောင် လျှာထွက်သွားမှာပဲကွ"

ကျောက်ဂူက ...

"ကျွန်တော် ဒီလောက်ယုတ်မာတဲ့လူ မဟုတ်ပါဘူးဗျာ"

"ဒါတော့ ငါလက်ခံပါတယ်၊ ကဲ ...ပြော မင်းကိုရှာပေးရမယ့်လူရဲ့နာမည်"

စီဝမ်သည် အရေးကြီးလာပြီဖြစ်၍ စကားကို ငန့်လိုက်ပြန်ပါသည်။

"ပြောပါကွ ... မင်းက ဈေးကိုင်နေပြန်ပါပြီ"

"ဈေးမကိုင်ပါဘူးဗျာ"

"ငါက ရှာပေးရမယ့်ကောင်ပါကွ၊ ငါ့ကို ဒီလိုအလုပ်မဖြစ်အောင် မလုပ်ပါနဲ့"

"ပြောမှာပါဗျာ၊ အရေးကြီးတဲ့လူမို့လို့ပါ"

"မင်းက တကယ်အပြောကောင်းတဲ့လူပဲ၊ မင်းပြောတဲ့ကောင်ဟာ ဘယ်သူလဲ"

ကျောက်ဂူက တစ်လုံးချင်း ပြောလေ၏။

"စန် ... ကွမ်"



စီဝမ် ထိတ်ခနဲဖြစ်သွားလေ၏။ သူရင်ထိတ်ရပါသည်။ စန်ကွမ်ဆိုသောလူမှာ နယ်နယ်ရရပုဂ္ဂိုလ်မဟုတ်ကြောင်း သူသိထားသည်ပဲ။

သူက သံယောက်လိုက်သည်။

"စန်ကွမ်"

"ဟုတ်တယ်၊ စန်ကွမ်ပဲ"

စီဝမ်က မေးလေ၏။

"မင်းတို့ တဖုန်ထန်ဘုံကျောင်းက စန်ကွမ်ပဲ မဟုတ်လား"

ကျောက်ဂူ ခေါင်းညိတ်၏။

"ဟုတ်ပါတယ်"

စီဝမ်က ခေါင်းခါယမ်းလိုက်ပြီးမှ ဆက်မေးသည်။

"ငါမေးမယ်၊ ဒါက မင်းပုံစံကိုကြည့်ပြီး ငါပြောတာနော်"

"ဟုတ်ပါတယ်၊ ပြောပါ"

"မင်းက စန်ကွမ်ကို သတ်မလို့လား"

ကျောက်ဂူသည် စန်ကွမ်အကြောင်းပြောသည်နှင့် ဒေါသထွက်နေလေပြီ။ သူ့အသံက ဒေါသသံပါလာသည်။

"ဟုတ်တယ်"

သူသည် သူ့စကားကို ဆက်ပြောလိုက်သည်။

"ကျွန်တော်ဟာ ခင်ဗျားကို ကျွန်တော့်အသက်ကယ်တဲ့ ကျေးဇူးရှင်အဖြစ် သတ်မှတ်ထားပါတယ်၊ စန်ကွမ်ကိုလည်း မတွေ့ တွေ့အောင် ရှာပေးရမယ်"

စီဝမ်က ကျောက်ဂူ ဒေါသထွက်နေသည်ကို ကြည့်လိုက်၏။ သူ မရယ်ပါ။ သူက မေးလိုက်သည်။

"သဲလွန်စတစ်ခုခု ... ရပြီလား"

ကျောက်ဂူ ခေါင်းခါလိုက်၏။ စန်ကွမ်ကိုရှာရသည်မှာ ကောက်ရိုးပုံထဲ အပ်ပျောက်ရှာသည်ထက် ခက်ပါသေးသည်။ ထို့ကြောင့် စီဝမ်ကို သူလိုက်ရှာရခြင်း ဖြစ်ပါသည်။ စီဝမ်က လက်ပိုက်ပြီး အိမ်ထဲ၌ ဟိုဟိုဒီဒီ လမ်းလျှောက်နေ၏။ ထို့နောက် ကျောက်ဂူအား လှမ်းကြည့်လိုက်လေ၏။ သူက ...

"မင်း သတိထားမိရဲ့လား၊ ငါ့ပြောစကားတွေကို"

"ဘာလဲ"

"ငါပြောခဲ့တယ်လေ၊ မင်း လက်နက်ပုန်းထိရာက သတိရလာတော့ မင်းကို သတ်တဲ့လူတွေဟာ ထန်မိသားစုရဲ့ အတွင်းလူတွေ မဟုတ်ဘူးလို့"

"မှတ်မိပါတယ်"

"ထန်မိသားစုရဲ့ အတွင်းလူမဟုတ်တဲ့လူတွေက မင်းကို



တိုက်ခိုက်တာကို မင်းခံခဲ့ရတယ်၊ စန်ကွမ်ကို မင်း ဘယ်လိုလုပ် ရင်ဆိုင်မှာလဲကွ"

ကျောက်ဂူက ...

"ကျွန်တော် ဆန်ကွမ်ကို မကြာခဏ တွေ့ဖူးပါတယ်"

"အဲဒါ ဘာဖြစ်သလဲ၊ မင်းရဲ့ပညာနဲ့ စန်ကွမ်ကို ဘယ်လို ယှဉ်မှာလဲကွ"

"ဒါလည်း ကျွန်တော် သိပါတယ်၊ ကျွန်တော့်သိုင်းပညာဟာ စန်ကွမ်ရဲ့သိုင်းပညာနဲ့ဆိုရင် မြင်းမိုရ်တောင်နဲ့ ဖီးစေ့လောက် ကွာခြားတယ်ဆိုတာ ကျွန်တော် သိပါတယ်"

"အဲဒီလိုသိထားတာ အကောင်းဆုံးပါပဲကွာ"

စီဝမ်သည် ကျောက်ဂူ အသိတရားရနိုင်သည်ကိုတွေးပြီး စိတ်သက်သာရာရသွားလေ၏။

* * *

## အခန်း (၅၄)
## ပညာကုန်သင်ပေးသူ

စိဝမ်၏စိတ်သက်သာရမှုမှာ ကြာရှည်မခံပေ။ ကျောက်ရု၏ကျောက်သားစိတ်ဓာတ်ကို စိဝမ် တဖြည်းဖြည်းသိလာလေ၏။

"ကောင်းပါတယ်ကွာ၊ ကျောက်တုံးကို ခေါင်းနဲ့တိုက်ရင် ကိုယ်မိုက်ရာကျတော့မှာပေါ့"

ကျောက်ရုက ပြောသည်။ သူ့စကားများက မာကျောလှ၏။

"ကျွန်တော့်ပညာ ငယ်တာကတစ်ပိုင်း၊ စန်ကွမ်ကို လက်စားချေတာကတစ်ပိုင်းပါ"

"မင်းကို ငါ ..."

"ခင်ဗျား ကျွန်တော့်ကို ဘာမှမပြောပါနဲ့၊ ကျွန်တော့်က လက်စားချေမှာပါ၊ သူ့အသတ်ခံဖို့ သူ့ကို လိုက်ရှာနေတာ မဟုတ်ပါဘူး"



"မင်း သူ့ကို ရှာဖို့ပဲ အမြဲစိတ်ဝင်စားနေတာလား"

"အမြဲတမ်းပါပဲ"

"မင်းကို ငါ ဘယ်လိုပြောရမလဲမသိဘူး"

"ခင်ဗျားကို ကျွန်တော် တစ်ခုတော့ နည်းလမ်းပေးနိုင်ပါတယ်"

"ပြောပါ"

"သူက စန်ကွမ်ဆိုတဲ့နာမည်ကို သုံးတော့မှာ မဟုတ်တော့ပါဘူး"

"မင်းကလည်း စန်ကွမ်ဟာ စန်ကွမ်ပဲပေါ့"

"မဟုတ်ဘူး၊ စန်ကွမ်အမည်နဲ့တော့ သူမနေပါဘူး၊ သူလုပ်ခဲ့ပုံတွေကို သူ လုံးမှာမဟုတ်ပါဘူးဗျာ"

"ဒီတော့"

"သူဟာ နာမည်ပြောင်းပြီး တစ်နေရာမှာ ပုန်းနေနိုင်ပါတယ်"

"မင်း သဲလွန်စပေးနိုင်တာ ဒါအကုန်ပဲလား"

သူက ...

"ကျွန်တော် တစ်နှစ်အချိန်ပေးမယ်၊ တစ်နှစ်အတွင်း တွေ့အောင်ရှာပေးရမယ်၊ ခင်ဗျား သဘောတူသလား"

စီဝမ်က ...

“မင်းက သိပ်လောကြီးတယ်၊ ငါ့ကို တစ်နှစ်လောက်လည်း အချိန်ပေးတယ်၊ မင်း တစ်နှစ်လုံးလုံး စောင့်နိုင်ပါ့မလား”

ကျောက်ဝူက မာကျောစွာပြောလေ၏။

“တချို့လူတွေ ဆယ်နှစ်တိတိ စောင့်တာပဲ၊ တစ်နှစ်အချိန်ကို ဘာလို့မစောင့်နိုင်ရမှာလဲ၊ တစ်နှစ်ဆိုတာ ဘာမှမပြောပါဘူး၊ အခု ... ကျွန်တော်ရှာနေတာကိုပဲ ကြည့်ဗျာ”

စီဝမ်သည် အတန်ကြာ ကြည့်နေ၏။ ပြီးမှ သူ၏ပခုံးကို ပုတ်၏။

“ကောင်းပြီ၊ တစ်နှစ်ပြည့်တာနဲ့ ဒီကိုလာခဲ့၊ ကျုပ်က သတင်းပေးနိုင်မယ်လို့ ယုံကြည်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီအလုပ်က ရှားတဲ့အလုပ်ဖြစ်နေလို့ပဲ”

သူက ကျေးဇူးတင်စကားပြောဖို့ ပါးစပ်ဟလိုက်သည်။ စီဝမ်က ဟန့်တား၏။

“ငါ့ကို ကျေးဇူးမတင်နဲ့ မင်း အန်စာတုံးကို ခြောက်ပွင့်ရအောင် ဘယ်လိုလုပ်တယ်ဆိုတာ ပြောပြရင်တော်ပြီ၊ အဲ့ဒါ ငါ့ကို ကျေးဇူးတင်တာပဲ”

သူသည် စီဝမ်အားကြည့်၍ ခေါင်းညိတ်ပြ၏။



“အမှန်ပြောရရင် ကျုပ် ခြောက်သုံးလုံးရအောင် ပစ်တဲ့အခါ နည်းပရိယာယ်ကို အသုံးပြုပါတယ်၊ ဒါကို ခင်ဗျားသဘောပေါက်မှာပါ၊ ကျွန်တော် ရှင်းပြရင် ခင်ဗျားသဘော လုပ်သွားမှာပါ”

စီဝမ်က ...

“ဆက်ပါဦး”

ကျောက်ဝူက ...

“ဆက်ပါမယ်၊ ခင်ဗျားနားလည်အောင် ကျွန်တော် ရှင်းပြပါ့မယ်”

ထို့နောက် သူ့စကားကို ဆက်သည်။

“ကွာဟချက်အလွန်နည်းတဲ့အတွက် မည်သူမှဂရုမပြုဘူး၊ ဒါပေမဲ့ နှစ်ကြာကြာလေ့ကျင့်တဲ့လူအဖို့ ဒီအလေးချိန်ရဲ့ကွာဟမှုကို ကောင်းကောင်းသိလာနိုင်ပါတယ်”

စီဝမ်က ...

“ရှင်းပါဦး”

သူက ...

“နှစ်အတန်ကြာ လေ့ကျင့်တဲ့လူဟာ အန်စာတုံးရဲ့ အပွင့်ကွာ ဟမှုကို ကျွမ်းကျင်တဲ့အတွက် သူပစ်တဲ့အန်စာဟာ သူလိုချင်တဲ့အပွင့် ကို မမှားအောင်ပစ်နိုင်တာပေါ့ဗျာ”

စိဝမ်သည် ပုံပြင်နားထောင်သော ကလေးပမာ မျက်လုံးတို့ ဝိုင်း၍ပြုံးကျယ်သွား၏။ သူက ...

"ဘယ်လိုနည်းပရိယာယ်လဲဆိုတာ ပြောပြပါ"

စိဝမ်က မေးလိုက်၏။

"ခင်ဗျားမှာ **အနိစ္စတုံး**ရှိသလား"

"ရှိတာပေါ့ကွာ"

သူသည် သူ့အိတ်ထဲက **အနိစ္စတုံး**များကို နှိုက်နေ၏။

"ငါက **အနိစ္စ**ကို ကိုယ်နဲ့မကွာထားတာကွ"

"အင်း ... ကျွန်တော် ယုံပါတယ်"

စိဝမ်က ... အိတ်ထဲမှ **အနိစ္စတုံး**များကိုနှိုက်၍လှမ်းပေး၏။ သူသည် **အနိစ္စတုံး**တစ်ခုကို လက်ဝါးတွင်တင်၍ပြ၏။

"**အနိစ္စတုံး**ရဲ့မျက်နှာခြောက်ခုလုံးမှာ အပွင့်တွေကို ထွင်းထားတယ်၊ အပွင့်ဟာ တစ်ခုနဲ့တစ်ခု မတူဘူး။ ဒါပေမဲ့ **အနိစ္စ**အပွင့်ကို ဆေးသုတ်တဲ့အခါ ကွာခြားတာတွေ့မှာ ..."

"ဒါကြောင့် **အနိစ္စ**လုံး ခြောက်ပွင့်ရဲ့မျက်နှာဟာ အခြားအပွင့်ထက် နည်းနည်းလေးအောင် ဆေးပိုသုတ်တာတွေ့မှာ"

စိဝမ်သည် ခေါင်းညိတ်၏။

"**အနိစ္စ**ကို ကျူပ်က ရှစ်နှစ်၊ ကိုးနှစ်အရွယ်ကစပြီး လေ့ကျင့်



ခဲ့တာ၊ အသက်နှစ်ဆယ်အထိ လေ့ကျင့်ပြီးမှ ကိုယ်ကြိုက်သလို အပွင့်ကို ပစ်လို့ရတာပေါ့"

စိဝမ်သည် ကျောက်ဂူအား ကြည့်နေ၏။ သူ၏မျက်ဝန်းအစုံတွင် အရောင်များ တဖိတ်ဖိတ်တောက်ပလာသည်ကို မြင်တွေ့ရမည် ဖြစ်၏။ လျှို့ဝှက်ချက်ကို ပြောပြလိုက်လေပြီ။ ဤသည်မှာလည်း အသက်သခင်ကျေးဇူးရှင်ဖြစ်နေခြင်းကြောင့်လည်း ဖြစ်နိုင်သည်။ အတန်ကြာမှ သူက ကျောက်ဂူအား စကားတစ်လုံးချင်း မေးလိုက်၏။

"ဒါဖြင့် မင်းရှုံးခဲ့သမျှအားလုံး ပြန်နိုင်လိုက်တာပေါ့"

ကျောက်ဂူ ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ ကျွန်တော် နှစ်အတန်ကြာလေ့ကျင့်လာတဲ့အခါမှာ ကစားတိုင်း အနိုင်ရတယ်လေ၊ ဒါကြောင့် ..."

သူသည် စကားကို ခေတ္တခဏ်နှိုလိုက်၏။

"ဒါကြောင့် လောင်းကစားတဲ့နေရာကို ကျွန်တော် သွားတာနဲ့ အားလုံးထပြေးကြတယ်၊ ဘယ်သူမှ ကျွန်တော်နဲ့ ယှဉ်မကစားရဲတော့ဘူး"

စိဝမ်သည် ထိုစကားကိုကြားလိုက်ရသောအခါ အားရပါးရရယ်မောလေတော့၏။

"ဟား ... ဟား ... ဟား"

ရယ်သံသည် အခန်းထဲ၌ လွှင်းထသွားလေ၏။ စိဝမ်သည် လောင်းကစားရာ၌ အလွန်ဝါသနာကြီးသူတစ်ဦးဖြစ်၏။ သူ ဤသို့ ဖြစ်လိမ့်မည်ကို ရထားလုံးထဲ ရှိစဉ်ကပင် ကျောက်ဝူ တွေးတောခဲ့မိသည်။ သူသည် လောင်းကစားတိုင်းမှာ အရှုံးချည်းနှင့်အဆုံးသတ်ခဲ့ရ၏။ ထို့ကြောင့်လည်း ပွဲတိုင်းရှုံးအမည်ကို ရရှိခဲ့သည်မဟုတ်ပါလား။

"အနိစ္စာပစ်ရာ၌ သိုင်းလောက၏လူ ...ပထမ"ဆိုသည်မှာ စိဝမ်၏အမည်ပင် ဖြစ်လေတော့သည်။ ယခု သူသည် ကျောက်ဝူ၏ စကားကို ကြားလိုက်ရသောအခါ မိမိကိုယ်တိုင် အနိုင်ရလိုက်သည့်အလား အလွန်ဝမ်းသာသွားလေ၏။ ကျောက်ဝူက သူ့အား ကြည့်ပြီး ပြောလေ၏။

"လေ့ကျင့်မှုဟာ ပြီးမြောက်ခြင်းပဲ၊ မလေ့ကျင့်ဘဲနဲ့ ခင်ဗျား မအောင်မြင်နိုင်ဘူး၊ ခုကစပြီး ခင်ဗျား လေ့ကျင့်မယ်ဆိုတော့ ..."

ကျောက်ဝူက ခေါင်းခါယမ်း၍ စကားဆက်လိုက်၏။

"အချိန်မရတော့ပါဘူးလေ"

စိဝမ်၏ပြုံးရွှင်သောမျက်နှာမှာ ရုတ်ခြည်းကွယ်ပျောက်သွား၏။

"ဘာဖြစ်လို့လဲကွ၊ မင်းစကားက အားပျော့စရာ"



ကျောက်ဝူက ပြောလိုက်၏။

"အသက်ကြီးမှလေ့ကျင့်ရင် ကလေးငယ်လို လက်ချောင်းများ ပျော့ပျောင်းနိုင်မှာမဟုတ်ဘူး၊ ပြီးတော့ ကလေးလို တခြားအလုပ်မရှိဘဲ အချိန်ပြည့်လေ့ကျင့်နိုင်မှာမဟုတ်ဘူး၊ အဲဒီတော့ ခင်ဗျား ဘယ်လိုဒီပညာကိုရတော့မလဲ၊ ကျွန်တော်က စေတနာနဲ့ ပြောတာပါ"

စိဝမ် စိတ်ဓာတ်ကျသွား၏။

"မင်းစကားက သိပ်စိတ်ပျက်စရာကောင်းတယ်၊ ဒီချို့ယွင်းချက်ကို ဖြည့်စွက်နိုင်တဲ့နည်း မရှိတော့ဘူးလား"

ကျောက်ဝူ စကားမပြောတော့ပါ။ ခေါင်းခါယမ်းလိုက်၏။ စိဝမ်သည် အတန်ကြာ တိတ်တိတ်နေပြီးမှ ရုတ်တရက် ရယ်မောလိုက်၏။ သူ၏ရယ်မောပုံမှာ ရုတ်တရက်ကြီးဖြစ်သည်။ ကျောက်ဝူပင် လန့်သွားသည်။

"ဟား ဟား ဟား"

စိဝမ်သည် မနားတမ်း ရယ်မောလေတော့၏။ ကျောက်ဝူ မျက်မှောင်ကြုတ်သွား၏။ သူက မေးလိုက်၏။

"ခင်ဗျား နည်းလမ်းတစ်ခုခုကို စဉ်းစားမိလိုက်လို့လား"

"ဘာကိုစဉ်းစားမိလို့လဲ"

စီဝမ်က စကားမပြောဘဲ ရယ်မြဲရယ်နေလေ၏။ ထိုအချိန်တွင် ပြင်ပမှ ချောင်းသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ကြရလေ၏။

✲ ✲ ✲



## အခန်း၊ (၅၅)

## အသက်သခင်ကျေးဇူးရှင်

အိမ်တံခါးမှာ ဖွင့်ထားခြင်းဖြစ်၏။ သားသားနားနား ဝတ်ဆင်ထားသော အမျိုးသမီးတစ်ဦးသည် မိန်းကလေးငယ်တစ်ဦး၏ ပခုံးကိုကိုင်လျက် အိမ်ထဲသို့ ဝင်လာ၏။ မည်သူမှ မဟန့်တားနိုင်မီ သူတို့ဝင်လာခြင်းဖြစ်သည်။ အမျိုးသမီးမှာ အသက်လေးဆယ်ဝန်းကျင်ခန့်ရှိသည်။ အသက်အနည်းငယ်ကြီးသည်မှန်သော်လည်း အသားအရေမှာ နုပျိုချောမောလှပနေသည်။ သူမသည် စီဝမ်ရယ်မောနေသည်ကို မြင်တွေ့လိုက်ရသေးကာ ပြုံး၍မေးလိုက်၏။

"နင်တို့ တကယ်ရယ်ရတာပဲ ... ဘာတွေသဘောကျလို့ ဒီလောက်တောင်ရယ်နေတာလဲ"

စီဝမ်၏ရယ်ခြင်းမှာ ကူးဆက်မှုရှိသည်။ မိန်းကလေးငယ်က စီဝမ်ကိုကြည့်ပြီး ရယ်မောလိုက်၏။

"ကေနွှ ဦးလေးကြီးက အမြဲတမ်းရှုံးပြီး သည်အစ်ကိုနဲ့တွေ့မှ

တစ်ပွဲနိုင်လိုက်တယ်နဲ့တူတယ်"

ကျောက်ဝူ တွေးလိုက်၏။ ဤအမျိုးသမီးနှင့် အမျိုးသမီးငယ်လေးသည် ဤအိမ်ပိုင်ရှင်ဖြစ်ရမည်ဟု။ မိန်းကလေးက မေးလာလေ၏။

"ဟုတ်လား အစ်ကိုကြီး"

ကျောက်ဝူက ခေါင်းခါသည်။

"မဟုတ်ပါဘူး"

စီဝမ် အရယ်ရပ်သွားလေပြီ။ အလွန်နောက်ပြောင်တတ်ပြီး စည်းကမ်းမဲ့နေထိုင်တတ်သော စီဝမ်သည် ထိုအမျိုးသမီးရှေ့တွင် တည်တည်ကြည်ကြည်ဖြစ်လာသည်ကို တွေ့ရလေ၏။ သူ၏ဆက်ဆံပုံမှာလည်း ထူးခြားသည်။ ပြန်လည်ပြောဆိုနေပုံမှာလည်း အမျိုးသမီးအပေါ်တွင် အလွန်လေးစားမှုရှိသည်ကို သတိပြုမိလိုက်သည်။ ကျောက်ဝူသည် သူတို့နှစ်ယောက်အားကြည့်ကာ စိတ်ထဲမှ အမျိုးမျိုးဝေဖန်မိသည်။

"သူတို့နှစ်ယောက် ဘယ်လိုများပတ်သက်နေလဲ"

ကြည့်ရတာ သည်အမျိုးသမီးအပေါ် စီဝမ်သည် နည်းနည်းကြင်နာပုံရသည်။ လေးစားပုံရသည်။ ကျောက်ဝူသည် အမျိုးမျိုးစဉ်းစားနေစဉ် စီဝမ်က ထိုအမျိုးသမီးနှင့် မိတ်ဆက်ပေးလေ၏။



"သူက ဒေါ်လေးမေပါ၊ မင်းအသက်ကိုကယ်ခဲ့တဲ့ သူပါပဲ၊ မင်း အလွန်ကံကောင်းတယ်မှတ်ပါ၊ ဒေါ်လေးမေ စိတ်ကောင်းရှိလို့လည်း မင်းအသက်ရှင်တာ"

မိန်းကလေးက ကန့်ကွက်လိုက်သည်။ သူ့ကန့်ကွက်ချက်က ထူးခြား၏။

"မဟုတ်ဘူး၊ သူ့အသက်ကယ်ခဲ့တဲ့လူက ကျွန်မ"

ထိတ်လန့်သွားသည်။ စီဝမ်၏မျက်လုံး ပြူးကျယ်သွားသည်။ သူက မျက်လုံးပြူး မျက်ဆန်ပြူးဖြင့် မေးလေ၏။

"ဘာဖြစ်လို့လဲ"

ထိုအခါ မိန်းကလေးက ပြောတော့သည်။

"သူ့ကို တိုက်ကျွေးလိုက်တဲ့နှင်းကြာစေ့ဟာ မေမေက ကျွန်မကို အပိုင်ပေးထားတာကြာလှပြီ၊ ဒါကြောင့် သူ့အသက်ကို ကယ်တာ ကျွန်မပဲဖြစ်ရမယ်၊ ဟုတ်တယ်မဟုတ်လား မေမေ"

ဒေါ်လေးမေဆိုသူက ကလေးမအား ခေါင်းခါပြ၏။ ထိုပ်ကလေးကိုလည်း ကြင်နာစွာပုတ်သည်။

"ညှိသည်ကို မရှိမသေမပြောရဘူး"

ကျောက်ဝူသည် အိပ်ရာထဲ အိပ်နေခဲ့သည်။ ထိုအခါကျမှ ကျောက်ဝူသည် ကမန်းကတန်းထရပ်၍ အရိုအသေပြုလိုက်လေ၏။

"အခုလိုတွေ့ရတာ ဝမ်းသာပါတယ်ခင်ဗျာ၊ ကျွန်တော့် အသက်ကိုကယ်တဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်"

သူသည် ကျေးဇူးတင်စကားပြောရန် သင့်တော်မည့်စကားလုံးကို ရှာမတွေ့သော်လည်း ဒါပဲပြောလိုက်ရသည်။ အသက်တစ်ချောင်းကယ်တင်တဲ့အတွက် ကျေးဇူးတင်ပါတယ်ဟူသော စကားဖြင့်ပြောရန် မသင့်တော်ကြောင်း သူ နားလည်၏။ အသက်၏တန်ဖိုးသည် အလွန်တရာ ကြီးမားလှသည် မဟုတ်ပါလား။ ဒေါ်လေးမေက ပြုံး၍ပြောရှာပါ၏။

"ဟုတ်ကဲ့၊ ကျွန်မလည်း ဝမ်းသာပါတယ်"

ကျော်ဝှက ...

"ကျွန်တော့်အသက်ကို ကယ်ခဲ့တဲ့ ..."

သူ၏စကားမဆုံးမီ ဒေါ်လေးမေ ကြားဖြတ်လိုက်သည်။

"အစ်ကိုကြီးကသာ အဆိပ်ကြောင့် ဆွေးမြည့်သွားတဲ့ အသားများကို ကြိုတင်လှီးဖြတ်မပစ်ရင် ဘေးက ဘယ်လောက်ပဲ စွမ်းနေနေ အာနိသင်ပြနိုင်မှာ မဟုတ်ဘူး"

သူမက စကားဆက်လိုက်၏။

"အခုလို သက်သာသွားတာဟာ မင်းရဲ့ကံတရားကြောင့်ဆိုရင် မမှားပါဘူး၊ ကောင်းမှုကုသိုလ်ပြုတဲ့လူတွေဟာ ကောင်းတဲ့



အကျိုးကို ခံစားရမှာသေချာတယ်၊ အချိုပင်စိုက်ရင် အချိုသီးစားရတယ်၊ ချဉ်သီးပင်စိုက်ရင် ချဉ်သီးစားရတယ်ဆိုတာမျိုးပေါ့ကွယ်"

မိန်းကလေးက ကြားဖြတ်လိုက်ပြန်လေ၏။

"သူ အသက်ရှင်လာတာတော့ ဟုတ်ပါပြီ၊ မျက်နှာမှာ အမာရွတ်ကြီးနဲ့ဆိုတော့ ရုပ်ဆိုးသွားမှာ၊ ဒါကြောင့် မိန်းမရတော့မယ် မထင်တော့ဘူး"

ကျော်ဝှသည် အာသွက်လျှာသွက်သော မိန်းကလေးအပေါ် သဘောကျသွားလေ၏။ ကျော်ဝှက မေးလိုက်သည်။

"ညီမလေး မင်းနာမည် ဘယ်လိုခေါ်သလဲ၊ အစ်ကိုကြီးနဲ့ နောက်တွေ့ရင် နာမည်ခေါ်ပြီး ဆက်ဆံကြရတာပေါ့ကွယ်"

မိန်းကလေးက ခေါင်းခါလိုက်၏။

"ကျွန်မ ပြောမပြနိုင်ဘူး"

ကျော်ဝှ အံ့ဩသွားလေ၏။ မိန်းကလေးသည် သွက်လက်မြဲ သွက်လက်နေသည်။ ကျော်ဝှက မေးလိုက်သည်။ ဘာကြောင့် ပြောမပြနိုင်တာလဲဟု မေးလိုခြင်းဖြစ်ပါသည်။

"ဘာဖြစ်လို့လဲဟင်"

မိန်းကလေးက ပြုံး၍ပြောလိုက်၏။

"အစ်ကိုကြီးနဲ့ညီမလေးဟာ ယောကျ်ားနဲ့မိန်းမ မဟုတ်ဘူး

လား"

ကျောက်ဂူ ခေါင်းညိတ်ပြလိုက်မိသည်။

"ယောကျ်ားနဲ့မိန်းမဆိုတာ စည်းခြားထားရပါလိမ့်မယ်၊ မိန်းကလေးတစ်ယောက်ရဲ့အမည်ကို ယောကျ်ားတစ်ဦးကို အလွယ်တကူမပြောရဘူးတဲ့၊ လူကြီးသူမတွေက အဲဒီလိုပြောထားတာပဲ"

စိဝမ်က ရယ်မောလိုက်၏။ သူ့ရယ်သံသည် စောစောကရယ်သံလိုပင် လွှင်းထနေ၏။

"တော်လိုက်တာဟယ်၊ ဒါကြောင့် နင့်အမေက နင့်ကို သမီးရတနာလို့ အမြဲတမ်းပြောနေတာပေါ့၊ နာမည်ပြောတာလေးများ ယောကျ်ားမိန်းမခွဲခြားနေသေးတယ်"

မိန်းကလေးက ရုတ်တရက် စိဝမ်၏ကိုယ်ပေါ်သို့ ခုန်တက်လိုက်၏။ ကျောက်ဂူ အံ့သြနေစဉ်မှာပင် စိဝမ်၏နှာခေါင်းမွေးကို လိမ်ဆွဲလိုက်၏။ စိဝမ်က မေးလိုက်၏။

"အဲဒါ နင်ဘာလုပ်တာလဲ"

ကလေးမက ...

"ကျွန်မနာမည်ကို ဘာဖြစ်လို့ သူ့ကို ပြောပြလိုက်ရတာလဲ"

ကျောက်ဂူ ပြုံးမိလိုက်၏။



မိန်းကလေး၏အမည်မှာ ရတနာဖြစ်သည်ကို သိရှိလိုက်၏။ လူက သွက်သလို နာမည်ကလေးကလည်း လှသည်။ ကျောက်ဂူသည် နာမည်ကို သေချာစွာမှတ်ထားလိုက်၏။ ထိုသားအမိ၏အသက်ကယ်တင်သည့် ကျေးဇူးကိုလည်း မည်သည့်အခါမှ မေ့ပျောက်နိုင်မည်မဟုတ်ပါ။ သူသည် သူတစ်ပါးကျေးဇူးကို မေ့တတ်သည့် လူမျိုးမဟုတ်ပါ။ မိန်းကလေးက ကျောက်ဂူအား ကြည့်လိုက်၏။

"အစ်ကိုကြီးကို ကျောက်ဂူလို့ခေါ်တယ်ဆိုတာ ကျွန်မ သိတယ်၊ ဦးလေးကြီးစကားပြောရင် ကျောက်ဂူဆိုတာ ပါပါလာတယ်"

ကျောက်ဂူက ပြုံးပြလိုက်၏။

"ဟုတ်ပါတယ်၊ အစ်ကိုကြီးနာမည်က ကျောက်ဂူပါ၊ နောက်တစ်ခါတွေ့ဆုံခဲ့ရင် အစ်ကိုကြီးကို မှတ်မိပါ့မလားကွယ်၊ မှတ်မိမှ နှုတ်ဆက်နိုင်ကြမှာပေါ့"

မိန်းကလေးက ရယ်ရင်းပြောလေ၏။

"မှတ်မိပါတယ် အစ်ကိုကြီး၊ နောက်ဆိုရင် မျက်နှာမှာ အမာရွတ်တစ်ခု ရှိနေမှာပဲမဟုတ်လား၊ အဲဒါက ပိုပြီးမှတ်ရလွယ်တာပေါ့"

ကျောက်ဂူသည် မိန်းကလေးနှင့်စကားပြောရင်း သူ၏ရင်

ထဲတွင် အထုံးလေးတစ်ခုဖြစ်ပေါ်လာသည်။ သူ၏မျက်နှာပေါ်တွင် ဖြစ်ပေါ်လာမည့် အမာရွတ်ကို စိုးရိမ်မိမည်မဟုတ်ပါ။ ထိုအကြောင်းကို သူက လုံးဝမစဉ်းစားမိပါ။ အခြားကိစ္စတစ်ခုကိုလည်း စဉ်းစား၍ မဖြစ်တော့ပါ။ မိန်းကလေးသည် သွက်လက်သည်။ ချိုသာသည်။ ခင်မင်သည်။ ပျော်ရွှင်တတ်သည် မဟုတ်ပါလော။

✳ ✳ ✳



## အခန်း (၅၆)

## ဘာမသိတဲ့လူ

ဒေါ်လေးမေသည် ညည့်သည်တို့အတွက် အလွန်အရသာပြည့်စုံသော စားသောက်ဖွယ်ရာများကို ကိုယ်တိုင်ချက်ပြုတ်၍ အသင့်ပြင်ထားသည်။

သူမ၏ညည့်သည်ကို ဧည့်ခံပုံမှာ အခြားအိမ်ရှင်မများနှင့် ခြားနားလှ၏။ သူမသည် သူတို့ကို ဧည့်ခံခြင်းမပြုပါ။ ကိုယ်တိုင်ဧည့်ခံခြင်းမဟုတ်ပါ။ ဧည့်သည် အားနားမည်ကို ကြိုတင် ပြင်ဆင်ခြင်းဖြစ်ပုံရပါသည်။

စားသောက်ဖွယ်ရာများ ပြင်ဆင်ပြီးသည်နှင့် အိမ်ထဲမှ ထွက်သွားတော့သည်။

ဤသည်မှာ ထူးခြားသော ဧည့်ခံမှုမဟုတ်ပါလား။

လိမ်မာပါးနပ်သော အမျိုးသမီးတစ်ဦးသည် သင့်တော်သည့်အချိန်၌ အကြောင်းတစ်ခုပြပြီး ရှောင်တိမ်းတတ်သည်။ ဒါမှ

သာလျှင် ယောကျ်ားအချင်းချင်း ပြောဆိုလိုသည့်စကားကို လွတ်လွတ်လပ်လပ် ပြောဆိုနိုင်မည်မဟုတ်လော။

ဒေါ်လေးမေသည် အလွန်တော်သည့် မိခင်တစ်ဦးဟု မဆိုနိုင်ပါ။ အချက်အပြုတ် တော်သည်။ ညှို့သည်ကို ကျေပွန်စွာညှို့တတ်သည်။

သို့သော် သူမသည် သမီးဖြစ်သည့်ကလေးမအပေါ် အလိုလိုက်လွန်းသည်။ သားသမီးကို ဖခင်နှင့်မိခင်များသည် လိုသည်ထက်ပိုပြီး အလို မလိုက်သင့်ပါ။

မိခင်တစ်ဦးသည် သားသမီးအပေါ် အလွန်အကျွံ ချစ်ခင်နေခြင်းကို အပြစ်မဆိုသင့်ပါ။ သူမသည် ယောကျ်ားတို့တပ်မက်သော ဇနီးကောင်းဖြစ်သည်မှာ ငြင်းဖွယ်ရာမရှိပါ။

သို့သော် ...

သူမေးချင်သည့် မေးခွန်းတစ်ခုရှိပါ၏။

"ဒေါ်လေးမေရဲ့ ခင်ပွန်းရော"

ထိုမေးခွန်းကို ကျောက်ဂူ အပြင်ထွက်၍မမေးပါ။

ကျောက်ဂူ၏ရင်ထဲက ထိုမေးခွန်းဖြစ်ပေါ်လို့မေးနေခြင်းဖြစ်ပါ၏။ ဤမေးခွန်းကို ဖွင့်မမေးသင့်ကြောင်း သူသိပါသည်။ သူသည် ဒေါ်လေးမေး၏ခင်ပွန်းကို မတွေ့မြင်ခဲ့ပါ။ ယဉ်ကျေးမှုအရ



လည်း ဖွင့်မေးရန် မသင့်ပါ။ စကားဝိုင်းမှာလည်း သူမခင်ပွန်းအကြောင်း ပါလာသည်ကို လုံးဝမကြားရပါ။ ကလေးမကလေးကလည်း သူ့ဖခင်အကြောင်းမပြောပါ။

ဤသို့ဆိုလျှင် ... ဒေါ်လေးမေသည် မုဆိုးမတစ်ဦးဖြစ်နေသလော။

သူမနှင့်စိဝမ်၏ဆက်ဆံရေးကလည်း ရိုးသားကင်းရှင်းနေ၏။

ဆက်ဆံပုံကို ကြည့်ပါ။

သူမသည် စိဝမ်အပေါ် ရင်းရင်းနှီးနှီး ယဉ်ယဉ်ကျေးကျေး ဆက်ဆံခဲ့သည်ကို သိရသည်။ စိဝမ်ကလည်း သူမအပေါ် ယုယကြင်နာသည်ကိုလည်း တွေ့မြင်ရသည်။ လေးလေးစားစားဆက်ဆံသည်ကိုလည်း တွေ့ရ သည်။

စိဝမ်သည် လောင်းကစားသမားဖြစ်သည်။ ရိုးရှင်းလှပါသည်။ သူတို့နှစ်ဦး၏အခြေအနေမှာ ရိုးသားကင်းရှင်းပုံရပါသည်။ သို့သော် သူက ဖွင့်ဟ၍မမေးပါ။

အဘယ်ကြောင့်ဆိုသော် သူ၏ရင်ထဲ၌ အလေးအနက်ထားစဉ်းစားသောကိစ္စတစ်ခု ရှိသောကြောင့်ပင်တည်း။

မည်သည့်အရာပေနည်း။

ထိုအရာသည် သူ့အား ခြောက်လှန့်နေ၏။ ကျောက်ဝူက တွေး၍ ရင်ထဲတွင် ကြောက်လန့်သောစိတ်တို့ ပေါ်လာ၏။ သူ၏ ကိုယ်တွင် ထိမှန်သောလက်နက်သည် ထန်မိသားစုနှင့်ပတ်သက် သော လူတို့၏လက်ချက်ဖြစ်၏။

စီဝမ်၏ပြောစကားအရ ထိုသူတို့မှာ ထန်မိသားစုတို့၏ အတွင်းလူ မဟုတ်ကြသေးပါ။ သူတို့လက်နက်ကပင်လျှင် ဤမျှ ကြောက်ဖို့ကောင်းလျှင် ထန်မိသားစုဝင်တို့၏လက်နက်မှာ အဆ ပေါင်းများစွာ ကြောက်စရာကောင်းမည်ဟု ခန့်မှန်းနိုင်၏။

ထိုကိစ္စကို စဉ်းစား၍ ရင်ထဲတွင် တုန်လှုပ်သွားမိသည်၊ ယခု ထန်မိသားစုနှင့် မိုးကြိုးဘုံကျောင်းမှ လူတို့သည် မဟာမိတ် ဖွဲ့ထား၏။

သူတို့ပူးပေါင်းသည်မှာ လျှို့ဝှက်မှုရှိ၍လော။

ထို့အပြင် စန်ကွမ်၏တပည့်ထဲတွင် စုချွမ်နယ်သားတစ် ယောက် ပါသည်ကို သူက သိရှိပြီးဖြစ်၏။ ယခု လောက်ပတို့၏ညွှန်း ပွဲတွင်ပင် တွေ့လိုက်ရသေးသည် မဟုတ်ပါလော။

ဤသို့ဆိုလျှင် စန်ကွမ်နှင့်ထန်မိသားစုမှာ မဟာမိတ်အဖြစ် ပူးပေါင်းထားပြီလော။ သို့သော် ကျောက်ဝူအဖို့ သူတို့အပေါ် မစွပ် စွဲရဲပါ။



ကျောက်ဝူ စဉ်းစားနေမိသည်။

စန်ကွမ်သည် ထန်မိသားစုများထံသို့ ရောက်ရှိနေပြီလော။ ထန်မိသားစုနှင့် သွားရောက်ပူးပေါင်းသွားပြီလော။ သူသည် ထန်မိ သားစုထံ သွား၍ရှာဖွေလို၏။ ရှာလျှင် သူ အရှုံးဖြစ်သွားမည်။ စော် ကားသလို ဖြစ်သွားမည်။ သက်သေအထောက်အထားမရှိပါ။

အကယ်၍ သူသည် ဝင်၍တိုက်မည်ဆိုလျှင် ရှေ့သို့ တိုးရဲ မည်မဟုတ်ပါ။

ကျောက်ဝူသည် တွေးရင်း ချွေးစို့လာသည်။ ယခု မျှော်လင့် သည်မှာ စီဝမ်က စန်ကွမ် မည်သည့်နေရာရောက်သည်ကို တွေ့ အောင်ရှာရန်ဖြစ်၏။ ထိုအချက်သည် အရေးအကြီးဆုံးဖြစ်ပါ၏။ သူ အထောက်အထားရသည်နှင့် အင်အားစု၍ ထိထိမိမိတိုက်ရန်ဖြစ်၏။

သူသည် စန်ကွမ်၏အသတ်ခံရန် မဟုတ်ပါ။ ထိထိမိမိ လက်စားချေရန် ကြိုးစားရမည်ဖြစ်ပါသည်။ လက်စားချေခြင်းသည် စိတ်လိုက် မာန်ပါလုပ်၍ မဖြစ်ပါ။ ဤသည်ကို သူသိသည်။ တစ်ဖက် လူ၏ အခြေအနေ၊ အနေအထားကိုပါ ထည့်၍စဉ်းစားရ၏။ အဆင် အခြင် ကင်းမဲ့လျှင် ကိုယ့်အသက်ပင် ဆုံးရှုံးနိုင်သည် မဟုတ်ပါလား။

✵

စားပွဲပေါ်၌အရက်အိုးတစ်အိုးရှိ၏။ အများသောက်သော အရက်အိုးမျိုးပင်ဖြစ်၏။

ကျောက်ဝူသည် အရက်သမားမဟုတ်ပါ။ အရက်များကို ကောင်းစွာခွဲခြားနိုင်ပါသည်။ အရက်အမျိုးအစားကို ကောင်းစွာ သိပါ၏။ စားပွဲပေါ်၌ရှိသောအရက်သည် မွှေးကြိုင်၍ ချိုသောအရက် ဖြစ်၏။ ထိုအရက်မျိုးကို များသောအားဖြင့် အိမ်ရှင်မများ သောက်လေ့ရှိကြပါသည်။ ကျောက်ဝူ ယခုကဲ့သို့ မွှေးသောအရက်ကို ကြိုက်၏။ သူ့ကို အိမ်ရှင်မနှင့်အတူသည်ဟု စွပ်စွဲစေဦးတော့ သူက မှုမည် မဟုတ်ပါ။

အရက်ဟူသည် ဒဏ်ရာရှိသူနှင့်မတည့်ပါ။ အချို့သော ရောဂါများမှတစ်ပါး အခြားသောရောဂါများနှင့်လည်း မတည့်ပါ။ ထို့ကြောင့် အရက်အိုးအား လက်နှင့်ပင်မတို့ပါ။ သို့သော် စီဝမ်သည် အရက်ကြိုက်သောသူဖြစ်၏။ အရက်အမျိုးမျိုးကိုလည်း သောက်၏။

သို့သော် သူသည် ကစားသမားဖြစ်၏။ ကစားသမားသည် ဦးနှောက်ကိုလန်းဆန်းအောင် ထိန်းရမည်။ ဤသည်ကို ကစားသမားများ သဘောမပေါက်ကြပါ။ ထို့ကြောင့် ကစားသမားများ



သည် အရက်အား တွေ့တိုင်းမသောက်ရဲပါ။ ဆင်ခြင်ရပါသည်။ထို့ကြောင့် အရက်ကောင်းကိုတွေ့သော်လည်း မသောက်သင့်ပါ။ ဤသည်မှာ ကျောက်ဝူ၏အတွေးများသာ ဖြစ်ပါ၏။

စားပွဲပေါ်၌ ရေနွေးတစ်အိုးရှိ၏။ ပူသည်။အငွေ့တထောင်းထောင်းထနေသည်။ အနီး၌ အရက်ခွက်တစ်ခွက်လည်း ရှိနေ၏။ ရေနွေးခွက်ရှိရမည် ဖြစ်သော်လည်း မရှိပါ။ ထို့ကြောင့် ကျောက်ဝူက အရက်ခွက်ဖြင့် ရေနွေးအား ထည့်သည်။ အငွေ့တထောင်းထောင်း ထွက်လာသည်။ ထို့နောက် စီဝမ်အားပေး၏။ ပါးစပ်ကလည်း ပြောလိုက်ပါသည်။

"ကျုပ်က ရေနွေးနဲ့ပဲ ဧည့်ခံပါရစေဗျာ၊ ခင်ဗျား ဘာကြိုက်သလဲဆိုတာ ကျွန်တော် သိပေမယ့် ကျွန်တော့်ဆန္ဒကိုတော့ လိုက်လျောပါဗျာ"

စီဝမ်က ပြုံး၏။

"ကောင်းပါတယ်၊ နောက်ဆုံးရက်ဆို မင်း သောက်ချင်တာ သောက်လို့ရပြီ"

ကျောက်ဝူက ...

"ကျွန်တော် ကြာကြာမစောင့်နိုင်ပါဘူး၊ ကျွန်တော့်နည်း ကျွန်တော့်ဟာနဲ့လည်း တစ်ဖက်က စုံစမ်းရဦးမယ်၊ နှစ်ယောက်ရှာ

တော့မှ မြန်မြန်တွေ့မှာပေါ့"

စိဝမ်က ရယ်လေ၏။ ရယ်ပြီးပြောသည်။ သူသည် ကျောက်ဝူကို သူငယ်ချင်းတစ်ဦးကဲ့သို့ ဆက်ဆံ၏။

"မင်းက ကိစ္စရှိလို့လား၊ ဒါမှမဟုတ် ငါ့ကို လူရှာနိုင်အောင် မောင်းထုတ်တာလား၊ ပြောစမ်းကွာ၊ ငါသိချင်တယ်"

ကျောက်ဝူက ရယ်လေတော့၏။

"ခင်ဗျားဟာ တကယ့်လူပဲ၊ အားလုံးကို ကြိုသိနေတာချည်းပဲ၊ ကျွန်တော်က နှစ်မျိုးစလုံး ရည်ရွယ်တာပဲ"

စိဝမ်က ပြန်မေးလေ၏။ ကျောက်ဝူ၏ရှေ့ခရီးကို သူသိလိုသည်။

"မင်း ဘယ်ကိုသွားမှာလဲ"

"ကျူဟွာတောင်ကိုသွားမယ်"

"ဘာကိစ္စလဲကွ"

"လူတစ်ယောက်ကို သွားစောင့်ဖို့ပေါ့ဗျာ"

"မင်းက ဒီလူကို သိလို့လား"

"မသိပါဘူး"

စိဝမ် ရယ်လေတော့သည်။

"မင်းကို ငါက အထင်းကြီးပါတယ်ကွ၊ မင်းဟာ သေချာတဲ့



အလုပ်ကို လုပ်တတ်တယ် မဆိုးဘူး၊ ဘာညာကွိကွပေါ့ကွာ၊ အခုတော့ မင်းဟာ ဘယ်လိုမှ မသေချာတဲ့အလုပ်ကို လုပ်ဖို့ ကြံနေပါကလား"

"ခင်ဗျား ဒီလိုထင်ရင် မှားသွားမှာပေါ့ဗျာ"

"မင်းစောင့်ရမယ့်လူကို မင်းပဲမသိဘူးလို့ ပြောတယ် မဟုတ်လား"

"သည်လူရဲ့နာမည်ကို ကျွန်တော်မသိတာတော့ အမှန်ပါပဲ"

စိဝမ် မျက်မှောင်ကုတ်ပြီး မေးလိုက်သည်။

"သူက ဘယ်အဖွဲ့ကလဲ၊ ဘယ်မှာနေသလဲ"

စိဝမ်က သေချာအောင် စစ်ဆေးမေးမြန်းနေ၏။ စိဝမ်၏ အမေးအမြန်းများကို ကျောက်ဝူ စိတ်တိုလာ၏။

"ဘယ်အဖွဲ့ကလဲ၊ ဘယ်မှာနေသလဲဆိုတာတွေ ကျွန်တော် မသိဘူး"

"ဟား ဟား ဟား"

စိဝမ်က အားရပါးရ ရယ်မောလေတော့၏။

"ခင်ဗျား ဘာကိုရယ်တာလဲ"

"ငါရယ်တာက ရှင်းရှင်းလေးပဲ၊ မင်းလုပ်ရပ်က အဓိပ္ပာယ် မရှိတာကို ရယ်တာပေါ့ကွ၊ ဘယ်သူလဲ၊ ဘယ်မှာနေသလဲ၊ ဘယ်

အဖွဲ့ကလဲဆိုပြီး ဘာမှမသိတဲ့လူတစ်ယောက် မင်းသွားစောင့်တာ ဘာအဓိပ္ပာယ်ရှိရဲ့လား ... ဟား ... ဟား ... ဟား"

စိဝမ်၏ရယ်သံသည် အခန်းထဲ၌ ဘောင်ဘင်ခတ်သွားလေ၏။

✵ ✵ ✵



## အခန်း (၅၇)
## လျှပ်ပြက်သကဲ့သို့လျင်မြန်သူ

ကျောက်ဝူက စိဝမ်အား တည်ကြည်စွာ ကြည့်လိုက်၏။ ထိုအခါ ကျောက်ဝူ တစ်စုံတစ်ခုပြောတော့မည်ကို စိဝမ်သိလိုက်၏။ စိဝမ်က မေးလိုက်၏။

"မင်း တစ်စုံတစ်ခုပြောချင်တဲ့ပုံပဲ"

"ဟုတ်တယ်ဗျာ၊ ကျွန်တော် ပြောချင်တယ်၊ ဒီလူဘာဆိုတာ ကျွန်တော်မသိပေမယ့် သိတာတစ်ခုကတော့ ရှိပါတယ်"

"ဘာလဲကွ၊ မင်း ငါ့စိတ်ဓာတ်ကိုလည်း သိတယ်၊ မင်းရဲ့စိတ်ဓာတ်ကိုလည်း ငါသိတယ်၊ ပြောပါ"

ကျောက်ဝူ စဉ်းစဉ်းစားစားပြောသည်။

"ထန်မိသားစုကို တိုက်ခိုက်နိုင်တဲ့လူ၊ အနှစ်နှစ်ရာကျော်ကျော်ကြာခဲ့တဲ့ ထန်မိသားစုရဲ့လက်နက်ပုန်းကို ရင်ဆိုင်တိုက်ဖျက်နိုင်တဲ့လူရှိရင် အဲဒီလူပဲဖြစ်ရမယ်၊ သူကလွဲလို့ ဘယ်သူမှမရှိဘူး။

ကျွန်တော် ဒီလူကို ဘာကြောင့်တွေ့ချင်တယ်ဆိုတာ ခင်ဗျား သိပြီလား"

စိဝမ် တကယ်စိတ်ဝင်စားသွားလေ၏။ ကျောက်ဂူက ထိုအချက်ကို သိသည်။ ပထမ သူ သွားစောင့်မည်ဟု ပြောဆိုသောအခါ ဘာမျှအဓိပ္ပာယ်မရှိကြောင်း စိဝမ်က မှိုချိုးမျှစ်ချိုးပြောသည်ကို သူ အတော်သည်းခံခဲ့ရသည်။ ဤအကြောင်းကို သူ တမင်မပြောခဲ့ဖြင်းဖြစ်သည်။ ထုတ်ပြောလိုက်ပါက စိဝမ်စိတ်ဝင်စားလာမည်ကို သူသိရှိ၏။ ယခု ထုတ်ပြောလိုက်ပေပြီ။ စိဝမ် တကယ်လည်း စိတ်ဝင်စားခဲ့လေပြီ။ စိဝမ်က စိတ်ဝင်စားစွာပြော၏။

"တစ်ခုတော့ရှိတယ်"

"ဘာတစ်ခုလဲဗျ"

"ထန်မိသားစုရဲ့လက်နက်ကို ဖြိုခွင်းမယ့်လူရှိရင်ပဲ ဒီလူပဲလို့ မင်းပြောတယ်၊ တစ်ခုလိုတယ်ကွ၊ သူက ထန်မိသားစုရဲ့လက်နက်ကို ဘာလက်နဲ့နဲ့ ဖြိုခွင်းမှာလဲ၊ လက်နက်ကိုသိဖို့လိုတယ်၊ ဒါမှဖြစ်နိုင် မဖြစ်နိုင် စဉ်းစားနိုင်မှာပါ"

ကျောက်ဂူက တည်တည်ကြည်ကြည်ပင် ပြော၏။

"ကျွန်တော် သိပါတယ်"

"ဘာနဲ့လဲ"



"ဓား ... နဲ့"

စိဝမ် ပြုံးလိုက်၏။ သူ့အပြုံးက မဲ့ပြုံး။

"ငါပြောမယ်၊ မင်းကို ငါအထင်သေးလို့ပြောတာ မဟုတ်ဘူး၊ မင်းဟာ ငါ့လောက် အတွေ့အကြုံမရှိပါဘူး၊ ဒါကိုတော့ မင်းဝန်ခံရမယ်၊ ထန်မိသားစုရဲ့လက်နက်ပုန်းပညာကို မင်းတွေ့ဖူးရဲ့လား"

သူသည် ထန်မိသားစု၏အတွင်းလူ မဟုတ်သူများ၏တိုက်ခိုက်မှုကိုသာ ခံရဖူးသည်။ တကယ်တမ်း မိသားစု၏ပညာကို သူ မတွေ့ဖူးပါ။ သို့သော် ထိုပညာအကြောင်း ကြားသိခဲ့ဖူး၏။ ထန်လက်နက်ပုန်းပညာကား အဘယ်နည်း။

ထန်မိသားစုဝင်များသည် လူတစ်ယောက်က တိုက်ခိုက်ပြီဆိုပါက ထိုလူသည် လက်နက်ပုန်း (၆၄)ခုကို တစ်ပြိုင်တည်း ပစ်နိုင်သည်ဟူ၏။ ထူးခြားသည်မှာ ထိုလက်နက်ပုန်း (၆၄) ခုသည် ပြန့်ကျဲပြီး ဝင်သည့်နေရာဝင်၊ စုဝင်သည့်နေရာ မဝင်ချေ။ ခန္ဓာကိုယ်အနှံ့အပြား (၆၄) နေရာသို့ ပြန့်ကျဲပြီး ထိမှန်နိုင်သည်တဲ့။ မည်မျှထူးဆန်းပါသနည်း။

လူတစ်ယောက်သည် ထိုသို့ပစ်နိုင်ရန် နှစ်ပေါင်းများစွာလေ့ကျင့်ပါ။ ထိုကဲ့သို့ (၆၄) နေရာလုံး ပြန့်ကျဲထိမှန်လိမ့်မည် မဟုတ်ပါ။ ထန်မိသားစုဝင်၏လက်နက်ကိုရန်သူသည် ရှောင်တိမ်းနိုင်စွမ်း

ရှိလိမ့်မည် မဟုတ်ပါ။

ဤသို့ထန်မိသားစု၏လက်နက်ပုန်း (၆၄) ခုပစ်ခဲ့သည့် အတွေ့အကြုံကို စိဝမ်တွေ့ရှိခဲ့ဖူးသည်။ သူ ငယ်စဉ်ကာလက ဖြစ်ပါသည်။ ထိုစဉ်က သူပုန်းနေခဲ့သည်။ အသံမကြားအောင် ပုန်းနေခဲ့သဖြင့် သူ အသက်ရှင်သန်ခဲ့ရခြင်းဖြစ်သည်။ ထိုတိုက်ပွဲကို သူ မြင်တွေ့ခဲ့ရသည်။ ရန်သူသည် မည်သို့မှ မလှုပ်ရှားနိုင်ဘဲ ထိုလက်နက် (၆၄) ခုကို အထိခံပြီး သေဆုံးသွားရသည်။ စိဝမ်က ပြောလိုက်၏။

"ဒီလူက ထန်မိသားစုရဲ့လက်နက်ပုန်းကို ဖြိုခွဲနိုင်မယ်ဆိုရင် လက်ဆယ်ဖက်ရှိရမယ်၊ ဓား ဆယ်လက်ရှိရမယ်၊ သူက လက်ဘယ်နှစ်ဖက်ရှိလို့လဲ၊ လူတိုင်း လက်နှစ်ဖက်ပဲရှိကြတာပဲ၊ မလွယ်ဘူးကွ"

ကျောက်ဝူက ခိုင်မာစွာ ပြော၏။

"သူ လက်နှစ်ဖက်ပဲရှိတယ်၊ ဓားတစ်လက်ပဲရှိတယ်၊ ဒါပေမဲ့ လက်နက်ပုန်းကိုဖြိုခွဲနိုင်တယ်လို့ ကျုပ်ယုံကြည်တယ်၊ သူ ဘယ်လောက်လျှင်မြန်တယ်ဆိုတာက စကားပြောတာပဲဗျ"

စိဝမ်၏မျက်လုံးအစုံသည် အရောင်များတောက်ပလာ၏။ မှန်သည်။ လက်နက်ပုန်း (၆၄) ခုပစ်နိုင်သည့်လူသည် လျင်မြန်မှုကို အခြေခံသည်။ ထိုဓားနှင့်လူသည်လည်း လျင်မြန်လျှင်ရသည်၊



ကျောက်ဝူပြောနေသောလူသည် မည်သူဖြစ်သည်ကို သူက သိရှိလာသည့်အလား ဖြုံးနေ၏။ စိဝမ် တကယ်မှန်းဆမိသွားပြီလော။ ကျောက်ဝူက ...

"သူ့ရဲ့ဓားချက်ဟာ ဘယ်လောက်မြန်သလဲဆိုတာ ခင်ဗျားတစ်သက်မှာ တွေ့ဖူးမှာမဟုတ်ဘူး၊ ကျွန်တော် တွေ့ဖူးတာမဟုတ်ဘူး၊ ကြားဖူးတာနော်"

စိဝမ် မဲ့ပြုံးပြုံးလိုက်၏။

"ထားပါတော့လေ၊ သူက ဒီဓားပညာ မင်းကို သင်ပေးမှာလား၊ မင်းက ဒီဓားပညာကို သွားသင်မှာလား"

ကျောက်ဝူက ...

"သူက ကျုပ်ကို ဓားပညာသင်ပေးမယ်လို့ မပြောပါဘူး၊ သူ ကျုပ်ကို အချိန်မရွေး သတ်ပစ်လို့ရတယ်၊ သူ အဲဒီလောက်မြန်တယ်ဗျာ"

စိဝမ်က ကျောက်ဝူအား ကြည့်လိုက်၏။ ကျောက်ဝူ၏စကားများမှာ ရှေ့နောက်မညီကြောင်း သူတွေ့ရှိနေရသည်။ မြန်ကြောင်း လက်တွေ့သိကြောင်းလည်း ပြောနေ၏။ တစ်ခဏကြာတော့မှ သူက ခေါင်းညိတ်လိုက်၏။

"ငါ နားလည်ပြီ"

ကျောက်ဝူက ပြန်မေးလေ၏။

"ခင်ဗျား ဘယ်လိုနားလည်တာလဲ၊ ခင်ဗျား နားလည်တာ ကျွန်တော့်ကို ပြန်ပြောကြည့်ပါဦး"

စီဝမ်က ...

"တကယ်လို့ သူက မင်းကို မသတ်ချင်ဘူးဆိုရင် သူက မင်းကို ဓားပညာသင်ပေးလိမ့်မယ်၊ တကယ်လို့ သူက မင်းကို ဓားပညာသင်မပေးဘူးဆိုရင် မင်းကို သတ်ပစ်မယ်ဟုတ်လား၊ မင်းပြော တာတွေကြည့်ပြီး ငါ အဲဒီလိုပဲသဘောပေါက်တယ်"

ကျောက်ဝူက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ ဒီအတိုင်းပါပဲ"

✵ ✵ ✵



## အခန်း (၅၈)

## ချိုပင်နှင့်ကျောက်ကန်ဂေဟာ

ချိုပင်သည် ကျောက်ကန်ဂေဟာ၏ ဧည့်ခန်းထဲမှာ ချိတ်ထားသော ကြေးမုံရှေ့တွင်ရပ်နေ၏။

ကြေးမုံကိုကြည့်နေခြင်းဖြစ်ပါသည်။

သူသည် ကြေးမုံပေါ်တွင်ထင်ဟပ်နေသော သူ၏ပုံရိပ်ကို သေချာစွာ အကဲခတ်ကြည့်နေ၏။ မျက်တောင်မခတ်တမ်း ကြည့်နေခြင်းဖြစ်သည်။

သူ့ကိုယ်သူ အားရကျေနပ်မှုရှိတော့မှ ခြေလှမ်းသွက်သွက်ဖြင့် လျှောက်သွား၏။ တကယ်တော့ ကြေးမုံမှန်ပြင်ရှေ့ရပ်သူများသည် မည်သည့်အခါမျှ မကျေနပ်ပေ။ မည်သည့်အခါမှ အားမရချေ။

ချိုပင် ...။

ချိုပင်ဆိုသည်မှာ အလွန်ရုပ်ချောသော လူငယ်တစ်ဦး ဖြစ်၏။ သာမန်ချောသည်ထက် ပိုပါသည်။ အရပ်မှာ မပုမရှည်ဖြစ်ပြီး

ကျန်းမာသန်စွမ်း၏။ မျက်နှာမှာ မည်သို့မျှ အိုမင်းသည့်ပုံမပေါ်သော ကလေးဆန်သည့်မျက်နှာရှိ၏။

အသက်ကတော့ ကလေးမဟုတ်ပါချေ။ အမြဲတမ်းပြုံးရွှင်နေသော သူ၏မျက်နှာကို မြင်တွေ့ရသူတိုင်းမှာ သူ့အပေါ် ချစ်ခင်ကြလေ၏။

သူ၏ဝတ်စားဆင်ယင်ပုံကို ကြည့်ပါဦး။

ဝတ်စားဆင်ယင်ပုံမှာ အရောင်တောက်ပခြင်းမရှိ အနေတော်ရှိ၏။ သင့်တင့်လိုက်ဖက်သော အရောင်ရွေးချယ်တတ်ခြင်းသည် ချောမောသူတို့၏ပညာပင် ဖြစ်ပါသည်။ ပြောဆိုဆက်ဆံပုံမှာလည်း ယဉ်ကျေးသိမ်မွေ့လှပေ၏။ အပေါ်ယံအနေဖြင့် ကြည့်လိုက်မည်ဆိုလျှင် အပြစ်အနာ ချို့ယွင်းချက်မရှိသော လူငယ်တစ်ဦးဖြစ်ပါသည်။

မျိုးရိုးဇာတိကိုလည်း ကြည့်ပါဦး။ ဇာတိမျိုးရိုးလည်း ပြောဖွယ်ရာမရှိပါ။

သူ့ဖခင်ဘက်ကို ကြည့်ပါ။

သူ၏ဖခင်သည် ကျော်ကြားခြင်းမရှိသော အာမခံဌာနခွဲမှူးတစ်ဦး ဖြစ်၏။ ကျော်ကြားခြင်းမရှိ ဆိုသည်မှာ ဟိုးဟိုးကျော်နေခြင်းမဟုတ်ပါ။ သို့သော် သူသည် အနားယူခဲ့သောအချိန်အထိ တစ်ကြိမ်



ဘစ်ခါမျှ အခက်အခဲနှင့် ရင် ဆိုင်ခဲ့ခြင်းမရှိပါ။ နာမည်ပျက်တစ်ခုမျှ မရှိခဲ့ဖူးပါချေ။ တာဝန်ကျေပွန်သောသူတစ်ဦးအဖြစ် မှတ်တမ်းတင်ထားနိုင်ခဲ့သူဖြစ်ပါ၏။

အခြားအာမခံဌာနများမှ ဌာနမှူးများပင် သူ့အား ချီးကျူးပြောဆိုခဲ့ကြလေ၏။ သူ အနားယူသွားသောအခါ မိမိရပ်ရွာသို့ ပြန်သွား၏။

သူသည် သူ့ရပ်ရွာအရောက်တွင်လည်း သိုင်းသင်တန်းတစ်ခု ဖွင့်လှစ်ခဲ့သည်။ သူ၏နာမည်ဂုဏ်သတင်းက ကျော်ကြားသည်။ ထို့ကြောင့် သင်ကြားတက်ရောက်သောလူငယ်များ မနည်းမနောရှိသည်။ သင်တန်းသားများသည် သိုင်းပညာထူးထူးချွန်ချွန်မရှိခဲ့သည်ဖြစ်သော်လည်း မည့်ဖျင်းပါ။ သင်တန်းကျောင်းအုပ်ကြီးကိုယ်တိုင်က သည်လိုလူမျိုးပင် မဟုတ်ပါလော။

မိခင်ဘက်ကို ကြည့်ပါဦး။

ချိုပင်၏မိခင်သည် ဇနီးအလိမ္မာ မိခင်ကောင်းတစ်ဦးဖြစ်၏။ ချက်ပြုတ်သည့်ဘက်တွင်လည်း တော်သည်။ ခင်ပွန်းကိုပြုစုသည့်ဘက်တွင်လည်း တော်သည်။ အပ်ချုပ်ပညာ အထူးကျွမ်းကျင်သော အမျိုးသမီးတစ်ဦးလည်း ဖြစ်လေ၏။ ဆောင်းရာသီအချိန်တွင် ရွာထဲ၌ရှိကြသော ဆင်းရဲသားကလေးများ၏ကိုယ်ပေါ်၌ ဝတ်ဆင်

ထားသော အနွေးထည်များသည် မိခင်ဖြစ်သူကိုယ်တိုင် ချုပ်လုပ်ပေးထားသော အနွေးထည်များ ဖြစ်လေ၏။ သူ လှူဒါန်းထားသော ပစ္စည်းများဖြစ်သည်။

သူတို့မိသားစုသည် ဩဇာအရှိန်အဝါ မရှိပါ။ သူဖခင်၏ လစာသည် သူတို့မိသားစုအတွက် သုံးနိုင်စွဲနိုင်ရုံဖြစ်သည်။ ကြိုကြို တက်ချမ်းသာခြင်းလည်း မရှိပါ။ သို့သော် သူတို့၏အနေအထိုင် ကောင်းသည်။ ထို့ကြောင့် သူတို့၏ ဇာတိရပ်ရွာပါမက ရွာအနီး၌ ရှိသော အခြားရွာများကပါ ချစ်ခင်လေးစားကြလေ၏။

ဤကား ...

နှစ်ဖက်သော်မိဘများ၏ရာဇဝင်ပေတည်း။

ချိုပင်သည် ယခု ၂၃ နှစ်အရွယ်ရှိပြီဖြစ်၏။ အရွယ်ရောက်နေပေပြီ။ မိခင်ဖခင်တို့မှာ ရုပ်ချောသူများဖြစ်၍ သူလည်း ချောမောသည်။ အိမ်ထောင်မပြုသေးပါ။ တစ်ခါတစ်ရံ အရက်အနည်းငယ် သောက်တတ်သည်မှလွဲ၍ အလဟဿဖြုန်းခြင်း သုံးခြင်းမရှိပါ။

သူသည် ၁၆ နှစ်အရွယ်သို့ ရောက်ရှိလာသော်အခါ ဖခင် အမှုထမ်းခဲ့သော အာမခံဌာနတွင် ဝင်ရောက်၍အလုပ်လုပ်၏။ အမှုထမ်း၏။ သိုင်းပညာကိုလည်း သူကြိုးစားလေ့ကျင့်သည်။ သူ့



လုပ်ရပ်များသည် နာမည်ကောင်းချည်းဖြစ်လေ၏။ ၃ နှစ်အချိန်ကြာသွားပြီးနောက် အာမခံဌာနက သူ့ကို ဌာနခွဲမှူးရာထူး ခန့်အပ်ခဲ့လေ၏။ သူ အမှုထမ်းသည့်သက်တမ်းအတွင်း အာမခံဌာနသည် အလွန်အဆင်ပြေခဲ့သည်။ အမှားအယွင်းတစ်ခုမျှ မရှိခဲ့ချေ။

သူ အလုပ်လုပ်နေသော အာမခံဌာနမှာ တဖုန်ထန်အဖွဲ့အစည်းမှ ပိုင်ဆိုင်သည်ကို သိရှိရလေ၏။ တရုတ်ပြည်ရှိ အာမခံဌာနများသည် ဤသို့ ကျောထောက်နောက်ခံကောင်းမှသာ ရေရှည်ရပ်တည်နိုင်သည်။

ထို့ကြောင့် သူသည် တဖုန်ထန်အဖွဲ့ဝင်အဖြစ် စုခုံ၏ လက်အောက်ဌာနခွဲမှူးတစ်နေရာမှာ တာဝန်ထမ်းဆောင်ခဲ့ရ၏။

သူသည် တဖုန်ထန်အဖွဲ့အစည်းထဲသို့ဝင်ရောက်ပြီး မကြာမီ စည်းကမ်းရှိသေမှု တာဝန်ဝတ္တရားကျေပွန်မှုတို့ကြောင့် ဌာနခွဲမှူးနေရာအထိ တိုးတက်ခန့်အပ်ခြင်း ခံခဲ့ရလေသည်။ အလုပ်ကို ရိုသေခြင်း၊ တာဝန်သိခြင်းတို့ကြောင့် ဤသို့ရာထူးတိုးတက်စေခြင်းဖြစ်သည်။

သူရရှိသော ဌာနခွဲမှူးနေရာသည် တိကျသောနယ်မြေပိုင်ဆိုင်မှု မရှိသော်လည်း သူသည် အရေးပါသောဌာနမှူးသုံးယောက်နှင့် တိုက်ရိုက်ဆက်ဆံနေရသောကြောင့် အာဏာသည် နယ်မြေ

ပိုင်ဆိုင်သောဌာနခွဲမှူးထက်ပင် ကြီးကျယ်လှသည်။ သူ တာဝန်ယူထားသော ကိစ္စရပ်များစွာ အထက်အောက်ဆက်သွယ်ခြင်း၊ သတင်းပို့ သတင်းယူခြင်း၊ ထို့အပြင် အခြားသောအဖွဲ့အစည်းတစ်ခုနှင့်ဆက်ဆံခြင်း၊ ကြေးမြီကိစ္စဖြေရှင်းခြင်း စသည့်ဟာဝန်များကိုပါ ထမ်းဆောင်ရ၏။

လူတိုင်းတွင် ကိုယ်ကျွမ်းကျင်ပိုင်နိုင်သော လုပ်ငန်းများရှိသည်။ သူ့ကို ခန့်ထားရာ၌လည်း ဤသဘောတရားကို အသုံးပြုကြသည်။

သူ့အား ယင်းကဲ့သို့ တာဝန်ပေးထားခြင်းမှာ သူ၏ထူးချွန်သောအရည်အချင်းသည် အင်အားသုံးခြင်း၊ လူသတ်ခြင်းမဟုတ်သောကြောင့်ဖြစ်၏။

သူသည် ဆက်ဆံရေးပြေပြစ်လှ၍ ဖြစ်သည်။ လူချစ်လူခင်ပေါများသော လူတစ်ဦးဖြစ်သည်။ လူစိမ်းကိုလည်း ရင်းနှီးအောင်ပြုလုပ်နိုင်စွမ်းရှိသည်။ ထို့ကြောင့် သူသည် မည်သည့်နေရာသို့ရောက်ရှိစေကာမူ တိုတောင်းသောအချိန်တွင် မိတ်ဆွေများစွာနှင့် ပေါင်းသင်းဆက်ဆံလာတတ်ပေ၏။

သူ့အရည်အချင်းများမှာ အသက်အရွယ်နှင့်မလိုက်အောင်ပြည့်စုံလှသည်။ ထို့ပြင် သူ၏အခြားသောအရည်အချင်းတစ်ခုမှာ



အလုပ်လုပ်သည့်နေရာတွင် စေ့စပ်သေချာခြင်းဖြစ်၏။ သူ့ကို တာဝန်တစ်ခုပေးလိုက်လျှင် အဖက်ဖက်မှ ပြည့်ပြည့်စုံစုံဖြင့် ကျေပွန်စွာထမ်းဆောင်နိုင်၏။

စုခုံက သူ့အား မှတ်ချက်ချဖူးလေ၏။ သူ့လုပ်ရပ်များကိုကြည့်ရှုသုံးသပ်ပြီး မှတ်ချက်ချခြင်းဖြစ်လေ၏။

"ဒီကလေးဟာ တစ်နေ့ ငါတို့ တဖုန်ထန်ရဲ့ဌာနမှူးတစ်ယောက်ဖြစ်လာနိုင်တယ်"

ချိုပင်၏တာဝန်များသည် တဖုန်ထန်ကျောင်း၏တာဝန်ခံသုံးဦးနှင့် ဆက်သွယ်ရခြင်းဟု အထက်တွင်ဆိုခဲ့သည်။ ချိုပင်သည် ကျောက်ကန်ကို နှစ်ကြိမ်တွေ့ခဲ့ဖူးလေ၏။ ကျောက်ကန်သည် တဖုန်ထန်ဘုံကျောင်း၏လူကြီးတစ်ဦးပင်။

သို့သော် ကျောက်ကန်၏ဂေဟာသို့ တစ်ကြိမ်တစ်ခါမှ မရောက်ခဲ့ဖူးပါ။

ယနေ့ သူသည် ပထမဆုံး အကြိမ် ကျောက်ကန်ဂေဟာသို့ရောက်ရှိလာခြင်းဖြစ်၏။

စုခုံက ကိုယ်ရေးကိုယ်တာကိစ္စအနည်းငယ်ကို တာဝန်ပေးလိုက်ခြင်း ဖြစ်၏။ ယင်းကဲ့သို့ သူ့အပေါ် ကိုယ်ရေးကိုယ်တာကိုပင်ယုံယုံကြည်ကြည်တာဝန်ပေးခဲ့လျှင် ချိုပင်သည် တဖုန်ထန်၏ စိတ်ချ

ယုံကြည်သော အတွင်းလူတစ်ယောက်ဖြစ်သည်ကို အလိုလိုဖော်ပြနေခြင်း ဖြစ်၏။

ချို့ပင်သည် ထိုတာဝန်ကို ရရှိလိုက်သောအခါ ကိုယ့်ကိုယ်ကိုယ် တည်ငြိမ်စွာဖြင့် အလုပ်တာဝန်ကို လက်ခံနေသည်ဖြစ်သော်လည်း သူ၏ ရင်ထဲမှာ အလွန်လှုပ်ရှားလာ၏။ ကျောက်ကန်၏သမီး ကျောက်ချွန်သည် ကျော်ကြားလှသော မိန်းကလေးတစ်ယောက် ဖြစ်သည်ကို စောစီးစွာကပင် သိထားခဲ့လေ၏။ ကျောက်ချွန်သည် ယခုတိုင် အိမ်ထောင်မပြုသေးပါ။ သူမအစ်ကိုကျောက်ဝူက အိမ်မှ ထွက်သွား၍ ကျောက်ကန်ဂေဟာ၏တာဝန်ကို ကျောက်ချွန်က ထမ်းဆောင်ရသည်။

ချို့ပင်သည် ရည်မှန်းချက်တစ်ခုရှိ၏။

တစ်နေ့ သူသည် ကျောက်ချွန်၏သတို့သားဖြစ်ရန်ဖြစ်၏။ ဤရည်မှန်းချက်သည် သူ၏ ရင်ထဲတွင် သိုသိပ်ထားသည်။ သူသည် မကြာခဏစိတ်ကူးခဲ့၏။ ကျောက်ချွန်သည် သူ၏အိပ်မက်များကို အပိုင်စီးခဲ့သည်။ ကျောက်ချွန်သည် သူ၏အတွေးများဆီသို့ ဝင်လာတိုင်း သူ ရင်ခုန်ခဲ့ရသည်။



ယနေ့ ခုနစ်လ၊ လဆန်း ငါးရက်ဖြစ်၏။

ကျောက်ကန်သေသောနေ့သည် လေးလကြာခဲ့ပြီဖြစ်၏။ သူတို့သည် ကျောက်ကန်သေသည်မှာ မနေ့တစ်နေ့ကလိုပင် ထင်နေကြလေ၏။

ထိုလေးလအတွင်း ...

ကျောက်ဝူသတင်းကိုမကြားရ။ ကျောက်ဝူ၏သတင်းသည် ပျောက်နေ၏။

ကျောက်ဝူ မည်သည့်နေရာသို့ ရောက်ရှိနေသနည်း။

ကျောက်ဝူတစ်ယောက် ပျောက်ဆုံးသွားပြီလော သို့မဟုတ် သေဆုံးသွားပြီလော။

ရာသီဥတုသည် ပူအိုက်လွန်းလှ၏။ လူတိုင်း အပူဒဏ်ကို ခံကြရသည်။ အိမ်တိုင်း ပြတင်းပေါက်များကို ဖွင့်ထားကြ၏။

ကျောက်ကန်၏ဧည့်ခန်းသည် ကျယ်ဝန်းလှ၏။ ကျယ်ဝန်းခြင်းမှာ အပူဒဏ်ခံနိုင်ခြင်း မဟုတ်ပေ။ ထို့ကြောင့် အချိန်ကြာကြာထိုင်သည်နှင့် ချွေးတို့ထွက်လာမည်ဖြစ်သည်။

ဝေဖုံသည် မျက်နှာသုတ်ပဝါကို ရေစွတ်၍ စုခုံချွေးသုတ်ရန်

လှမ်းပေး၏။ ဝေဖုံသည် လူကြီးသူမများကို အလွန်ရိုသေသည်။ စုခုံကိုလည်း ရိုသေလေးစားစွာ ဆက်ဆံသည်။ ဝေဖုံသည် ယဉ်ကျေးသောမိန်းကလေးဖြစ်၏။ စဉ်းစားဉာဏ်လည်း ရှိသည်။ ယခုအခါ သူမ၏စိတ်ဓာတ်နိုင်မာ၍ လုပ်ကိုင်တတ်သည့်အရည်အချင်းတို့ ပေါ်လွင်လေ၏။

ကျောက်ဝှမရှိသော်လည်း သူမသည် အိမ်အလုပ်ဟူသမျှ ဝိုင်းဝန်းကူညီသည်။ ကျောက်ချန်နှင့်အတူ အိမ်ကိစ္စတို့ကို လုပ်ပေးသည့် အလုပ်သမားတို့နှင့်အတူ အလုပ်ကူလုပ်ပေးသည်။

သူမသည် မည်သည့်အခါမျှ ဉာဂေဟာပိုင်ရှင်ဖြစ်သည်ဟု ကြွားဝါခြင်းမရှိပါ။

မိန်းမမြတ်တို့၏အရည်အချင်းတို့သည် သူမကိုယ်ပေါ်၌ စုပုံရောက် ရှိနေ၏။

ဤမျှ အရာရာပြည့်စုံသောမိန်းမမှာ သူ၏ခင်ပွန်း ပျောက်နေ၍ ခံစားနေရသည်မဟုတ်ပါလော။

သို့သော် ...

သူမခံစားမှုကို သူမ မျိုသိပ်ထားသည်။ သူခံစားမှုကို သူမ၏မျက်နှာတွင် လုံးဝမပေါ်လွင်စေပါ။ စုခုံသည် ဝေဖုံအား စိတ်မသက်သာစွာဖြင့် ကြည့်နေ၏။



"ဘာဖြစ်လို့ အလွန်တော်တဲ့မိန်းမကိုမှ ကံဆိုးခြင်းက ရွေးချယ်ရတာလဲ"

စုခုံက ညည်းညူလိုက်ပါ၏။

✳ ✳ ✳

## အခန်း (၅၉)
## လူပျောက်သတင်း

ကျောက်ချွန်၏ကိုယ်တွင် အနက်ရောင်ဂါဝန်ဝတ်ထား၏။ အနက်ရောင်သည် ဝမ်းနည်းခြင်း အထိမ်းအမှတ်ပင်။ ယင်းသို့ဝတ်ထားခြင်းမှာ ဖခင်ကွယ်လွန်သော ဝမ်းနည်းဖွယ်အထိမ်းအမှတ်ဖြစ်၏။

ဖခင်ရှိစဉ်က ဖခင်ကြီး မကျန်းမာဖြစ်သော်လည်း အားလုံးပျော်ရွှင်နေကြသည်သာဖြစ်သည်။ ဖခင် ရုတ်တရက်ကွယ်လွန်ခြင်းကြောင့် သူမ၏မိသားစုမှာ အကြီးအကျယ်ပြောင်းလဲသွား၏။ အိမ်ထောင်ဦးစီးဖြစ်သူ ကျောက်ဝူက အိမ်မှထွက်သွားသဖြင့် သူမက ဂေဟာတစ်ခုလုံးကို တာဝန်ယူနေရသည်။ ကျောက်ဝူ ထွက်သွားခြင်းမှာ လက်စားချေလို၍ဖြစ်ကြောင်း အားလုံးက သိရှိကြ၏။

သူ့ အလုပ်အောင်မြင်ပါစေဟုသာ ဆုတောင်းလေ၏။ ကျောက်ချွန်သည် အိမ်အလုပ်များကို ဝေဖုံနှင့်ရက်ပေါင်းများစွာ



လုပ်ကိုင်ခဲ့ရခြင်းကြောင့် ကလေးစိတ်များပျောက်ကွယ်သွားခဲ့ရသည်။ သူမသည် ခါတိုင်းလို ပျော်ချင်ရာပျော်၊ ပြောချင်ရာပြောသော ကလေးဆန်သော မိန်းကလေးမဟုတ်တော့ပါ။

သူမသည် ကိုယ့်ခြေထောက်ပေါ် ရပ်နိုင်သော မိန်းမတစ်ယောက်ဖြစ်လာ၏။ သူမသည် ရင့်ကျက်လာသည်။ ယင်းသို့ပြောင်းလဲသွားခြင်းကြောင့် သူမသည် ပို၍လှလာလေ၏။ ယခင်က လှပြီးသူပို၍လှလာသည်ဟုဆိုသောအခါ ဆိုဖွယ်ရာမရှိတော့ပေ။ အရည်အချင်းပို၍ ပြည့်ဝလာသည်။ ထို့အပြင် သူ၏ခန္ဓာကိုယ်မှာ ဖွံ့ဖြိုးလာခြင်းကြောင့် အလှဂုဏ်သည် ပို၍ကျော် ကြားလာသည်။ တံခါးစောင့်က ရောက်ရှိလာ၏။

"သခင်မလေး အပြင်မှာ ပထမဌာနခွဲမှူးရဲ့လက်အောက် ချိုပင် တွေ့ခွင့်တောင်းနေပါတယ်"

ပထမဌာနမှူးမှာ စုခုံပင်ဖြစ်သည်။ ချိုပင်ရောက်မလာမီ စုခုံက သူမအား ရှင်းပြထားပြီးဖြစ်သည်။ ချိုပင် ယခုလုပ်ဆောင်နေခြင်းသည် ကျောက်ကန်ဂေဟာနှင့် ပတ်သက်နေသည်။

"ချိုပင်ဆိုတဲ့လူငယ်ကို ငါခေါ် လိုက်တာ ကျောက်ဝူကို လိုက်ရှာဖို့ တာဝန်ပေးထားလို့ပါ"

ကျောက်ချွန်က မေးလိုက်လေ၏။

"သူသတင်းရလာသလား အဘ၊ အစ်ကိုရဲ့သတင်းကို ကျွန်မလည်း သိချင်တယ်၊ မမဝေပုံလည်း သိချင်မှာပဲပေါ့"

စုခုံက ပြောပြသည်။

"သူ့ကို မမေးရသေးပါဘူးကွယ်"

သူက ဆက်၍ပြောလိုက်၏။

"အဲဒီကိစ္စက ငါတူမတို့မိသားစုနဲ့ တိုက်ရိုက်ပတ်သက်နေတယ်မဟုတ်လား၊ ငါတူမတို့ရှေ့မှာမေးတာ ပိုကောင်းမယ်ထင်လို့ပါ"

ချိုပင် အဘယ်ကြောင့် ကျောက်ကန်ဂေဟာသို့ ရောက်ရှိလာခြင်းကို သူမ သဘောပေါက်သွားလေ၏။ သူမက တံခါးစောင့်အား ခေါင်းညိတ်ပြ၏။

"ခေါ်ခဲ့ပါ"

တစ်ခဏအကြာတွင် ချိုပင်ရောက်ရှိလာ၏။ သူ၏မျက်နှာထားမှာ ပြုံးရှင်းပြီး ယဉ်ကျေးသိမ်မွေ့လှ၏။ သို့သော် ကျောက်ချန်သည် သူ့အား မြင်တွေ့လိုက်သည်နှင့် ဘဝင်မကျပါ။ သူမသည် အဝတ်အစားကို သန့်ပြန့်စွာဝတ်ထားပြီး ဆံပင်များကို ကျကျနနဖြီးလိမ်းထားသော ယောကျာ်းမျိုးကို ကြည့်မရပါ။

ယောကျာ်းတို့သည် အလှအပကို မမက်သင့်ဘဲ လုပ်ရဲကိုင်



ရဲ၊ တည်ခန့်မှုရှိရမည်ဟု မှတ်ယူထားသည်။ ကံကောင်းသည်မှာ ချိုပင်သည် အခြားယောကျာ်းများကဲ့သို့ သူမ၏မျက်နှာအား မခွာဘဲ ကြည့်တတ်ခြင်း မရှိပါ။ သို့အတွက် သူ ကံကောင်းသွားပါသည်။

သူသည် စကားကိုလည်း အပိုအလိုမပြောပါ။ တိတိကျကျ ပြောပြီး အခြားလူများ၏စကားကိုသာ နားထောင်တတ်ခြင်းဖြစ်ပါသည်။ သူသည် ကျောက်ချန်အား စည်းကမ်းအရ ဦးညွှတ်ဂါရဝစပြုပြီးနောက် ဤသို့သတင်း ပြောကြားလိုက်လေ၏။

"သုံးလ၊ နှစ်ဆယ့်ရှစ်ရက်နေ့မှာ သခင်လေးကို တွေ့ခဲ့တဲ့လူ တွေ့ခဲ့ပါတယ်၊ အဲဒီနောက်ပိုင်း ဘယ်သူကမှ သူ့ကို 'မတွေ့ရတော့ပါဘူး"

စုခုံက ...

"သူ့ကို နောက်ဆုံး ဘယ်နေရာမှာ တွေ့ခဲ့သလဲ"

ချိုပင်က မေးသည်။

"ကျူပွာစန်းတောင်ခြေရင်းမှာရှိတဲ့ ထိုက်ပေတည်းခိုခန်းမှာ တွေ့ခဲ့ပါတယ်၊ ဒါ နောက်ဆုံးပါပဲ"

စုခုံက ခွင့်ပေးလိုက်၏။

"ကျောက်ဂူနဲ့ ပတ်သက်သမျှ သတင်းတွေကို မင်း ပြောပြပါ"

ချိုပင်သည် အပြည့်အစုံသတင်းပေးသည်။ သူစုံစမ်းရသမျှသာ ဖြစ်ပါသည်။

"အဲဒီနေ့ သူဟာ မြို့ကလေးမှာ အရက်နဲ့စားသောက်ဖွယ်ရာများ ဝယ်ပြီးတော့ ထိုက်ပေတည်းခိုခန်းကိုသွားတယ်လို့ သိရပါတယ်"

"သူစီးတဲ့ မြင်းကိုလည်း တည်းခိုခန်းမှာ ကျွေးမွေးဖို့ ငွေပေးပြီး အပ်ခဲ့ပါတယ်၊ သူဟာ တကယ်သေချာပါတယ်၊ မြင်းကို အစာကျွေးတဲ့လူကိုလည်း ငွေပြည့်ပြည့်စုံစုံပေးခဲ့ပါတယ်"

စုခုံသည် စဉ်းစား၍ပြောလိုက်၏။

"ဒီအတိုင်းဆိုရင် သူဟာ ကျူပွာစန်းတောင်ကို တက်သွားတာဖြစ်ရမယ်"

ချိုပင်က ...

"အားလုံး ဒီလိုပဲ ထင်နေကြပါတယ်၊ ဒါပေမဲ့"

စုခုံ မပြောခင် ကျောက်ချန်က ကြားဖြတ်လိုက်၏။

"ဒါပေမဲ့ ဘာဖြစ်သလဲ မြန်မြန်ပြော"

သူမသည် စကားကို အပင့်အထောက်၊ အခြေအတင်၊ အကျိုးနှင့်အကြောင်း တဖြည်းဖြည်း လိပ်ပတ်လည်အောင် ရှင်းပြခြင်းမျိုးကို သဘောမကျပါ။ အချက်အလက်များ ပြောပြသွားခြင်းကို



သာ သဘောကျပါသည်။ ချိုပင်သည် ဤသဘောကို ချက်ချင်းနားလည်၏။ ထို့ကြောင့် တစ်ဆက်တည်း ပြတ်ပြတ်သားသားပြော၏။

"သူ တောင်ပေါ်တက်သွားပြီးတဲ့နောက်မှာ ပြန်ဆင်းမလာတော့ပါဘူး"

သူမက ...

"ရှင် ဘယ်လိုလုပ်သိသလဲ"

ချိုပင် ...

"သူတည်းခိုတဲ့ မြို့ကလေးဟာ တောင်တက်တောင်ဆင်းတဲ့လူများအတွက် အဓိကမြို့လေး ဖြစ်နေလို့ပါ၊ အဲဒီတည်းခိုခန်းမှာ သခင်လေးရဲ့ မြင်းကို ကျွန်တော် သွားကြည့်ခဲ့တယ်၊ အလွန်အပြေးမြန်တဲ့ မြင်းတစ်ကောင်ပါ"

သူ စကားကို အပြတ်မခံဘဲ ဆက်၍ပြောသည်။

"ကျွန်တော်တော့ ဒီလိုထင်မိပါတယ်၊ တကယ်လို့ သခင်လေးဟာ တောင်ပေါ်က ဆင်းလာပြီဆိုရင် ဒီလောက်တန်ဖိုးရှိတဲ့ မြင်းကို အခုလိုထားခဲ့မှာ မဟုတ်ဘူး"

သူ အနည်းငယ် စဉ်းစားလိုက်၏။ စကားဆက်ပြန်၏။

"ကျွန်တော် ဆိုင်ရှင်နဲ့သွားပြီး စကားပြောခဲ့တယ်၊ သူပေးခဲ့

တဲ့ ငွေဟာ ဒီမြင်းကို တစ်နှစ်တိတိ ကျွေးနိုင်တယ်လို့ ပြောပါတယ်"

သူမ မျက်မှောင်ကုတ်သွား၏။ သူမ၏အတွေးကို စိတ်ထဲ၌ မထားပါ။ ချက်ချင်းမေးပါသည်။

"အစ်ကိုက တောင်ပေါ်မှာ တစ်နှစ်နေဖို့ ရည်ရွယ်ထားလို့လား"

သူက ...

"ဒီအချက် ကျွန်တော်လည်း စဉ်းစားမိပါတယ်၊ ဒါကြောင့် တောင်ပေါ်ကို လူဆယ့်နှစ်ယောက်လွှတ်ပြီး ရှာခိုင်းလိုက်တယ်"

သူမက ...

"ဘာတွေ့ခဲ့သလဲ"

ချိုပင်က ...

"သူတို့ဟာ အလွန်စေ့စပ်တဲ့လူတွေ ဖြစ်ပါတယ်၊ တောင်ပေါ်မှာရှိတဲ့ ဘုရားကျောင်းပျက်တွေတောင် လိုက်ရှာပါသေးတယ်၊ ဒါပေမဲ့ သဲလွန်စတောင် မရခဲ့ပါဘူး၊ သူဟာ တောင်ပေါ်မှာ လုံးဝမရှိတော့ပါဘူး"

သူမက အံ့သြဟန်ဖြင့် မေးသည်။

"သူ တောင်ပေါ်တက်သွားတာ သေချာတယ်"

"တောင်ပေါ်တက်သွားပြီမှ ဘယ်လိုလုပ် ပျောက်သွားတာလဲ"



ချိုပင်က ...

"သခင်လေးဟာ တောင်ပေါ်ရောက်ချင်မှ ရောက်မယ်၊ ဘာဖြစ်လို့လဲဆိုရင် တောင်ပေါ်မှာ ဘုန်းကြီးကျောင်းတွေ အများကြီးရှိတယ်၊ သူတို့က တစ်ကျောင်းပြီးတစ်ကျောင်း လိုက်စုံစမ်းပေမယ့် ရောက်မလာဘူးလို့ပဲ ပြောကြပါတယ်"

ကျောက်ဝှက်ဲ့သို့ ထူးချွန်သော လူငယ်တစ်ဦးကို မည်သူမဆို တစ်ကြိမ်တွေ့ခဲ့ဖူးလျှင် ကောင်းစွာမှတ်မိကြမည်ဖြစ်၏။ ယခုတော့ ကျောက်ဝှက်ို မတွေ့ကြပါ။ ကျောက်ဝှသည် ထူးဆန်းစွာ ပျောက်ဆုံးခဲ့ပါပြီ။

✹ ✹ ✹

## အခန်း (၆၀)

## ခြေရာအဆင့်ဆင့်စံသူများ

စုခုံသည် အသက်အရွယ်အရလည်းကောင်း၊ အတွေ့အကြုံ အရလည်း အရင့်ကျက်ဆုံးလူဖြစ်၏။

"ကျူပွှာစန်းတောင်ကို မတက်ခင်မှာ သူ ဘယ်သူတွေနဲ့ တွေ့ခဲ့သလဲ"

ချိုပင်က ...

"သူ့ကိုတွေ့တဲ့လူ တော်တော်များတယ်၊ လူတော်တော် များများက မှတ်မိကြပါတယ်၊ သခင်ကလေးကို သိနိုင်ကြတာပါပဲ"

စုခုံ ...

"မင်း ပြောတယ်နော် သူ့ကို လူအတော်များများ သိကြ တယ်၊ ဟုတ်လား"

ချိုပင် ...

"ဟုတ်ပါတယ်ဗျာ"



စုခုံက ...

"သူ့ကို ဘာကြောင့် သိကြတာလဲ၊ ဒါဟာ တော်တော်ထူး ဆန်းတယ်"

ကျောက်ချွန် ခေါင်းညိတ်၏။ သူမ၏ပြောစကားမှာ အဓိပ္ပာယ်ရှိ၏။

"ဟုတ်တယ်၊ အစ်ကိုက ဒီတောင်ကို တစ်ခေါက်မှမရောက် ဖူးပါဘူး၊ ဒီပတ်ဝန်းကျင်ဟာ အစ်ကို့အတွက် အသစ်ပဲ၊ ဘာကြောင့် ပတ်ဝန်းကျင်သဘောသိနေရတာလဲ"

ချိုပင်သည် ဤအကြောင်းကို ဖုံးကွယ်ထားရန် စိတ်ကူး သော်လည်း သူမ မျက်နှာထား မြင်လိုက်သဖြင့် စိတ်ပြောင်းလဲလိုက် ၏။ သူက လိုရင်းတိုရှင်းပြလေ၏။

"သူဟာ သုံးလ၊ လဆန်း ရှစ်ရက်ကနေ သုံးလ၊ နှစ်ဆယ့် သုံးရက်အထိ လဝက်အချိန်မှာ အဲဒီနီးစပ်ရာမြို့လေး ဆယ့်သုံးမြို့ မှာ အတော်နာမည်ကြီးတဲ့ လူတစ်ဦးဖြစ်ခဲ့လို့ပါ"

ကျောက်ချွန် မျက်မှောင်ကုတ်သွား၏။

"တော်တော်ထူးဆန်းတာပဲ၊ အစ်ကို ဘာတွေလျှောက်လုပ် နေတာလဲ၊ သူက စန်ကွမ်ကိုလိုက်ရှာနေတာ မဟုတ်လား၊ လူမရှာ ဘဲ ဘာလုပ်နေတာလဲ"

ချိုပင်က ...

"အဲဒီလဝက်အချိန်က သူဟာ အန်စာကစားရာမှာ ခြောက်သုံးလုံးကို အကြိမ်ပေါင်း ၃၉ ကြိမ် နိုင်ခဲ့လို့ပါ၊ ဒါတင်မကပါသေးပါဘူး၊ လောင်းကစားဘုရင် ကျိုချစ်ကတောင် သူ့ကို ရှုံးသွားပါတယ်"

သူ စကားဆက်၏။

"အဲဒီရက်များထဲမှာ မြို့ ၁၃ မြို့မှာရှိတဲ့ လောင်းကစားဂေဟာအားလုံး သူ့ကြောင့် ပြိုလဲပျက်စီးသွားတဲ့အထိ အရှုံးကြီး ရှုံးခဲ့တယ်လို့ သိရပါတယ်"

ဖခင်ကွယ်လွန်သွားသည်မှာ လပိုင်းမျှသာ ရှိသေးသည်။ ကျောက်ဝူက ဤကဲ့သို့ လောင်းကစားမှုကို မလုပ်သင့် မလုပ်အပ်ပေ။ လုပ်သည်ဆိုလျှင် သူ့အမှားပေ။ ချိုပင်က ယခုကဲ့သို့ အမှန်ပြောပြခြင်းမှာ သူမ၏စိတ်သဘောကို အကဲခတ်မိသောကြောင့် ဖြစ်သည်။

သူမသည် ဆိုးသည် ကောင်းသည်မဟုတ်ပါ။ အမှန်သိလိုခြင်းသာ စိတ်တွင်း၌ရှိသည်။ သူမသည် လိမ်ညာပြောဆိုခြင်းကို အလွန်ရွံမုန်းတတ်သော မိန်းကလေးတစ်ဦးဖြစ်သည်ကိုလည်း သူက ချက်ချင်း အကဲခတ်မိသောကြောင့်ဖြစ်၏။

ကျောက်ဝူ ယခုသို့ ပြုလုပ်ခဲ့သည်မှာ အလွန်အရေးပေါ်



သော ကိစ္စရှိရမည်ဟု ရိပ်စားမိ၏။ ချိုပင်သည် ကျောက်ဝူကို အထင်မသေးပါ။ ဝေဖန်းလျှံမျက်နှာ ကွက်ခနဲ ပျက်သွား၏။ သတင်းက မကောင်းသောသတင်းဖြစ်နေသည် မဟုတ်ပါလော။ ကျောက်ချန်က ထအော်သည်။ သူ မခံနိုင်တော့ဘဲ ပေါက်ကွဲသွားသည်။

"အစ်ကိုက ဘာကြောင့် ဒီလိုလုပ်ရတာလဲ၊ သူက ဒီလူစားမျိုး မဟုတ်ဘူး၊ ရှင်လိမ်ပြောတာ ဖြစ်ရမယ်"

ချိုပင်က ငြင်းဆိုခြင်း မဲပြုပါ။ ငြင်းဆိုရန်လည်း ဆန္ဒမရှိပါ။ သူသည် လိမ္မာပါးနပ်စွာဖြင့် စကားတစ်ခွန်းမှ မပြောဘဲ ပါးစပ်ပိတ်ထား၏။ စုခုံက ဝင်ရောက်ဖြေရှင်းလိုက်၏။

"ချိုပင်ဟာ လိမ်မပြောဝံ့ဘူးဆိုတာ အဘယုံတယ်၊ ကျောက်ဝူကလည်း ကစားသမား မဟုတ်ဘူးဆိုတာလည်း အဘယုံတယ်၊ သူ အခုလိုလုပ်နေရတာ ရည်ရွယ်ချက်တစ်ခုခု ရှိလိမ့်မယ်လို့ အဘယုံတယ်"

အမှန်မှာ စုခုံသည် ကျောက်ဝူ ဤသို့ပြုသည်မှာ စီဝမ်ကို မျှားခေါ်ရန်ဖြစ်သည်ဟု သိရှိထားသည်။ စုခုံသည် ရှောင်လိုနှင့်တွေ့ပြီးပြီ မဟုတ်ပါလော။ သူသည် အခြေအနေအရပ်ရပ်ကို သိနေသည်။ တောင်ပေါ်တက်သွားသည်မှာလည်း လူတစ်ဦးကို လိုက်ရှာခြင်းဖြစ်သည်ဟု သိရှိထားသည် မဟုတ်ပါလော။

လူတကာထက် သူက ပိုလှုပ်ရှားထားသည်။ ထို့ကြောင့် လူတကာထက် ပို၍သိသည်။ သို့သော် ဖွင့်ဟပြောဆိုခြင်း မပြုပါ။ အမှန်အတိုင်း ထုတ်ဖော်ပြောဆိုလိုက်လျှင် သူမက ပို၍ စိတ်သောကဖြစ်ရမည်ကို စိုးရိမ်သောကြောင့် ဖြစ်၏။ အခြေအနေသည် စောင့်ကြည့်ရမည့်အခြေအနေ ဖြစ်လေ၏။ သူမက ချိုပင်အား မေး၏။

"၃ လ၊ ၂၈ ရက်မတိုင်ခင် သူဘယ်မှာရှိလဲ"

ချိုပင်က ...

"၃ လ၊ ၁၃ ရက် မွန်းတည့်ချိန်မှာ သူဟာ စုချွမ်စားသောက်ဆိုင်မှာ ဂေဟာဂိုင်ရှင်နှစ်ဦးနဲ့အတူ ထမင်းစားတယ်၊ စုချွမ်နဲ့ထန်မိသားစုအဖွဲ့သားနှစ်ဦး သုံးဦးကို တိုက်ခိုက်ခဲ့တယ်"

သူ စကားဆက်သည်။

"ဒီသုံးဦးရဲ့အကြောင်းကို ကျွန်တော် လေ့လာစုံစမ်းပြီးပါပြီ၊ တစ်ဦးက ထန်မိသားစုရဲ့မြေးပါ၊ ကျန်တစ်ဦးကတော့ အစွယ်အပွားတွေပါ၊ ထူးခြားတာကတော့ ထန်မိသားစုတွေရဲ့ တိုက်ခိုက်ခြင်းပါပဲ"

ကျောက်ချန် မဲ့ပြုံးပြုံးလိုက်သည်။ သူမသည် ထန်မိသားစုများအပေါ် စိတ်နာသွားသည်။ ယခု သူ့ဖခင်လည်း သေရသည်။ ထန်မိသားစုများကလည်း တိုက်ခိုက်ကြသည်တဲ့။



"ထန်မိသားစုကလူတွေ ငါတို့ပိုင်နက်ထဲကို ရာရာစစကျူးကျော်တာ အစ်ကိုသတ်လိုက်လို့ပေါ့၊ ရှင်တို့ရော ဘာလုပ်နေကြတာလဲ၊ သည်အတိုင်း ငြိမ်ကြည့်နေတာပဲလား"

ကျောက်ချန်က သူမ ပြောလိုက်သည့်စကားမှာ စုခုံကိုပင် ထိခိုက်သွားသည်ဟု သတိရလာသဖြင့် စကားဦးလှည့်လိုက်၏။ သူ့အစ်ကို၏ရှေ့ဆက်လှုပ်ရှားမှုကို မေးလိုက်၏။

"ကောင်းပြီ၊ အစ်ကိုက အဲဒီလူ သုံးဦးကို သတ်ပြီးတဲ့နောက်မှာ ဘယ်ရောက်သွားသလဲ"

ချိုပင် .....

"၂၃ ရက်ကနေ ၂၇ ရက်အထိ ဒီငါးရက်အတွင်းမှာ သခင်လေးကို လုံးဝမတွေ့တော့ ၂၈ ရက်ကျမှ ကျူဟွာစန်းတောင်ခြေရင်းမှာ တွေ့ခဲ့ပါတယ်"

သူမက ...

"အဲသည်နောက် ပျောက်ကွယ်သွားတယ်ဆိုပါတော့"

ချိုပင်က ...

"ဟုတ်ပါတယ်"

သူမ မဲ့ပြုံး ပြုံးမိ၏။

"ရှင်ရတဲ့သတင်းက ဒါပဲလား"

ချိုပင်က ...

"ဟုတ်ပါတယ်"

စုခုံက ပြုံးလိုက်၏။ သူက ချိုပင်အား ထောက်ခံစကား ပြောလိုက်သည်။

"သူက ဒီလောက်ပဲ သတင်းရတယ်ဆိုရင် ဘယ်သူကမှ သူ့ထက်ပိုပြီး သတင်းမရနိုင်တော့ပါဘူး"

ကျောက်ချွန်က ရုတ်တရက် ထရပ်၏။ သူမ၏စကားက အားလုံးကို အံ့ဩစေသည်။

"သူများ မခိုင်းတော့ဘူး၊ ကျွန်မကိုယ်တိုင် သွားမယ်"

စုခုံက ...

"ဒီကကိစ္စတွေရော"

ကျောက်ချွန်က ယတိပြတ်ပြော၏။

"ဘယ်ကိစ္စကမှ ကျွန်မအစ်ကိုကိစ္စထက် အရေးမကြီးပါဘူး။ ကျွန်မအစ်ကိုဟာ မေမေသေပြီးတဲ့အခါကတည်းက အိမ်ထောင်ဦးစီးပါ"

စုခုံသည် သူမ၏စရိုက်ကို နားလည်ထားသည်။ သူသည် အလွန်စိတ်ရှည်သူလည်း ဖြစ်ပါသည်။ ထို့ကြောင့် ဟန့်တားခြင်း မပြုပါ။



"ဘယ်သူ့ကို ခေါ်သွားမှာလဲ"

သူမက အဖြေမပေးမီ ဝေဖုံးလွှံကလည်း ရုတ်တရက်ထရပ်လိုက်၏။ သူမကလည်း ယတိပြတ်ပင်ပြောသည်။ လိုက်လည်း လိုက်သည့် သမီးယောက်မပါပေ။

"သူ ကျွန်မကို ခေါ်သွားလိမ့်မယ်"

သူမ၏လေသံသည် ပျော့ပျောင်းမှု ရှိနေသော်လည်း ပြတ်သားလှပေ၏။

"သူက မခေါ်ချင်ဘူးဆိုရင် ကျွန်မ တစ်ယောက်တည်းလည်း သွားမှာပဲ"

မိန်းမကောင်း မိန်းမပြတ်ဟူသည် ဤလိုမိန်းမမျိုးပါကလားဟု စုခုံတွေးနေလေ၏။

✵ ✵ ✵

## အခန်း (၆၁)

## တည်းခိုခန်းမှအဖြစ်အပျက်

ထိုက်ပေ ...။

ထိုက်ပေဆိုသည်မှာ လူတစ်ယောက်၏အမည်ဖြစ်သည်။

ထိုသို့ပြောလိုက်သည်နှင့် ထိုလူ၏အနိမ့်အမြင့်ကို သိနိုင်သည်။ နိမ့်သည့်လူလော။ မြင့်သည့်လူလော။

ထိုလူမှာ သာမန်လူတစ်ယောက် မဟုတ်ပါ။ မင်းစိုးရာဇာကြီးကျယ်သောလူတစ်ယောက်လည်း မဟုတ်ပါ။ အလွန်ကျော်ကြားသော ကဗျာဆရာတစ်ယောက် ဖြစ်၏။

ထိုကဗျာဆရာ၏ဇာတိသည် အဘယ်အရပ်နည်း။

ကျူဟွာစန်းတောင်သည် ကဗျာဆရာထိုက်ပေ၏ ဇာတိနယ်မြေဖြစ်၏။ ထိုတောင်ကို ရှေးဦးစွာက သားကိုးယောက်တောင်ဟု ခေါ်ကြ၏။ ဘာဘာညာညာဒဏ္ဍာရီစကားများ ရှိသော်လည်း မပြောလိုတော့ပေ။ ကဗျာဆရာထိုက်ပေ ကျော်ကြားလာသောအခါ



သားကိုးယောက်တောင်ကို ကျူဟွာစန်းတောင်ဟု အမည်ပြောင်းလဲခြင်း ဖြစ်သည်။

သာမန်အားဖြင့်ဆိုလျှင် ပြောင်းလဲနိုင်သည်မဟုတ်ပါ။ ကဗျာဆရာထိုက်ပေ အလွန့်အလွန်ကျော်ကြားလာသောကြောင့် ဖြစ်ပါသည်။

ထို့ကြောင့် ကျူဟွာစန်းတောင် နယ်တစ်ဝိုက်မှ ဆိုင်များ၊ တည်းခိုခန်းများ၊ စားသောက်ဆိုင်အတော်များများမှာ သူ၏အမည်ကို အသုံးပြုထားခြင်းဖြစ်သည်။

ဤတောင်တွင်ရှိသော ထိုက်ပေတည်းခိုခန်းသည် ကဗျာဆရာထိုက်ပေ၏အမည်ကို သုံးထားသော တည်းခိုခန်းတို့အနက် တစ်ခုပါဝင်သည်။

ယခု ကျောက်ချန်နှင့် ဝေဖုံလျှံတို့သည် ဤထိုက်ပေတည်းခိုခန်းသို့ ရောက်ရှိနေပြီဖြစ်သည်။

သူတို့သည် ဤစခန်းအထိ အပျော်လာခြင်းမဟုတ်ပေ။ အချိန်ကုန်၊ ငွေကုန်၊ လူပင်ပန်းခြင်းတို့ကို အသုံးပြုပြီး လူရှာလာကြခြင်းဖြစ်၏။

ရောက်သည်နှင့် သူတို့အလုပ်စကြပါသည်။ ကျောက်ဝူ၏မြင်းကို သွားရောက်ကြည့်ရှုခြင်းပင်တည်း။

"အဲဒီမြင်းဟာ ကျောက်ဂူရဲ့မြင်းပါ"

တည်းခိုခန်းပိုင်ရှင်က သူ၏တာဝန်ကျကြောင်း ဖြည့်စွက်ပြောဏ်။ သူတို့သည် ပစ္စလက်ခတ်မလုပ်ပုံပါ။ ငွေအပြည့်အစုံပေးခဲ့ခြင်းနှင့် ကျောက်မိသားစု၏ကျော်ကြားမှုကို သူတို့သိရှိထား၍ဖြစ်ပါသည်။

"အခုထိ ဒီမြင်းကို ကျုပ်တို့က ကောင်းမွန်စွာ စောင့်ရှောက်ထားပါတယ်"

သူတို့၏တာဝန် ကျေပါသည်။

တည်းခိုခန်းပိုင်ရှင်သည် ဝဝ ဖြိုးဖြိုးလူတစ်ယောက်ဖြစ်၏။ သူ တည်းခိုခန်းဖွင့်ခြင်းမှာ ရိုးသားသူ တစ်ယောက်၏လုပ်ရိုးလုပ်စဉ်ဖြစ်ပုံရပါသည်။

သူ၏မျက်နှာမှာ ရိုးသားမှုကို အတိုင်းသားမြင်တွေ့ရ၏။ သူစကားပြောမှာလည်း ရိုးသားသဖြင့် ကျောက်ချန်က သူပြောသည့်စကားကို လက်ခံ၏။

ကျောက်ဂူ၏မြင်းကို တကယ်ပင် ကျွေးမွေးစောင့်ရှောက်ထား၏။ မြင်းကိုပင် တစ်ပတ်နှစ်ခါ လမ်းလျှောက်ပေးသည်ဟု သိရသည်။ မြင်းသည် အနည်းငယ် ဝလာသည်ကိုတွေ့ရှိရ၏။ လှုပ်ရှားမှုနည်းသဖြင့် မြင်းသည် ပျင်းရိပျင်းတွဲပုံနိုင်လှသည်။



မြင်းတစ်ကောင်သည် သူ၏သခင်ကို ကောင်းစွာမှတ်မိသည့် ဉာဏ်ရည်ရှိ၏။ ယခု သခင်ကို လွမ်းနေသည်ဟု ထင်ရ၏။

သူတို့သည် စားသောက်ခန်းသို့ ပြန်သွားပြီး ထိုင်ကြသည်။ သူတို့နှစ်ယောက်၏စားသောက်ချိန်သို့ ရောက်ရပါလေပြီ။

တည်းခိုခန်းပိုင်ရှင်သည် မပြောမဆိုနှင့် ဟင်းလျာများ လာချပေးသည်။ ချပေးသောဟင်းလျာများမှာ သူမတို့ အနှစ်သက်ဆုံးဟင်းများလည်း ဖြစ်နေသည်။

နေ့စဉ် စားသောက်သည့် ဟင်းများထဲတွင် တစ်မျိုးမဟုတ်တစ်မျိုးပါတတ်သည်။

ထိုတည်းခိုခန်းပိုင်ရှင်သည် သူမ နှစ်သက်သော ဟင်းများကို အဘယ်ကြောင့် သိရှိထားပါသနည်း။

ဤသည်ကို ကျောက်ချန်နှင့်ဝေဖုံတို့ မတွေးတတ်ပါ။

စိတ်မြန်လက်မြန်ရှိသော ကျောက်ချန်က ချက်ချင်း သွားရောက်မေးမြန်းလိုက်၏။ ဆိုင်ရှင်မှာ လန့်သွားသည်။

"ဒီထမင်းဟင်းကို ဘယ်သူက ပို့ခိုင်းလိုက်တာလဲ"

ကျောက်ချန်၏အသံက စူးထွက်သွား၏။ ဆိုင်ရှင်မှာ သူ့အပြစ်လွတ်အောင် စကားကိုပြောလေ၏။ ဆိုင်ရှင်က မျက်နှာချိုသွေး၍ ပြန်ပြောသည်။

"အနောက်ဘက်အခန်းက ညေ့်သည်တစ်ယောက်က မှာထားလို့ပါ၊ သူက မိန်းကလေးတို့ ဒီဟင်းတွေ ကြိုက်တယ်ဆိုပြီး မှာထားလို့ပါ၊ ဒါကြောင့် မိန်းကလေးတို့ စားမယ်ဆိုတာနဲ့ ခုဟင်းတွေကို ပို့တာပါ"

ကျောက်ချွန်၏မျက်နှာတစ်ခုလုံး ဒေါသထွက်လွန်း၍ နီရဲလာ၏။

"အဲဒီညေ့်သည်ရဲ့ နာမည်က ချိုပင်မဟုတ်လား"

ဆိုင်ရှင်က ခေါင်းညိတ်ပြသည်။ သူ ပါးစပ်မဟသေးခင် သူမ၏အသံ ကျယ်လောင်စွာထွက်ပေါ်လာ၏။

"သူ့ကို သွားခေါ်လိုက်စမ်း"

သူမ လွန်စွာဒေါသထွက်နေသည်။ ဒေါသထွက်လွန်သဖြင့် ဤတည်းခိုခန်း၏အခန်းများကို ခုတ်ထစ်ဖျက်ဆီးပစ်ချင်နေ၏။ တွေးတောဆင်ခြင်မှုများ ရှိနေ၍သာ ဤသို့မလုပ်ခြင်း ဖြစ်သည်။

ချိုပင် ရောက်လာပြီဖြစ်သည်။ အလွန်လျင်မြန်စွာ ရောက်ရှိလာခြင်း ဖြစ်၏။

ကျောက်ချွန်သည် ချိုပင်အား တွေ့မြင်လိုက်သောအခါ မဟာရန်သူတစ်ယောက်ကို တွေ့မြင်ရသည့်အလား မျက်နှာထားတင်းတင်းဖြင့် ပြောလေ၏။



"ရှင်က ကျွန်မတို့နောက် ဘာလို့လိုက်လာတာလဲ၊ ဘာကိစ္စလိုက်လာတာလဲ"

ချိုပင်က ရိုရိုသေသေပင် ပြောသည်။

"အမိန့်အရ လိုက်လာတာပါ၊ ကျွန်တော့်သဘောအရ မဟုတ်ပါဘူး"

ကျောက်ချွန်က ခက်ထန်စွာမေးလေ၏။

"ဘယ်သူ့အမိန့်လဲ"

"ဌာနမှူးစုခုံရဲ့အမိန့်ပါ"

"ရှင့်ကို ဘာလုပ်ခိုင်းတာလဲ"

"သခင်မလေးတို့ကို စောင့်ရှောက်ပေးဖို့ပါ"

"ဘေးရန်အန္တရာယ်ကျရောက်မှာစိုးလို့ စောင့်ရှောက်ခိုင်းတာပေါ့"

"ကျွန်မ ပြောမယ်၊ ကျွန်မတို့ ဘေးအန္တရာယ်လည်း မကျရောက်သေးဘူး၊ ကျရောက်ရင်တော့ စောင့်ရှောက်ပေါ့၊ အခု ရှင် ဘာလုပ်တာလဲ"

"ကျွန်တော် ..."

"ကျွန်မတို့ ထမင်းစားကြမလို့၊ ရှင့်တာဝန်က ကျွန်မတို့ ဘေးအန္တရာယ်ကျရောက်ရင် စောင့်ရှောက်ဖို့ပဲ၊ ကျွန်မတို့ ထမင်း

ဟင်းတွေ မှာပေးဖို့ မဟုတ်ဘူး၊ နားလည်ရဲ့လား"

"ကျွန်တော် မသိပါဘူး"

"သူမှာကြားတဲ့အတိုင်း တစ်သဝေမတိမ်းစောင့်ရှောက်တာပါ"

ကျောက်ချွန်က ခါးသီးစွာပြော၏။

"ကျွန်မ နောက်ဆုံးပြောမယ်၊ ဘဘစုခုံက လိုက်စောင့်ရှောက်ခိုင်းတာကို ကျွန်မ ဘယ်လိုမှမပြောလိုဘူး၊ တာဝန်ပေးတဲ့လူက ပေးတယ်၊ ဆောင်ရွက်တဲ့လူက ဆောင်ရွက်တယ်၊ ဟုတ်တယ်မဟုတ်လား"

ချိုပင် ငြိမ်သက်စွာနားထောင်နေ၏။ ကျောက်ချွန်က ...

"ကျွန်မတို့က ကျွန်မအစ်ကို သဲလွန်စရှာမလို့ ထွက်လာကြပါတယ်၊ ကျွန်မအစ်ကိုရဲ့ သံလွန်စကိုတောင် မရှာရသေးဘူး၊ ကိုယ့်အချင်းချင်း ပြန်ရန်လုပ်နေရသလိုမျိုး ဖြစ်နေတယ်၊ ကျွန်မတို့ ထွက်လာတာကလည်း ကိုယ့်ကိုယ်ကိုယ် ကာကွယ်နိုင်တယ်ထင်လို့"

သူမက စကားဆက်သည်။

"ဘဘစုခုံကတော့ စိုးရိမ်ပြီး ရှင့်ကို တာဝန်ပေးတာပါ၊ ကျွန်မတို့နဲ့ ဝိရောဓိမဖြစ်အောင်တော့ ရှောင်ပါ"

ချိုပင် ငြိမ်သက်စွာ ရယ်နေ၏။ သူ ဘာစောဒကမျှ မတက်



ချေ။ ကျောက်ချွန်က ...

"ကျွန်မ သိပ်ဒေါသထွက်နေတယ်၊ အရမ်းအရမ်းကိုပဲ"

ကျောက်ချွန်က ဆက်ပြောလေ၏။

"ရှင့်ကြည့်ရတာ အလုပ်တာဝန်ကို တော်တော်လေးစားပုံရတယ်၊ ကိုယ့်တာဝန်ကို ဒီလိုထမ်းဆောင်ရတာလို့ပဲ ဂုဏ်ယူပုံရတယ်"

ချိုပင်က ပါးစပ်ပိတ်ထားသည်။ သူမက ...

"ကျွန်မ ခိုင်းတာကို တစ်ခုလုပ်ပေးပါလား"

ချိုပင်က ...

"အမိန့်ရှိပါ"

ချွန်ချွန် ထခုန်လိုက်၏။ သူမ၏အသံမှာလည်း ကျယ်လောင်လှသည်။

"ရှင် ကျွန်မတို့နဲ့ ခပ်ဝေးဝေးနေပါ၊ ဝေးလေကောင်းလေပဲလေ"

ည ... အပြင်၌ကား မှောင်မည်းနေ၏။ တည်းခိုခန်းအတွင်း၌တော့ မမှောင်ပါ။ မီးရောင်အောက်တွင် ကျောက်ချွန် မလှုပ်မယှက်ထိုင်နေ၏။ အကောင်းထိုင်နေခြင်း မဟုတ်ပါ။

သူမသည် ဒေါသမပြေသေး၍ ဖြစ်ပါသည်။ သူမ မကြာ

ခဏ ဒေါသထွက်တတ်သည်။

သို့သော် တစ်ခဏမျှသာဖြစ်ပါသည်။ ယခုကဲ့သို့ အချိန်ကြာ ရှာ ဒေါသမဖြစ်ခဲ့ဖူးပါ။

ဝေဖုံးလွှဲက သူမအား အကဲခတ်ကြည့်လိုက်၏။ သူမက စတင်မေးမြန်းလေ၏။

"ညီမလေး ဘာတွေဒေါသထွက်နေတာလဲ၊ မမတို့မှာ တာဝန်ကြီးနဲ့ကွယ်"

ကျောက်ချစ်က ...

"ဟိုလူကို မုန်းတယ်"

ဝေဖုံးလွှဲက ပြောလိုက်၏။ သူမပြောလိုက်သည်မှာ အမှန် ပင်။

"ဒီလူမုန်းစရာကောင်းတယ်လို့ မမ မမြင်တွေ့ရပါလား"

ကျောက်ချစ်က ...

"မမ မတွေ့ပေမယ့် ကျွန်မ တွေ့တယ်၊ ကျွန်မတို့အတွက် ဟင်းတွေ မှာပို့ကတည်းက ကျွန်မ ဒေါသထွက်နေတာ"

ဝေဖုံးလွှဲက ဆက်၍မမေးတော့ပါ။ ထပ်မေးနေလျှင် သူမ ၏ဒေါသကို ဆွပေးသလိုဖြစ်နေပါလိမ့်မည်။

သူမသည် အကယ်၍ 'သူ့ကို ဘယ်နေရာကြည့်မရလဲ' ဟု



မေးလိုက်လျှင် ချစ်ချစ်က သူ့တစ်ကိုယ်လုံးဟု ဖြေမည်မှာ သေချာ၏။

လူတစ်ဦးသည် တခြားလူတစ်ဦးကို အမြင်ကတ်လျှင် အကြောင်းပြရန်မလိုပါ။ သူ့အပြုအမူ၊ သူ့အပြောအဆို၊ အားလုံး မုန်းစရာချည်းဖြစ်နေတတ်သည်။

ထိုနည်းအတိုင်းပင် လူတစ်ဦးသည် အခြားလူတစ်ဦးကို ချစ် လျှင်လည်း အကြောင်းပြရန်မလိုပါ။

သူ့အပြုအမူ၊ သူ့အပြောအဆိုအားလုံး ချစ်စရာပင် ဖြစ်နေ တတ်ပါသည်။ ဝေဖုံးလွှဲက ချစ်ချစ်အား စကားတစ်ခွန်း ပြောလိုက် ၏။

"ဘာပဲဖြစ်ဖြစ် သူ့ကို ဘဘစုခုံက လွှတ်လိုက်တာပဲဖြစ်ဖြစ် သူ့ကို အမြင်ကတ်လည်း ဘဘရဲ့မျက်နှာကို ထောက်ရမယ် မဟုတ် လား၊ ဘဘစုခုံအနေနဲ့ကလည်း လူကြီးတစ်ယောက်ပါ၊ သူလည်း စိုးရိမ်မှာပဲ၊ ဒါကို မမတို့ နားလည်ပေးရင်ကောင်းတာပေါ့ကွယ်"

သူမ၏စကားသည် အလွန်သက်ရောက်မှုရှိ၏။ ကျောက် ချစ်၏ပျော့ကွက်ကိုလည်း ထိသွား၏။

"ဘဘစုခုံ"

ဝေဖုံးလွှဲသည် စကားနည်းသူတစ်ဦး ဖြစ်၏။ သူမ ပြော လိုက်သည့်စကားတိုင်းမှာ အရာရောက်ပေသည်။ ချစ်ချစ်၏တင်းမာ

နေသောမျက်နှာ ပြေလျော့သွားလေသည်။

ထိုအချိန်မှာပင် လူအတော်များများ၏ထိတ်လန့်စွာ အော်လိုက်သောအသံကို ကြား လိုက်ရလေ၏။

* * *



## အခန်း (၆၂)

## ငါးရှိုးအဆိပ်

ကျော်ချန်ချန်နှင့် ဝေဖုံးလျှံတို့သည် တည်းခိုခန်း၏ အနောက်ဘက်အောက်တွင် တည်ရှိလေ၏။

သူတို့နေထိုင်သော အဆောင်၏နောက်ဘက်တွင် တည်းခိုခန်းမှ အလုပ်သမားမိသားစုများ နေထိုင်သောအဆောင်ရှိသည်။ အထိတ်တလန့်ထွက်ပေါ်လာသောအသံများသည် ထိုအဆောင်ထဲမှ ဖြစ်၏။ အလုပ်သမားအဆောင်ဖြစ်၍ အသံအမျိုးမျိုး ကြားနိုင်ပါသည်။ အမှုအခင်းမျိုးစုံ ဖြစ်နိုင်ပါသည်။

ဝေဖုံးလျှံသည် မည်သူ့ကိစ္စကိုမဆို စိတ်မဝင်စားပါ။ သူမသည် လင်သားအလုပ်၊ မိသားစုအလုပ်ကိုသာ စိတ်ဝင်စားသည်။ လုပ်ကိုင်ဆောင်ရွက်တတ်သည်။ ထိုမှတစ်ပါး အေးအေးလူလူ နေတတ်ခြင်းသည်သာ သူ့အလေ့အထ ဖြစ်ပါသည်။

ကျော်ချန်သည် ထိုအသံကြားလိုက်သည်နှင့် မဆိုင်းမတွ

ဘဲ တစ်ဟုန်ထိုး ပြေးလွှားထွက်သွားလေတော့၏။ ဝေဖုံးလျှံ မလိုက်၍မရတော့ပါ။

နောက်ဘက်မှာရှိသော အဆောင်သည် သူမတို့ နေထိုင်သောအဆောင်ထက် ကျဉ်း၏။ အခန်းများစွာရှိသော်လည်း တစ်ခန်းတည်းမှာသာလျှင် မီးရောင်တွေ့ရ၏။ ထိုအခန်းထဲတွင် စားပွဲတစ်လုံးနှင့် ကုလားထိုင်များ ရှိ၏။ စားပွဲပေါ်၌ ထမင်းဟင်းလျာများ အသင့်ရှိနေလေ၏။ အရက်ပုလင်းများလည်း ရှိသည်။ အလုပ်သမားများသောက်ရန် ဖြစ်ပါလိမ့်မည်။

တည်းခိုခန်း၏ဆိုင်ထိုင်နှင့် သူ၏ဇနီးတို့အပြင် အလုပ်သမားလေးဦးနှင့်အတူ ထမင်းဝိုင်းဖွဲ့စားနေသေး၏။ အံ့သြဖွယ်ရာဖြစ်ရပ်။ ထိုဖြစ်ရပ်ဖြစ်ပေါ်လာလေ၏။ သူတို့သည် ထမင်းစားနေစဉ် ဆိုင်ထိုင် ရုတ်တရက်လဲကျသွား၏။ ငါးဟင်းကို စားနေကြသဖြင့် ငါးရိုးများ ကိုက်နေကြခြင်း ဖြစ်သည်။ ဝါးပြီးသောအခါ သူတို့သည် ငါးရိုးကိုဆွဲထုတ်ရန် လက်နှိုက်လိုက်နေစဉ် ရုတ်တရက်လဲကျသွားခြင်းဖြစ်၏။

အခြားလူက သွားရောက်ထူပေးလိုက်သောအခါ ဆိုင်ထိုင်၏တစ်ကိုယ်လုံး ပုစွန်တစ်ကောင်ကဲ့သို့ ကွေးသွားပြီး မျက်နှာတစ်ခုလုံး ရှုံ့မဲ့စွာဖြင့် အကြောဆွဲနေသည် တွေ့ရ၏။ သူ၏ဇနီးက



ဆိုင်ထိုင်၏ပါးစပ်ထဲမှ ငါးရိုးကိုနှိုက်ထုတ်ရန် ကြိုးစားနေ၏။

ချန်ချန်နှင့်ဝေဖုံးလျှံတို့ ရောက်ရှိသွားသောအခါ ဆိုင်ထိုင်၏မျက်ဝန်းအစုံမှာ ပြူးထွက်နေသည်ကို တွေ့ရသည်။ သူ၏ဇနီးက ပါးစပ်ထဲမှ စူးနေသောငါးရိုးကို ဆွဲထုတ်လိုက်သောအခါ ဆိုင်ထိုင်၏ တစ်ကိုယ်လုံးမှာ မလှုပ်ရှားနိုင်တော့ပါ။ ကွေးကောက်နေလေပြီ။ သူတို့သည် ငါးဟင်းစားပြီး ဤသို့ဖြစ်ရသဖြင့် ငါးအပေါ် ဒေါသထွက်ကြသည်။

“ဒီငါးရိုးကြောင့်”

ဇနီးဖြစ်သူမှာ ဒေါသတကြီး အော်ဟစ်လိုက်သည်။ သူမက ငါးရိုးကို မကျေမနပ်ဖြင့် ကိုက်ဖြတ်ရန် ပါးစပ်ထဲသို့ ထည့်လိုက်၏။ ကျောက်ချန် ကမန်းကတန်းအော်၍ သတိပေးလိုက်သည်။

“မလုပ်နဲ့ မြန်မြန်ထွေးထုတ်လိုက်”

အမျိုးသမီးသည် ထိတ်လန့်သွားပြီး ထွေးထုတ်လိုက်ရာ ငါးရိုးကြမ်းပြင်ပေါ်သို့ကျသွားသည်။ ငါးရိုးတစ်ရိုး ကြမ်းပြင်ပေါ်သို့ ကျသွားခြင်း ဖြစ်ပါသည်။

‘ချွမ်း’

သို့သော် ... ထွက်လာသောအသံမှာ ငါးရိုးနှင့်မတူတော့ပါ။ ငါးရိုးသံလည်း မဟုတ်ပါ။ သံတစ်ချောင်း၏အသံဖြစ်နေသည်။ ယခုမှ

အားလုံးက ငါးရိုးမဟုတ်ဘဲ အပ်တစ်ချောင်းဖြစ်နေသည်ကို သတိပြု မိလိုက်မိကြတော့သည်။ ထိုအပ်ချောင်းလေးသည် ပန်းထိုးသော အပ်ကလေးထက်ပင် သေးငယ်၏။ မီးရောင်တွင် အပ်ဖျားမှာ စိမ်းဖန့်ဖန့်အရောင် ဖြစ်နေ၏။ ကျောက်ချန် စားပွဲပေါ်မှ တူတစ်စုံကို ယူလိုက်ပြီး အပ်ချောင်းကလေးကိုညှပ်ယူ၍ သေချာစွာကြည့်နေ၏။

"ဟယ် ... ထန်မိသားစုရဲ့အဆိပ်အပ်ပါလား"

သူမက အထိတ်တလန့်ဖြင့် အော်လေသည်။ ထိုအချိန် ဆိုင်ထိုင်၏ဇနီးသည်လည်း ခင်ပွန်း၏ဖြစ်ရပ်ကဲ့သို့ပင် ကြမ်းပေါ်သို့ လဲကျပြီး အကြောတစ်ချက်ဆွဲကာ သေသွား၏။ အလုပ်သမားများတို့သည် သူမအားကြည့်ကာ ထိတ်လန့်တုန်လှုပ်သွားသည်။

ထန်မိသားစုသည် အဘယ်ကြောင့် ဤဆိုင်၏အလုပ်သမားများကို လုပ်ကြံရသနည်း။ ကျောက်ချန်က သူတို့အား အလောတကြီး မေးလိုက်သည်။

"ရှင်တို့ထဲက ဘယ်သူ ငါးကိုစားမိကြသေးသလဲ"

သူမေးပုံမှာ ကြောက်လန့်စရာပင်။ အလုပ်သမားများ၏ မျက်နှာပေါ်တွင် ကြောက်ရွံ့တုန်လှုပ်သော ဟန်မူရာများ ဖြစ်ပေါ်လာကြသည်။ သူတို့အားလုံးမှာ ငါးဟင်းကို စားမိကြလေသည်။ သူတို့သည် ခါးကုန်းလိုက်ပြီး အာခေါင်ကို လက်ညှိုးထိုး၍ အန်ထုတ်နိုင်



ရန် ကြိုးစားကြသည်။ သူတို့သည် အချဉ်ပေါက်နေသောရေကိုသာ အန်ထုတ်နိုင်သည်။ အလုပ်သမားလေးဦးတို့အနက် သုံးဦးက လဲကျသွားလေ၏။ ကျန်ရှိသောအလုပ်သမားတစ်ဦးမှာမူ ကြောက်လွန်း၍ တစ်ကိုယ်လုံး အားအင်ချိပြီး ရပ်ပင်မရပ်နိုင်တော့ပါ။

လူတို့မှာ သေရမည်ကို အကြောက်ဆုံးဖြစ်သည်။ ယခု အလုပ်သမားသည် ကြောက်ရွံ့နေလေပြီ။ ကျောက်ချန်ချန်က မေးလိုက်၏။ သူက အရေးမကြီးဟန်ဖြင့် မေး၏။ စောစောက သူ့အမေးကို အားလုံးကြောက်သွားကြောင်း သူသိလိုက်သည်။

"ရှင် ငါးဟင်းကို မစားမိဘူးလား"

အလုပ်သမားက တုန်ယင်စွာပြောကြားလေ၏။

"စားတယ်၊ ဒါပေမဲ့ ရှာလကာရည်ပါတဲ့ ငါးဟင်းကို မစားပါဘူး"

ချန်ချန် နားလည်လိုက်၏။ ငါးဟင်းနှစ်ပွဲရှိသည့်အနက် ရှာလကာရည်မပါသောငါးဟင်းမှာ အဆိပ်မရှိပါ။

"ရှင် မသေပါဘူး၊ ရှင်က အဆိပ်မပါတဲ့ ငါးဟင်းကို စားတာကိုး"

ထန်မိသားစု၏အဆိပ်သည် အကြောင်းမရှိဘဲ ငါးဟင်းထဲတွင် ရှိနိုင်မည်မဟုတ်ပါ။ ဤအဆိပ်အပ်ကို မည်သူက ထည့်ထားပါ

သနည်း။ မည်သူ့ကို သတ်လိုပါသနည်း။ စားပွဲပေါ်၌ ဟင်းလျာ ၆ ခွက်ရှိသည်။ ဟင်းချိုတစ်ပန်းကန်ရှိ၏။ ထိုဟင်းလျာအားလုံး ဝေဖုံလျှံနှင့်ကျောက်ချဉ်တို့စားရန် ပြင်ဆင်ပေးသည့်ဟင်းများသာ ဖြစ်နေ၏။

ဆိုင်ထိုင်နှင့်စားဖိုမှူးများသည် မြို့ကြီးပြကြီး တဖုန်ထန်ကျောင်းနှင့်ပတ်သက်သူများ စားသုံးမည်ဖြစ်၍ အကောင်းဆုံးချက်ပြုတ်ထားခြင်း ဖြစ်ပါသည်။ သို့သော် ကျောက်ချန်တို့က စားလိုစိတ်မရှိပါချေ။ ဆိုင်ထိုင်သည် အလွန်စေးနဲသည်။ အလွန် နှမြောတတ်သည်။ ကျောက်ချန်တို့ မစားသော်လည်း ဆိုင်၏တန်ဖိုးကို ကျောက်ချန်တို့က ရှင်းပေးပါသည်။ မစားခြင်းမှာ တစ်ကဏ္ဍဖြစ်၏။

ချန်ချန်တို့ မစားဘဲထားခဲ့သော ဟင်းလျာများကို သူက အခန်းထဲသို့ သယ်ဆောင်သွား၏။ ဟင်းလျာများမှာ အဖိုးတန် ဟင်းလျာများဖြစ်နေသည်။ ဟင်းလျာက အလွန်များနေသဖြင့် အလုပ်သမား[illegible]ဦးကိုပါ ခေါ်၍ကျွေး၏။ အမှန်အတိုင်း ဟင်းလျာများကို သွန်ပစ်လျှင် အားလုံးအသက်ချမ်းသာရာရကြမည်ဖြစ်ပါ၏။ ယခုတော့ ... ဤဟင်းလျာများသည် သူတို့၏အသက်များ ချွေယူသွားလေ၏။

အလုပ်သမားတစ်ဦးသာ ကျန်ရစ်ခဲ့၏။ အပြစ်မဲ့သောလူ



များ မရှုမလှ သေဆုံးသွားသည်ကို မြင်တွေ့လိုက်ရသဖြင့် ဝေဖုံးလျှံသည် ရပ်နိုင်သောအင်အားပင်မရှိတော့ဘဲ နံရံကိုကျောမှီထားရလေ၏။ သူမသည် အလွန်ဝမ်းနည်းလွယ်သည်။ ယခု ငါးယောက်တောင်သေသွား၏။ ဝေဖုံ မျက်ရည်များ တသွင်သွင်စီးဆင်းကျလာ၏။

"ငါတို့ကို အဆိပ်ခတ်ပြီးသတ်ဖို့ ကြံတာကိုး"

သူမတို့သည် ဤအတိုင်း ကောက်ချက်ချလေ၏။ ဤဟင်းလျာများကို မည်သူစီစဉ်ပေးသနည်း။ သူတို့မှာကြားသည်ဖြစ်စေ ဟင်းများကို ချိုပင်ကြီးကြပ်မည်ကတော့ သေချာလှသည်။

ချိုပင် ...။

ချိုပင်က အဘယ်ကြောင့် သူမတို့အား အဆိပ်ခတ်သတ်ရန် လုပ်ကြံနေပါသနည်း။ ဤသည်ကို ကျောက်ချန် စဉ်းစားရပါသည်။ အလကားနေရင်း ဒေါသဖြစ်နေ၍မသင့်ပါ။ ချိုပင်သည် ထန်မိသားစုတို့နှင့် တိတ်တဆိတ်အဆက်အသွယ်ပြုလုပ်နေပြီလော။ ကျောက်ချန်၏မျက်နှာတစ်ခုလုံး မည်းမှောင်သွားသည်။ ဒေါသထွက်လာသည်။ စဉ်းစားလေ ဒေါသထွက်လေပင်။ ဒေါသထွက်လွန်း၍ သူ၏မျက်လုံးအစုံမှာ မီးဝင်းဝင်းတောက်နေ၏။ သူမသည် ဝေဖုံးလျှံအား မေးလိုက်သည်။

"မမ ဒီမှာနေခဲ့မှာလား၊ ကျွန်မနောက်ကို လိုက်ခဲ့မှာလား၊

ဒီမှာနေခဲ့ရင်နေခဲ့ပါ၊ အန္တရာယ်တော့ရှိမယ်မထင်ဘူး”

ဝေဖုံးလျှံက မေး၏။

“ညီမ ဘယ်ကိုသွားမလို့လဲဟင်”

“လူသွားသတ်မယ်လေ၊ ကျွန်မတို့ကို အဆိပ်ခတ်ဖို့ စီစဉ်တဲ့လူကို သွားသတ်မယ်”

ဝေဖုံအခက်ကြုံသွား၏။ မလိုက်လျှင်လည်း အခက်၊ လိုက်လျှင်လည်း အခက် မဟုတ်ပါလား။ ဝေဖုံးလျှံ၏စိတ်ဓာတ်မှာ သိုင်းသမားစိတ်ဓာတ် မဟုတ်ပေ။ သိုင်းသမားတိုင်း အနည်းနှင့်အများ စိတ်ဓာတ်မာကျောကြလေ၏။

ဝေဖုံးလျှံမှာ မိန်းမပီသသူသာဖြစ်သည်။ ချက်ပြုတ်မီးဖိုချောင်အလုပ်လုပ်သည်။ ဓာထိုး ပန်းထိုး အပ်ချုပ်လုပ်မည်။ ခင်ပွန်းကို ပြုစုမည်။ ယောက္ခမကို ပြုစုမည်။ အားလပ်လျှင် စာပေဖတ်မည်။ အသိပညာအတွေးအခေါ် တိုးတက်အောင် မည်သို့လုပ်ရမည် အစရှိသည်တို့ကိုသာ ပြုလုပ်နေတတ်သူ၊ စဉ်းစားနေတတ်သူဖြစ်ပါ၏။ မိန်းမကောင်း၊ မိန်းမမြတ်တို့၏ကျင့်ရိုးကျင့်စဉ်ကို လိုက်နာသူသာ ဖြစ်ပါ၏။

ယခု ကျောက်ချန်က လူသတ်သွားမည်တဲ့။

ကျောက်ချန်ကတော့ သိုင်းသမားပါ။ အတော်ထက်မြက်



သည့် သိုင်းသမားဖြစ်ပါသည်။ လူသတ်ခြင်းကို ဝေဖုံးလျှံ ရွံ့မုန်းပါသည်။ သတ်လည်း မသတ်လိုပါ။ ကြည့်လည်း မကြည့်လိုပါ။ သူနေခဲ့လျှင်လည်း မည်သည့်အန္တရာယ် ပေါ်လာမည်မသိပါ။ သူသည် မျက်နှာကို လက်ဖဝါးနှင့်အုပ်ငိုပြီး ပြေးထွက်သွားလေတော့၏။ တစ်ရှိန်ထိုးပြေးထွက်သွားခြင်းဖြစ်ပါသည်။

သူမ၏ဦးခေါင်းသည် လူတစ်ဦး၏ခန္ဓာကိုယ်နှင့် တိုက်မိသွားလေ၏။

သူမ မော့ကြည့်လိုက် ရာ ...ထိုလူမှာ ချိုပင်ဖြစ်နေလေ၏။

✺ ✺ ✺

## အခန်း (၆၃)

## လက်စားမချေခြင်း

၇–လပိုင်း၏ညတွင် ကောင်းကင်ပေါ်၌ ကြယ်ကလေးများ ပြည့်နှက်၍နေ၏။

ကြယ်ကလေးများ၏မှေးမှိန်သော အလင်းရောင်သည် ချို ပင်၏မျက်နှာပေါ်သို့ အရောင်ထင်ဟပ်နေ၏။

ချိုပင်၏မျက်နှာသည် ခါတိုင်းကဲ့သို့ ရိုးသားတည်ကြည် သော မျက်နှာမျိုး မဟုတ်တော့ပါ။ ကောက်ကျစ်စဉ်းလဲပြီး ရက်စက် ယုတ်မာသော အမူအရာများ ဖြစ်ပေါ်နေသည်ကို ကျောက်ချွန်ရှုမြင် လိုက်၏။

ကျောက်ချွန်က နောက်မှထွက်လာခြင်းဖြစ်၏။ ဝေဖုံးလျှံက အရင်ပြေးထွက်သွားခြင်း ဖြစ်သည်။ သူမ ထွက်လာသောအခါ ချိုပင် က ဝေဖုံးလျှံ၏လက်ကို ဆုပ်ကိုင်ထားသည်ကိုတွေ့ရ၏။ ချိုပင် ကိုင်ထားပုံမှာ ကြင်နာပုံမရှိပါ။ ကျောက်ချွန် အော်ငေါက်လိုက်၏။



"ရှင်က ကျွန်မယောက်မကို လွှတ်လိုက်စမ်း၊ ကိုင်ထားတာ ကိုက ..."

ချိုပင်သည် အေးစက်သောအကြည့်ဖြင့် ကျောက်ချွန်အား ပြန်ကြည့်နေ၏။ သူသည် ဝေဖုံးလျှံကို ကျောက်ဂူသခင်လေး၏ ဇနီး ဟု မှတ်ထင်ထားပုံမရပါ။ ဝေဖုံးလျှံ၏လက်ကို ဆုပ်မြဲဆုပ်ကိုင်ထား ၏။ ကျောက်ချွန်အော်သော်လည်း လက်လွှတ်ပေးမည့်သဘော မတွေ့ရပါ။ ကျောက်ချွန်က တိုက်ခိုက်ရန်ဟန်ပြင်ပြီးမှ စိတ်ကို ထိန်း ချုပ်လိုက်၏။ ယခင်က စိတ်မျိုးဆို တိုက်ခိုက်ပြီးလေပြီ။

ယခုကဲ့သို့ ချို လိုက်ရခြင်းမှာ ဝေဖုံးလျှံက ချိုပင်၏လက်ထဲ တွင်ရောက်ရှိနေ၍ ဖြစ် ပါသည်။ သူမသည် လှုပ်ရှားနေသောစိတ်ကို ချုပ်ထိန်းထားသည်။ အသံကိုလည်း ထိန်းထားရ၏။ ကျောက်ချွန်က ဒေါသသံနှင့်မေးလိုက် လေ၏။

"ရှင် ဘာကြောင့် အခုလိုလုပ်ရတာလဲ"

ချိုပင်မှာ ယခင်ချိုပင် မဟုတ်တော့ပေ။ သူ၏အသံမှာ လည်း အေးစက်နေ၏။ ချိုပင်က ...

"မင်းဟာ ဘာမှအထင်ကြီးစရာ မဟုတ်ဘူးဆိုတာ နား လည်စေချင်လို့ပါ"

သူ၏အသံသည် ပါးလွှာသောဓားတစ်လက်ပမာ တစ်လုံး

ချင်း ပြောလေ၏။ ဓားပမာဖြစ်သည် မဖြစ်သည်တော့ မဆိုနိုင်ပေ။ ကျောက်ချန်ကတော့ ဒေါသပိုထွက်လာ၏။ –

"မင်းဟာ အဘိုးကြီးက အလိုလိုက်လွန်းလို့ ပျက်စီးနေတဲ့ မိန်းကလေးတစ်ဦးကွ နားလည်လား။ မင်းကိုယ်မင်း အထင်ကြီးမနေနဲ့"

ချိုပင်က ဤကဲ့သို့ ရက်ရက်စက်စက်ပြောလာလိမ့်မည်ဟု မည်သူမှ ထင်ကြမည်မဟုတ်ပါ။ ယခု ချိုပင်က ပြောနေလေပြီ။ ချန်ချန်သည် ဒေါသထွက်လွန်း၍ တစ်ကိုယ်လုံးတုန်ခါနေသည်။ ဒေါသကြောင့် တစ်ကိုယ်လုံးရှိ ခြေလက်ဦးခေါင်းများ ပြုတ်ထွက်ကုန်ပြီဟုပင် ထင်မှတ်ရသည်။ အမှောင်ထုထဲတွင် လူတစ်ဦးက လက်ခုပ်တီးကာ ရယ်မောလိုက်သောအသံ ကြားလိုက်ရ၏။

"ဖြောင်း ... ဖြောင်း ... ဖြောင်း"

"ချိုပင် မင်းပြောတာ မှန်တယ်ကွ"

အမှောင်ထဲမှ အသံပင်။

ထိုစကားနှင့်အတူ အမှောင်ထုထဲမှ လူတစ်ဦး ထွက်လာသည်။ ပထမတော့ တစ်ဦးတည်းထင်ရ၏။ သို့သော် ... တစ်ဦးတည်း မဟုတ် ... နှစ်ဦး။ ဆန့်ကျင်ဘက်လူနှစ်ဦး ဖြစ်ပါသည်။

တစ်ယောက်က အရပ်ရှည်သည်။ ဗိုက်ပူသည်။ မျက်နှာမှာ



ကောက်ကျစ်သည့် ရုပ်သွင်မျိုး။ နှစ်လိုဖွယ်ရာလုံးဝ မကောင်းချေ။

အခြားလူတစ်ယောက်မှာ အနည်းငယ်ပုသည်။ ရုပ်ရည် ကြမ်းတမ်းသည်။ သူ့ရုပ်ကိုလည်း မည်သူမှ ချစ်ခင်စိတ်မပေါ်ပါ။ သူ၏တင်းနေသောမျက်လုံးအစုံသည် အဆိပ်ပြင်းသောမြွေတစ်ကောင်နှင့် တူလှသည်။ ကြမ်းတမ်းသော၊ ယုတ်ညံ့သောသဘောများ တွေ့ရသဖြင့် လူကောင်းမဟုတ်သည်ကတော့ သေချာနေ၏။

သူတို့နှစ်ယောက်စလုံးတွင် သားရေဖြင့် ပြုလုပ်ထားသော အိပ်တစ်လုံးစီရှိသည်။ သူတို့၏လက်တစ်ဖက်စီမှာ သားရေဖြင့်ပြုလုပ်ထားသော လက်အိတ်စွပ်ထားသည်။ ဤသည်မှာ အဆိပ်အဝိမ်များကို အသုံးပြုကြသည့် အဆင်အယင်တည်း။

ချန်ချန်၏မျက်လုံးအစုံမှာ နီရဲလာသည်။ သူက လုံးဝစဉ်းစားခြင်းမပြုဘဲ ခါးမှာပတ်ထားသော ကျောပွတ်အပျော့တစ်ချောင်းကို ဆွဲဖြည်လိုက်သည်။ ထို့နောက် ရှေ့သို့ ချဉ်းကပ်သွားသည်။

'ဗိုး .. ဝှစ် .. ဝှစ်'

'ဖြောင်း .. ဖြောင်း .. ဖြောင်း'

ချန်ချန်က ကျာပွတ်ဖြင့်တိုက်ခိုက်၏။ အရပ်ပုလူသည် လက်အိတ်စွပ်သောလက်ဖြင့် ချန်ချန်၏ကျာပွတ်ကို ဖမ်းဆွဲလိုက်၏။ ကျောက်ချန်က ထိတ်လန့်သွားသော်လည်း အရေးမထားပါချေ။

သူ၏ဖိုမခြေနှစ်ခုသည် လူတော်တော်များများအား လွင့်ထွက်သွားအောင် ကန်ဖူးသည်။ သူမသည် ဖိုခြေသိုင်းအား အသုံးပြု၏။ ကျားပွတ်နှင့်တိုက်နေသော်လည်း ကျားပွတ်ကိုအားမပြုချေ။ သိုင်းကွက်များကိုသာ အားပြုသည်။

သူမ၏ခန္ဓာကိုယ်သည် လေထဲသို့ရောက်သွားသည်။ လေထဲမှနေ၍ ကျားပွတ်အား ဖမ်းဆွဲသူအား တိုက်ခိုက်၏။ သူမသည် မိမိသိုင်းပညာမှာ မယှဉ်နိုင်မှန်းသိသောအခါ အသိနောက်ကျသွားရသည်။

အရပ်ရှည်သောလူ၏ ကြီးမားသောလက်က သူ၏ခြေမျက်စိအား ဆွဲထားသည်။ သူမ ကန်လိုက်သောခြေထောက်မှာ ရန်သူလက်မှ မလွတ်နိုင်အောင် အဖမ်းခံလိုက်ရသည်။

"ဟား ... ဟား ... ဟား"

ထိုလူက သဘောကျပြီး လှောင်ရယ်ရယ်နေလေ၏။ နှုတ်မှလည်း ပြောသည်။

"ဟင် ...တိုက်ခိုက်ပုံမဆိုးပါဘူး"

ချန်ချန်က ထိုလူ၏မျက်နှာအား တံတွေးဖြင့် ထွေးသည်။ ပါးရိုက်ခံရခြင်း၊ တံတွေးဖြင့် အထွေးခံရခြင်းတို့သည် အစော်ကားခံရခြင်းတစ်မျိုးပင်။



"ထွီ"

ထိုလူ၏မျက်နှာ နီရဲလာ၏။ သူ အစော်ကားခံလိုက်ရလေပြီ။ သူ ဒေါသထွက်လာ၏။ ချီပင်က လှမ်းအော်၏။

"မလုပ်နဲ့"

သို့သော် ... ထိုလူ၏လက်သီး ချန်ချန်၏ရင်ဝသို့ ထိုးလိုက်ပြီ ဖြစ်၏။ လက်သီးက ဝင်သွားပြီဖြစ်၏။ ကျောက်ချန်မှာ ပြင်းထန်သောလက်သီးကြောင့် နာကျင်ပြီး တွန့်လိမ်သွား၏။ လဲကျသွားလေ၏။

ထိုလူ၏မျက်လုံးအစုံတွင် ရက်စက်မှုတို့ ပေါ်လာသည်။ သူမကျေနပ်သေးပေ။ ထပ်၍ထိုးရန် လက်သီးမြှောက်လိုက်၏။ အရပ်ပုသည့်လူက လက်ကိုဖမ်းဆွဲထား၏။ သူက ထပ်မထိုးစေလိုပေ။ ထို့ကြောင့် ဆွဲလိုက်ခြင်း ဖြစ်သည်။ အရပ်ရှည်လူမှာ ဒေါသမပြေသေးပေ။

"ဖမ်းစမ်း ... ဒီကောင်မစုတ်ကို အသေထိုးလိုက်မယ်၊ သူသေမှ ငါ့ဒေါသပြေမယ်"

အရပ်ပုသောလူက ခက်ထန်စွာပြောလိုက်၏။

"မင်း သူ့ကို မသတ်ရဘူးကွ၊ သိလား"

အရပ်ရှည်သောလူက မျက်နှာနီနီဖြင့် ပြန်မေးလေ၏။

"ဘာဖြစ်လို့လဲကွ"

"မင်း ငါ့ကို ဘာမှမေးမနေနဲ့၊ ငါက မလုပ်ရဘူးဆိုရင် မင်း ဘာမှမလုပ်နဲ့၊ လက်သီးတစ်လုံးမပြောနဲ့ လက်ညှိုးလေးနဲ့တောင် မထိုးရဘူး"

အရပ်ရှည်သောလူ၏မြှောက်ထားသောလက်ကို ချလိုက်၏။

"မင်းသဘောကို ငါသိပြီ"

"ထန်ဟုန်က ကျောက်ဝူကိုသတ်ဖို့ ကြံစည်တယ်၊ ကျောက်ဝူက ထန်ဟုန်ကိုသတ်တာ တရားပါတယ်၊ မင်း မှုမှုတတစဉ်းစား"

သူက စကားဆက်သည်။

"ဒါပေမဲ့ ထန်ဟုန်ကို တရားသဖြင့်မသတ်ဘဲ ရက်စက်စွာ သတဲလို့ အခုလိုလာပြီး လက်စားချေတာပဲ"

သူတို့အကြောင်းကို ဝေဖုံးလျှံတို့ သိလိုက်ကြရ၏။ သူက ကျောက်ချန်နှင့် ဝေဖုံအား ကြည့်သည်။

"မင်းတို့နှစ်ယောက်က တစ်ယောက်က ကျောက်ဝူမိန်းမ၊ တစ်ယောက်က ညီမ၊ ဒါကြောင့် မင်းတို့နှစ်ယောက်ကို သူစိတ်နာသလို သတ်ပစ်ဖို့ကောင်းတယ်၊ ငါက သူ့ကိုလုပ်ခွင့်ပြုရင် ကောင်းမယ်"



ကျောက်ချန်က မေးလိုက်၏။ သူမသည် တကယ်ရဲရင့်၏။ သိုင်းသမားပီသသည်။

"ဒါဖြင့် ဘာကြောင့်မသတ်တာလဲ၊ သတ်လိုက်"

ထန်လီက

"ငါတို့မိတ်ဆွေ ချီပင်နဲ့ ကတိပေးထားလို့ကွ၊ နို့မို့ဆိုရင် သတ်ပြီးနေပြီ"

ကျောက်ချန်သည် ဒဏ်ရာရထားသော်လည်း အံကြိတ်ပြီး မေးလေ၏။

"ရှင်တို့ ဒီလောက်ဝေးတဲ့ခရီးကို အပင်ပန်းခံလိုက်လာတာ ဘာအကြောင်းရှိလို့လဲ"

ထန်လီက ပြောသည်။ သူ့အပြောက ရှင်းသည်။ ပြတ်သည်။

"ကျောက်ဝူနဲ့ စာရင်းရှင်းစရာရှိလို့"

"ဘာစာရင်းလဲ"

"ကျောက်ဝူဟာ ငါ့ညီထန်ယုကို သတ်သွားတယ်ကွ"

သူတို့သည် ကျောက်ဝူက ထန်မိသားစုဝင်လူသုံးယောက်ကို သတ်ခဲ့ကြောင်း သိလိုက်ပြီဖြစ်သည်။ ကျောက်ချန်က အေးစက်စွာပြောလေ၏။

"သိုင်းလောကမှာ တစ်ယောက်နဲ့တစ်ယောက် သတ်နေကြတာပဲ၊ သတ်တာ ဘာမှမဆန်းပါဘူး"

ထန်လိသည် လက်သီးဆုပ်လိုက်လေတော့၏။

✷ ✷ ✷



## အခန်း (၆၄)

## သစ္စာဖောက်ခံရခြင်း

ကျောက်ချန်သည် မည်သူ့ကိုမျှ ဂရုမစိုက်ပေ။ ကျောက်အမျိုး၏သွေးမှာ နီရဲပေသည်။ သူမသည် ချိုပင်အား လက်ညှိုးထိုးပြပြီး ...

"ဒီလူယုတ်မာနဲ့ပေါင်းပြီး ဘာကိစ္စ ကျွန်မတို့ကို လာပြီးရန်ရှာရတာလဲ၊ ကျွန်မတို့က ကိုယ့်ကိစ္စနဲ့ကိုယ် လာကြတာ"

အရပ်ပုလူက မဲ့ရွဲ့လိုက်၏။

"မင်းက ကျုပ်နာမည်ကို သိချင်သလား၊ ကျုပ်နာမည်ထန်လိ"

ကျောက်ချန်သည် အဖြစ်အပျက်ကို စောစောကစကားအရ ဤသို့ပင် နားလည်ပြီဖြစ်လေ၏။ သို့သော် သေချာအောင်ထပ်မေး၏။

"ထန်မိသားစုက ဟုတ်လား"

ထန်လီက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ကျုပ်နာမည်ကို ကျုပ်ပြောပြီးပြီ၊ ကျုပ်ဟာ ထန်လီပဲ"

အရပ်ရှည်ရှည်က မဲ့ပြုံးပြုံး၍ စကားဆက်၏။

"မင်းက ဒီကောင်မကို ဟိုအကောင်ကို ပေးမလို့မဟုတ်လား"

သူဆိုလိုက်သော ဟိုအကောင်ဆိုသည်မှာ ...ချိုပင်ဖြစ်သည်။ အရပ်ပုလူက ခက်ထန်ထန်ပြော၏။ သူက လူနိုင်ဖြစ်ပုံရသည်။

"ဒါ မင်းနဲ့မဆိုင်ဘူး၊ ငါပြောသလို သူ့ကိုလွှတ်လိုက်"

အရပ်ရှည်သောလူသည် ချိုပင်ကို အထင်မကြီးသော်လည်း အရပ်ပုသောလူ၏ စကားကို မလွန်ဆန်ရဲပါ။ ထို့ကြောင့် သူသည် ကျောက်ချန်အား လွှတ်လိုက်သည်။ ထိုအရပ်ပုသောလူသည် ကျောက်ချန်အား ပြုံးပြသည်။

"ဘယ်လိုပဲဖြစ်ဖြစ် မင်းကို ငါမသတ်ပါဘူးကွာ"

ကျောက်ချန်က မေးလိုက်၏။

"ရှင်တို့ ဘာကတိလုပ်ထားကြသလဲ"

ထန်လီက အေးစက်စက်ပြောလေ၏။



"မင်းနဲ့ကျောက်ဂူနဲ့ လဲဖို့လေ"

"ရှင်တို့ လဲချင်တိုင်း လဲလို့ရမလား"

"ရတာပေါ့၊ မင်းတို့က ကျုပ်လက်ထဲမှာပဲ၊ ငါလိုချင်တာက ကျောက်ဂူ၊ သူလိုချင်တာက မင်းကိုပဲကွ"

သူသည် စကားဆုံးသည်နှင့် အားရပါးရရယ်လေတော့၏။

"ဟား ... ဟား ... ဟား"

သူ့ရယ်သံသည် လှိုင်းထသွားသည်။ ကျောက်ချန်၏ဒေါသမှာ ပြေနေသည်မဟုတ်ပါ။ ထိုစကားကို ကြားသောအခါ ဒေါသပို ထွက်လာသည်။ သူမ၏မျက်လုံးအစုံသည် မီးလျှံပမာနီရဲနေသည်။ ချိုပင်က တစ်ဖက်သို့ လှည့်၍နေသည်။ ထန်လီက ပြောကြားလေ၏။

"တစ်ခုတော့ပြောမယ်၊ မင်းကို အတင်းယူခိုင်းတာမဟုတ်ဘူး၊ ဒီကိစ္စဟာ သူ့အပေါ်မူတည်တယ်၊ ငါလိုချင်တာက မင်းထွက်မပြေးဖို့ပဲ၊ ထွက်ပြေးရင် ထန်မင်လက်ထဲအပ်မယ်"

ထန်မင်ဆိုသည်မှာ အရပ်ရှည်သောလူပင်ဖြစ်သည်။ အရပ်ရှည်သောလူက ပြုံးစိစိဖြင့် ကြည့်နေသည်။ ကျောက်ချန်သည် ထိုလူ၏မျက်လုံးအား ကြည့်သည်နှင့် အော့အန်ချင်လာသည်။ ရုပ်ရည်ညှံ့သည့်အပြင် ဟန်အမူအရာကလည်း ရွံ့ရှာစဖွယ်ပင်။ စိတ်ထဲတွင်

ဤသို့ ကြုံးဝါးမိလာသည်။

"ကြည့်ကြသေးတာပေါ့၊ အသက်သာအသေခံမယ်"

ထန်လီသည် ချန်ချန့်၏သဘောအား နားလည်သည့်အလား ပြုံး၍သတိပေးသည်။

"မင်းတို့ကို သတိပေးမယ်၊ သေဖို့မကြံနဲ့၊ သေဖို့ကြံရင် သေမရ ရှင်မရဘဝရောက်သွားလိမ့်မယ်"

ချန်ချန်က အံကိုတင်းတင်းကြိတ်လိုက်သည်။

"ရှင်းရှင်းပြောပါ၊ ရှင်တို့ဘာဖြစ်ချင်လို့လဲ"

ထန်လီက ...

"အလွယ်လေးပါ ငါတို့နောက်လိုက်ခဲ့၊ ကျောက်ဂူကို တွေ့တာနဲ့ မင်းကို သူ့လက်ထဲအပ်မယ် ကျန်တာတွေမသိဘူး"

ကျောက်ချန်က ...

"သူ တွေ့အောင်ရှာနိုင်လို့လား"

ထန်လီက ...

"သူက သုံးရက်အတွင်းမှာ ကျောက်ဂူကို ငါ့လက်ထဲအပ်မယ် ပြောတယ်၊ ဒါ သူ့ကတိပဲ၊ ငါတို့ယုံတယ်၊ ကျောက်ဂူရဲ့ မိန်းမနှင့်ညီမဟာ ငါတို့လက်ထဲ ရောက်နေပြီ မဟုတ်လား"

ကျောက်ချန်၏မျက်လုံးအစုံသည် ပါးလွှာသော ဓားပမာ



ချိုပင်၏မျက်နှာပေါ်သို့ ရောက်သွား၏။ ထန်လီကလည်း မြွေဟောက်ကဲ့သို့ မျက်လုံးအစုံဖြင့် ချိုပင်အား ကြည့်လိုက်၏။ ထန်လီသည် ကြောက်စရာကောင်း၏။ ပြောသကဲ့သို့ လုပ်မည့်သူဖြစ်ကြောင်း ကျောက်ချန်သိသည်။

"ခင်ဗျား ဒီလိုပဲပြောတယ် မဟုတ်လား၊ လူဆိုတာ ပြောပြီးတဲ့ကတိတည်ရတယ်ဗျာ"

ချိုပင် ခေါင်းညိတ်လိုက်၏။

"ကျုပ် ငြင်းနေလို့လား၊ ကျုပ် ခေါင်းညိတ်နေတာပဲ"

ထန်လီက ...

"ခင်ဗျားပေးတဲ့ကတိကို ဖြစ်အောင်လုပ်ဖို့ တာဝန်ရှိတယ်၊ ကတိမတည်လို့ကတော့ သူတို့နှစ်ယောက်စလုံး မလွယ်ဘူး"

ချိုပင်က ...

"စိတ်ချ၊ ဖြစ်စေရမယ်"

ထန်လီ ရယ်မောလိုက်၏။

"ခင်ဗျား ဖြစ်အောင်မလုပ်ရင်တော့ ဒီမိန်းကလေးနှစ်ယောက်မကဘူး ခင်ဗျားပါ ဒုက္ခရောက်သွားနိုင်တယ်၊ အဲဒါပဲ မှတ်ထားလိုက်၊ ကျုပ်တို့က တကယ်ဖြစ်လာရင် စကားပြောနေမှာ မဟုတ်ဘူး"

ထန်လိက ကျောက်ချန်အား လှမ်းမေးလေ၏။

"ကဲ ... ကျုပ်တို့ မင်းကြားအောင် ပြောနေတာ၊ မင်းကြားလိုက်ရဲ့ မဟုတ်လား"

ကျောက်ချန်သည် အကယ်၍ ကျောက်ဝူအား ရှာတွေ့ခဲ့လျှင် ကျောက်ဝူက သူတို့ကို ကောင်းစွာ ယှဉ်ပြိုင်နိုင်လိမ့်မည်ဟု ယုံကြည်ထား၏။ ထို့ကြောင့် သူမ ခေါင်းညိတ်လိုက်သည်။

"ကျွန်မ နားလည်တယ်"

ထန်မင်က ...

"နားလည်ရင် ကောင်းတာပေါ့"

ထန်မင်က ချိုပင်အား ထပ်မေးလိုက်၏။

"ကျောက်ဝူဟာ ကျူဟွာစန်းတောင်ပေါ်မှာ ပုန်းနေတယ်လို့ ခင်ဗျားပြောခဲ့တယ်မဟုတ်လား၊ ဒါကို ကျုပ်တို့ ယုံတယ်"

ချိုပင်က ...

"ကျုပ်လိမ်မပြောဘူး၊ အမှန်ကိုပဲ ပြောခဲ့တယ်"

ထန်လိသည် စဉ်းစားတွေးတောနေ၏။ သူ ဘာတွေးသည်ကို အတိအကျမသိရသော်လည်း ရက်တွက်နေသည်ဟု ကျောက်ချန်ထင်သည်။ ထန်လိက ...

"ကောင်းပြီ၊ မနက်ဖြန်စောစော တောင်ပေါ်တက်မယ်၊ ကနေ့ညတော့ ဒီမှာနားမယ်"



မှန်သည်။ ကျောက်ချန်တွက်သည့်အတိုင်းပင်။ သူသည် ဝေဖုံးလျှိုဘက်သို့ လှည့်ကြည့်ပြီး ...

"မင်းကိုကြည့်ရတာ ဟင်းချက်ကောင်းလိမ့်မယ်၊ ငါတို့စားဖို့ သွားချက်ပေးပါ"

ကျောက်ချန်က ပြောလိုက်၏။

"ကျွန်မလည်း လိုက်မယ်၊ ကျွန်မ သူ့ကိုကူမယ်"

ထန်လိက တားလိုက်၏။

"မင်း လိုက်လို့မဖြစ်ဘူး"

"ဘာဖြစ်လို့လဲရှင်၊ ဟင်းချက်တာကို ရှင်သိသလား၊ ဘယ်သူမှတစ်ယောက်တည်းလုပ်လို့မရဘူး"

"မင်း မလိုက်ရဘူးလေ၊ မင်းမှာ ရောဂါဖြစ်နေတာပဲ၊ ဒါကို မင်းမသိဘူး မဟုတ်လား"

သူ၏စကားဆုံးသည်နှင့် သူသည် လျှပ်ပြက်သကဲ့သို့ လှုပ်ရှားလိုက်လေ၏။ ကျောက်ချန်၏သွေးကြောများကို ပိတ်လိုက်ခြင်းဖြစ်သည်။ ကျောက်ချန်မှာ မည်သို့မှမတတ်နိုင်ဘဲ သွေးကြောပိတ်ခံလိုက်ရသည်။ ကျောက်ချန်သည် သာမန်မိန်းကလေးတစ်ဦး မဟုတ်ပါ။ သူမသည် သိုင်းလောက၌ ကျော်ကြားသောမိန်းကလေးတစ်ဦး

ဖြစ်ပါသည်။ အလှကြောင့် ကျော်ကြားသလို၊ သိုင်းပညာလည်း ကျော်ကြားသည်။ တိုက်ပွဲများစွာလည်း ကြုံဖူးသည်။ တိုက်ပွဲတိုင်း၌ ကြမ်းကြမ်းတမ်းတမ်းရင်ဆိုင်ယှဉ်ပြိုင်ခဲ့သည်။

သို့သော် ထန်လိနှင့် ရင်ဆိုင်သောအခါ ကလေးနှင့်လူကြီးကဲ့သို့ ကွာခြားသွားလေ၏။ ထန်လိ၏ပညာ မည်မျှအဆင့်မြင့်ကြောင်း သိနိုင်ပေသည်။ ထန်လိ၏မျက်နှာပေါ်တွင် ကျေနပ်အားရသည့်ဟန်မျိုး ဖြစ်ပေါ်လာ၏။ ကျောက်ချန်သည် သူ၏လက်ခုပ်ထဲမှ ရေဖြစ်သွားပြီ မဟုတ်ပါလား။ ထန်လိက ...

"ဒီလို မင်းကို ကျုပ် ဘာကြောင့်လုပ်ရတာကို မင်းသိသလား"

ကျောက်ချန် ဘာမှမပြောချေ။ သူ့မျက်လုံးများမှာ ရဲရဲတောက်နေ၏။ သူသာ နဂါးဖြစ်လျှင် ထန်လိမှာ ပြာဖြစ်သွားပေလိမ့်မည်။

"ငါ ဒီလိုလုပ်တာ ထမင်းတစ်နပ်ကို အေးအေးဆေးဆေး အရက်ကို အရသာခံပြီး သောက်ချင်လို့ပါ"

ထန်လိက ပြောကြားလိုက်လေ၏။

✱ ✱ ✱



## အခန်း (၆၅)

## ငရဲ

ဝေဖုံးလျှံသည် အခန်းထောင့်တွင် ထိုင်နေ၏။ သူမသည် သိုင်းပညာမတတ်ပါ။ အရပ်သူသာဖြစ်ပါသည်။ ထို့ကြောင့် သိုင်းသမားများကဲ့သို့ ခံနိုင်ရည်လည်းမရှိပါ။ သူသည် တစ်ကိုယ်လုံးကျုံ့ထားပြီး အခန်းထောင့်နေရာ၌ ကျောမှီထား၏။ သူမသည် တစ်ကိုယ်လုံး နွမ်းနယ်နေသည်ကို ခံစားရ၏။ ရင်ထဲမှာလည်း ဝမ်းနည်းကြေကွဲနေ၏။ သူမ၏အခြေအနေမှာ ကယ်မည့်သူကင်းမဲ့နေသည်။

ထန်လိတို့သည် သူမကို ကြိုးနှင့်တုပ်နှောင်ထားခြင်းမရှိပါ။ ချည်ကြိုး၊ သံကြိုး ဘာကြိုးနှင့်မှ မချည်ပါ။ သွေးခ[illegible]များကို[illegible]း မပိတ်ပါ။ သူမကို သွေးကြောပိတ်လျှင် သူတို့သာ အရှုံးဖြစ်မည်ကို သိသည်။ သူမ ထွက်ပြေးသွားမှာလည်း မစိုးရိမ်ပါ။

သူတို့နှစ်ယောက်အနက် ထန်မင်က ဝေဖုံးလျှံတို့ ထွက်ပြေးပါစေဟု ကျိတ်၍ဆုတောင်းနေ၏။ သို့မှသာ သူ ရက်ရက်စက်စက်

တိုက်ခိုက်နိုင်မည်မဟုတ်ပါလော။ သို့သော် ဝေဖုံးလျှံက ထွက်ပြေးရန် စိတ်မကူးပါ။ ထွက်ပြေးရမည်ဟူသောစိတ်ပင် မပေါ်ပါ။ သူတစ်ပါးအား ဒေါသထွက်စေသည့် လုပ်ရပ်များကို ရှောင်ကြဉ်ထား၏။

သူမ တွေ့ထားသူများသည် အလွန်ရက်စက်သူများဖြစ်ကြောင်း သူမ သိထားသည်။ ကျောက်ချန်သည် မိမိကဲ့သို့ သည်းခံနိုင်ပါစေဟု ကျိတ်၍ဆုတောင်းမိ၏။ လက်ရှိအခြေအနေမှာ သူတို့အဖို့ အဖွမ်းကုန်သည်းခံနိုင်ရန်မှာ အလွန်အရေးကြီးနေသည် မဟုတ်ပါလော။

သို့သော် သူမသည် ရင်လေးနေ၏။ သူမတို့သည် မည်မျှအချိန်ကြာကြာ သည်းခံနေမည်နည်း။ ထန်လိတို့လူစုသည် ရှေ့ဆက်၍ နှိပ်စက်လာမည်ကို တွေးပင်မတွေးမိပါ။ မရက်စက်ဟုလည်း တွေး၍မရပါ။ အလွန်ပင် ရက်စက်မည့်သူများဖြစ်ကြောင်း သူတို့၏ ရုပ်ရည်က ဖော်ပြနေကြပါသည်။

အိမ်ခန်းထဲမှာ ထိုင်ခုံနှစ်လုံးမျှသာရှိ၏။ အခြားအခန်းများ၌ ထိုင်ခုံများရှိသော်လည်း ဤအခန်း၌မရှိပါ။ ထိုထိုင်ခုံနှစ်ခုကို ထန်လိနှင့်ထန်မင်တို့က အပိုင်စီးထားကြ၏။ သူတို့ စည်းစိမ်ရှိရန် ထိုင်ခုံများအပိုင်စီးထားခြင်းဖြစ်သည်။ အရက်သောက်ပြီးနောက် သူတို့နှစ်ဦးသည် ဝက်နှစ်ကောင်ကဲ့သို့ နှစ်ခြိုက်စွာ အိပ်ပျော်သွားလေ၏။



ချိုပင်ရော မည်သည့်နေရာ ရောက်ရှိနေပါသနည်း။ သူ့အား လိုက်ရှာရန်မလိုပါ။ အခန်းထဲမှာပင် ရှိနေပါသည်။ ထန်လိသည် အလွန်သေချာစေ့စပ်၏။ ထန်လိက သူ့ကိုလည်း သေးကြောပိတ်ထား၏။ သူတို့သည် ချိုပင်နှင့်ချန်ချန်တို့အား ကျောချင်းကပ်၍ ကြိုးဖြင့်တုပ်ထား၏။ ထိုစဉ် ထန်မင်က အိပ်ရာမှနိုးလာလေ၏။ နိုးလာပြီး အပျင်းဆန့်သည်။ သိုင်းသမားများသည် အများအားဖြင့် အပြင်းဆန့်လေ့မရှိကြပေ။ သူသည် ချိုပင်အားကြည့်၍ တဟားဟားရယ်မောလိုက်လေသည်။

"ဟား ... ဟား ... ဟား"

ချိုပင်က မေး၏။

"ခင်ဗျား ဘာကိုရယ်တာလဲ"

"မင်းကိုကြည့်ပြီး ရယ်ချင်လို့ပါ"

ချိုပင်သည်လည်း သူတို့၏အကျဉ်းသားပင်။ သို့သော်လည်း ချိုပင်က မျက်နှာမချိုပါ။ သူတို့တွေ့စက မျက်နှာချိုမဟုတ်တော့ပါ။ သူက ခပ်ပြတ်ပြတ်ပင် ပြောသည်။

"ကျုပ် ဘာဖြစ်နေလို့လဲ"

"ဟား ဟား ဟား ... ကိုယ့်အပြစ်ကိုတောင် မသိဘူးလား"

"ဘာသိရမှာလဲ၊ ခင်ဗျားတို့ သွေးကြောပိတ်ထားတာတော့ ကျုပ်သိတယ်"

"မြင်ရပြီး မကြင်ရတဲ့ဒုက္ခကိုကြည့်ပြီး ရယ်ချင်လို့ပါ၊ ဒီလို ဒုက္ခမျိုးကို လွယ်လွယ်နဲ့မရပါဘူး၊ ကံကောင်းမှရတာကွ၊ အခု ကြည့်လေ၊ မင်းတို့ဖြစ်နေပုံကိုကြည့်ပေါ့ကွာ ... ဟား ဟား ဟား"

"ခင်ဗျားလည်း ရယ်စရာပါပဲ"

"ငါ့ကို မင်းက ဘာကိုရယ်မလဲ"

"ကျုပ်စိတ်ကို မသိတာ ရယ်စရာပေါ့"

"ဘာလဲ မင်းစိတ်"

"ကျုပ်စိတ်ရှည်တာကို ခင်ဗျားမသိဘူးဗျ"

ကျောက်ချန်သည် အံကြိတ်နေ၏။ ယုတ်မာသော ချိုပင်နှင့် ကပ်လျက် ချည်နှောင်ခံရသည်ကို အသက်သေသည်ထက် ရင်နာမိ၏။ တတ်နိုင်လျှင် ထိုလူယုတ်မာအား လည်ပင်းညှစ်၍ သတ်ချင်စိတ်ဖြစ်ပေါ်နေ၏။ သူမက ကြိုးစား၍ရုန်းသည်။ သူ့အား တုပ်နှောင်သည့်ကြိုးသည် ခိုင်မြဲလှသဖြင့် ... ချန်ချန်သည် လက်လျှော့လိုက်ရသည်။

ရှေ့တွင် မည်သို့ဖြစ်လာမည်ကို မတွေးဝံ့ပါ။ နုနယ်သော ဝေဖုံးလျှံသည် ပင်ပန်းလွန်းသဖြင့် အိပ်ပျော်သွားသည်။ ရုတ်တရက်



ကြမ်းတမ်းသောလက်တစ်ဖက်က သူမ၏ပါးပြင်သို့ ရောက်ရှိလာသည်။ သူမသည် ဆတ်ခနဲလန့်နိုးသည်။ သူ့ရှေ့တွင် ထန်မင် ရောက်နေသည်။ သူသည် သူမမျက်နှာနှင့်တစ်ပေခန့်မျှသာ ကွာဝေးသည်။ အရက်နံ့တို့သည် မခံနိုင်အောင်နံလှသည်။ သူမက ခေါင်းငုံ့ထား၏။ နောက်ဆုတ်၍လည်း မဖြစ်။ နံရံဖြင့် ထိနေသဖြင့် မည်သို့မျှမလှုပ်သာပါ။ သူမသာ အစွမ်းရှိလျှင် နံရံကြီးပေါက်သွားစေမည်သာဖြစ်၏။

ထန်မင်၏မျက်နှာသည် သူမ၏မျက်နှာနှင့် တဖြည်းဖြည်းနီးကပ်လာ၏။ ဝေဖုံက နှုတ်ခမ်းကိုက်ထား၏။ အားနှင့်ကိုက်ထားသဖြင့် သွေးတို့ထွက်လာသည်။ ရုတ်တရက် လက်တစ်ဖက်ရောက်လာပြီး ထန်မင်၏လက်ကိုဖမ်းဆွဲ၏။

"မင်း ဘာလုပ်တာလဲ"

ထန်လီဖြစ်လေ၏။ အရက်မူးနေသည့် ထန်မင်သည် ဒေါသအကြီးအကျယ်ထွက်လာသည်။

"ကျုပ်ကို ဘာလို့အနှောင့်အယှက်ပေးရတာလဲ"

ထန်လီ၏အသံ အေးစက်သွား၏။

"ကိုယ့်နေရာကိုယ်သွား ... မဟုတ်ရင် လက်နှစ်ဖက်ကို ရိုက်ချိုးမိမယ်၊ နောက်ပြီး ခြေနှစ်ဖက် အချိုးခံရမယ်၊ နောက်ဆုံး

မင်းရဲ့ခေါင်း ပြတ်သွားမယ်"

ထန်မင်က ထန်လိကို မကျေနပ်စွာ ကြည့်သော်လည်း မလွန်ဆန်ရဲပါ။ သူမသည် ဝေဖုံးလျှံကိုလှမ်းကြည့်လိုက်သေး၏။ အခန်းထဲမှထွက်သွား၏။ ဝေဖုံးလျှံမှာ ဝမ်းနည်းကြေကွဲစွာဖြင့် ငိုချလိုက်တော့သည်။ ထန်လိက လက်ကိုင်ပဝါထုတ်ပြီး မျက်ရည်သုတ်ပေး၏။ ဝေဖုံက ထိုလူအပေါ် ကျေးဇူးတင်ရမည်လော။ ရွံ့မုန်းရမည်လော၊ မဝေခွဲတတ်ပါ။

ထန်လိသည် မျက်ရည်သုတ်ပေးပြီး အခန်းထဲက ပြန်ထွက်သွားသည်။ သူသည် ဝေဖုံးလျှံကို သေချာစွာပင် မကြည့်ပါ။ ဝေဖုံး လျှံအပေါ် ရိုးသားသည့်စိတ်၊ ပုံမှန်စိတ် ထားဟန်တူသည်။ ဝေဖုံးလျှံ ကျေးဇူးတင်လိုက်ပါလေ၏။ ယခုမှ ဝေဖုံးလျှံက စိတ်သက်သာရာရသွားလေသည်။ ထိုအချိန် ထွက်ခွာသွားသော ထန်လိ၏သက်ပြင်းချသံတစ်ချက်ကို ကြားလိုက်သေးသည်။

"ကံကောင်းလို့ပါလား၊ ဒီလူတွေဟာ ဘယ်သူ့ကိုမှ ကျေးဇူးတင်စရာ မကောင်းပါလား"

နောက်တစ်နေ့နံနက် ဝေဖုံးလျှံသည် စောစီးစွာ နိုးလာ၏။ ကျောက်ဂေဟာတွင်လည်း ဤသို့ပင် နိုးတတ်သည်။ စောစောထတတ်သည်မှာ ဝေဖုံးလျှံ၏အကျင့်ပင်။ ဆန်ပြုတ်တစ်အိုး ပြုတ်လိုက်



၏။ ထို့နောက် ဆန်ပြုတ်တစ်ပန်းကန်ထည့်၍ ထန်လိကို ဦးစားပေးလိုက်၏။ ထန်လိက ဝေဖုံးလျှံ၏အကြည့်ကို ရှောင်ဖယ်၏။ သူမကို ကြည့်ပင်မကြည့်ပါ။ သူ့အသိသည် အေးအေးဆေးဆေးမဟုတ်ပါ။

"မလိုတော့ဘူး၊ ကျုပ် သောက်ပြီးပြီ"

ဤသူများနှင့်နေရခြင်းက ငရဲကျသည်နှင့် တူနေလေ၏။

✷ ✷ ✷

## အခန်း (၆၆)
## ပုန်းအောင်းသည့်နေရာ

ကျူပှာစခန်းတောင်၌ တောင်အလုံးပေါင်း အလုံးလေးဆယ်ရှိလေသည်။ ထိုတောင်လုံးများ၏တည်ရှိပုံမှာ ကြာပန်းကိုးပွင့်သဏ္ဍာန်ဖြစ်သည်။

လူသားများ၏ကိုယ်ကာယသည် တောင်လုံးများထက် အဆများစွာကြီးမည်ဆိုလျှင်တော့ ထိုကြာပန်းပုံကို ခံစားနိုင်ပါလိမ့်မည်။

တောင်ကုန်း (၄၈) ခုအနက် ထန်ဟိုတောင်သည် အမြင့်ဆုံးတောင် ဖြစ်၏။ ကျူပှာစခန်းတောင်ပေါ်သို့တက်သွားလျှင် ရှေးဦးဆုံးရောက်မည့်စခန်းမှာ လျှံထန်မင်စခန်းဖြစ်၏။ လျှံထန်မင်စခန်းကို ကျော်ဖြတ်လိုက်သည်နှင့် တောင်တက်လမ်းသည် မညီမညာနှင့် ကြမ်းတမ်းလာသည်။

ထန်မင်တို့အုပ်စုသည် လျှံထန်မင်စခန်းမှ ဖြတ်ကျော်လိုက်



ပြီးနောက် ရုပ်ချွမ်ထိန်စခန်း၊ တိမ်စင်စုစခန်း၊ ပန့်ရှောင်ထိန်စခန်း စသည်များကို ကျော်ဖြတ်လာရ၏။ ပြီးလျှင် ဝိဇ္ဇာတံတားကြီး၊ ဝိဇ္ဇာတံတားလေးတို့ကို ဖြတ်ကျော်ရသေး၏။ ပြီးလျှင် မုန်ကျန်လိုစခန်း၊ မေရှမ်းလေးစခန်းတို့ကို ရောက်သွားလေ၏။

သူတို့သည် လှေကားထစ် (၈၄) ထစ်ရှိသော ယန်ကြီးရှာစခန်းသို့ ရောက်ရှိသွားသောအခါ တောင်စောင့်နတ်ကျွန်းကို ဖူးမြော်ကြရသည်။ ထန်လိတို့သည် ဆုပန်ရန်လာခြင်း မဟုတ်ပါ။ ထို့ကြောင့် ဝင်ရောက်ရှိခိုးခြင်းမပြုကြချေ။ ဆက်လက်တက်သွားကြသည်။ သူတို့အဖို့ အရေးကြီးမှာ ကျောက်ဂူအား ဖမ်းမိရန်ဖြစ်ပေ၏။

နောက်ဆုံးတွင် ...

သူတို့သည် ထန်တိုင်တောင်ကုန်းသို့ ရောက်ရှိသွား၏။ ထန်တိုင်တောင်ကုန်းသို့ ရောက်ရှိသွားသောအခါ တိမ်တိုက်များသည် သူတို့၏ ခြေဖဝါးအောက် ရောက်ရှိနေသည်ကို မြင်တွေ့ရ၏။ သစ်ပင်များ၊ သစ်တောများကလည်း သူတို့၏ခြေအောက်တွင် ရောက်ရှိနေကြသည်။

မြင်ကွင်းတစ်ခုလုံးမှာ လှပဆန်းကြယ်နေသည်ကို တွေ့ရှိရသည်။ တောင်ကုန်းများသည် ပုံသဏ္ဍာန်အမျိုးမျိုး၊ ကျောက်တုံးများ၊ သစ်ပင်ဝါးပင်တို့မှာ အစီအရီရှိနေသည်ကို တအံ့တသြတွေ့မြင်နိုင်

ကြရလေ၏။

ဝေဖုံးလွှဲသည် ထန်တိုင်တောင်ပေါ်သို့ ရောက်ရှိလာသော အခါ ခြေထောက်ပေါက်လေတော့၏။ ဆံကေသာများမှာလည်း ရှုပ်ပွလာ၏။ အင်္ကျီများမှာလည်း ချွေးများဖြင့် စိုရွှဲနေသည်။ အေးစိမ့်သောလေသည်ပင် သူမအား မနှစ်သိမ့်နိုင်ပေ။ ထိုဒုက္ခအဝဝကို ဝေဖုံးလွှဲက မညည်းမညူဘဲ တောင့်တားသည်။ ထန်လီက သူမအား ကြည့်လိုက်သည်။

"ကျုပ်တို့ တောင်ထိပ်အထိ ရောက်အောင်သွားရမယ်၊ ခင်ဗျားလျှောက်နိုင်ပါ့မလား"

"ကျွန်မ ဘာဖြစ်လို့လဲ"

"အခု ...ခင်ဗျားသိပ်ပင်ပန်းနေပြီ၊ ခင်ဗျားကိုယ်ခင်ဗျား သိပါတယ်"

"ကျွန်မ လိုက်နေတာပဲ၊ ရှင်မမြင်ဘူးလား"

"ခင်ဗျားပါးစပ်ကသာ ပြောနေတာ၊ ကိုယ်ကတော့ မလိုက်နိုင်တော့ဘူး"

ဝေဖုံးလွှဲ ပြုံးလိုက်၏။

"ရှင် ထင်လို့ပါ၊ ကျွန်မ တက်နိုင်ပါတယ်"

"ခင်ဗျား ဘာတက်နိုင်လို့လဲ"



"တောင်တက်ခရီးကို တက်မယ်ဆိုတာပဲ"

ကျောက်ချန်က ...

"သူဟာ ဘာလဲဆိုတာ ရှင်သိသလား"

ထန်လီက ...

"သူဘာလဲ"

ကျောက်ချန်က မဲ့ပြုံးပြုံး၍ ပြောလိုက်၏။

"သူဟာ အရပ်သူပဲ၊ သိုင်းသမားမဟုတ်ဘူး"

"ကျုပ်မေ့သွားတယ်"

"သူ ဘယ်လောက်စိတ်ဓာတ်ကောင်းတယ်ဆိုတာ ရှင်တို့ မြင်ပြီမဟုတ်လား၊ သူ အင်မတန်နုနယ်တယ်၊ ဒါပေမဲ့ ဒီတောင်တွေကို သူတက်လာတာပဲ"

"သူ့ကိုထားခဲ့ရမလား"

"မထားခဲ့နဲ့၊ ကျွန်မ ကျောပိုးတက်မယ်"

"မပိုးရဘူး"

ကျောက်ချန် အံ့သြသွားသည်။

"ဘယ်လိုပြောလိုက်တယ်"

"ကျုပ်ပြောတာ မကြားဘူးလား၊ မင်း သူ့ကို ကျောမပိုးရဘူး"

ကျောက်ချန် မဲ့ပြုံးပြုံးလေ၏။

"ဘာဖြစ်လို့လဲ၊ အဆန်းပါလား"

"မဆန်းပါဘူး။ ငါခွင့်ပြုရင် မင်း ကျောပိုးလို့ရတယ်၊ ငါ ခွင့်မပြုရင် မင်းကျောပိုးလို့မရဘူး"

"ရှင်က သူ့ကို ထားခဲ့ဖို့ စိတ်ကူးလို့လား"

"မဟုတ်ဘူး သူ့သဘောနဲ့သူ ကြိုက်တဲ့လူကိုရွေးပြီး ကျောပိုးနိုင်တယ်၊ သူရွေးရမှာက ကျုပ်တို့နှစ်ယောက်ပဲ"

ကျောက်ချန်က ရယ်လိုက်၏။

"ဘယ်သူ့ကို ကျောပိုးခိုင်းမှာလဲ"

ထန်လီက နောက်ဆုံး ဆုံးဖြတ်လိုက်ဟန်ဖြင့် ပြောသည်။

"မင်းကလွဲပြီး တခြားဘယ်သူ့ပဲခိုင်းခိုင်း၊ ငါ ခွင့်ပြုမယ်"

ထန်မင်က ဝေဖုံးလျှံအနီးသို့ ချဉ်းကပ်လာ၏။

"ငါ ကျောပိုးပေးမယ်"

ထန်လီက သူ့အား လှည့်ပင်မကြည့်ပါ။ ဝေဖုံးလျှံအား မေးလိုက်၏။

"ခင်ဗျား ဘယ်သူ့ကို ကျောပိုးခိုင်းမလဲ"

ဝေဖုံးလျှံက စဉ်းစားခြင်းပင် မပြုပါ။ တစ်ခွန်းတည်း ပြောသည်။



"ရှင့်ကို"

ထန်လီ သဘောကျသွားလေ၏။ နှင်းမြူများ ဝေလာသည်။ တစ်လံခန့်ရှိ ပတ်ဝန်းကျင်ကို မြင်နိုင်စွမ်းမရှိတော့ချေ။ ဤ တောင်တွင် ဤသို့ပင်ဖြစ်တတ်သည်။ ဝေဖုံးလျှံသည် ထန်လီ၏ ကျောပေါ်သို့လိုက်ပါသွားရင်း ရုတ်တရက်မေးလိုက်သည်။

"ရှင့်ကို ဘာကြောင့်ရွေးလိုက်တယ်ဆိုတာ သိလား"

ထန်လီက ရယ်သည်။

"ဒါကို ပြောပြရမှာလား"

"မင်းပြောပြရင်လည်း ရပါတယ်၊ မပြောပြရင်လည်း ရပါတယ်၊ ကျွန်မကတော့ ပြောရမှာပဲ"

"ဒါဖြင့် ခင်ဗျားပဲ ပြောပါ"

"ရှင်တို့နှစ်ယောက်မှာ ရှင်က မဆိုးဘူးလို့ ကျွန်မ ယုံကြည်လို့ပါ"

ထန်လီက ပြောလေ၏။

"ခင်ဗျား မှားနေပြီ"

ဝေဖုံးလျှံ အံ့သြသွားသည်။

"ကျွန်မ မှားတယ် ဟုတ်လား"

"မှားတာပေါ့၊ အကြီးအကျယ်မှားတာပေါ့၊ ခင်ဗျားမသိလို့

ပြောတာဗျ"

"ဘာဖြစ်လို့လဲဟင်"

"ကျုပ်က တခြားလူထက်ဆိုးတယ်လို့မှတ်၊ ဒါပေမဲ့"

ဝေဖုံက ...

"ဒါပေမဲ့ ဘာဖြစ်လဲ"

ထန်လိက ...

"ကျုပ်ရဲ့လုပ်ငန်း အောင်မြင်ဖို့ပဲ အာရုံရှိတယ်၊ တကယ်လို့သာ အလုပ်တာဝန်မရှိရင် ..."

သူသည် စကားကို တစ်ပိုင်းတစ်ဖြင့် ရပ်လိုက်လေ၏။ ဝေဖုံးလျှံ ကြောင်အမ်းအမ်းဖြစ်သွားလေ၏။ ထိုအချိန်တွင် သူမ၏ မြင်ကွင်းမှာ ကျယ်ဝန်းလာသည်။ နှင်းမြူများ ပါးလျားသွားပြန်လေ၏။ သူတို့သည် ထန်တောင်ကုန်းပေါ် ရောက်ရှိလာပြီဖြစ်၏။

သူတို့ စကားမပြောဖြစ်တော့ချေ။ ကျယ်ပြန့်သော ကျောက်ဖျာတစ်ခုအား မြင်တွေ့ရသည်။ အလွန်ကြီးမားသော ကျောက်ဖျာကြီးဖြစ်၏။ ကျောက်ဖျာ၏နောက်တွင် တောအုပ်ငယ်ရှိလေသည်။ တောအုပ်နောက်တွင် မတ်စောက်သော နံရံတစ်ခုရှိ၏။

အံ့သြဖွယ်ရာ မြင်ကွင်းပင်တည်း။

နံရံတွင် ကြီးမားသောစာလုံးကို ရေးထွင်းထားလေ၏။



'လူ့လောကမဟုတ်'

ဤစာတမ်းရှင်သည် ဘာကိုဆိုလိုသနည်း။

ဤနေရာသည် လူ့ပြည်လော ... နတ်ပြည်လော။

သို့မဟုတ် ငရဲပြည်လော။

မည်သူက မှ မပြောနိုင်သော်လည်း စာတမ်းရှင်ကတော့ ရေးထွင်းထားပါသည်။ ဤနေရာသည် မည်သည့်နေရာဖြစ်ပါစေ၊ လူ့လောကတော့ မဟုတ်ဟုဆိုပါသည်။ အဘယ်ကြောင့်ဆိုသော် မျက်စိတစ်ဆုံးကြည့်လျှင် လူရိပ်လူယောင်မတွေ့ရခြင်းကြောင့်ပင်တည်း။

ထန်လိသည် ကျောပေါ်မှ ဝေဖုံအား ချပေးလိုက်သည်။ သူသည် ချိုပင်အား စိုက်ကြည့်သည်။ သူက မေးလိုက်သည်။

"နောက်ထပ် သွားဖို့လမ်းရှိသေးလား"

"မရှိတော့ဘူးဗျ"

"ခင်ဗျား ဘယ်လိုလုပ်တာလဲ၊ ကိုယ်လုပ်တာလည်း ကိုယ်ပြန်ကြည့်ဦး"

"ကျုပ် ဘာလုပ်လို့လဲ"

"ခင်ဗျားနဲ့ကျုပ်က ကတိထားတာ ဘာကတိလဲ၊ ကျုပ်တို့ ပင်ပန်းရပါစေလို့ ကျုပ်က ပြောခဲ့လို့လား"

"ကျောက်ရူကိုတွေ့ဖို့ ကျုပ်တို့ကိုခေါ်လာတာ မဟုတ်လား"

ချိုပင်က ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်လေ ... ဒါပဲပေါ့"

"ခင်ဗျား အကြံအဖန်မလုပ်နဲ့၊ ခင်ဗျားလည်း ဒီမိန်းကလေး နှစ်ယောက်လို ဒုက္ခဖြစ်သွားနိုင်တယ်ဆိုတာ တွေးမိရဲ့လား"

"သိတာပေါ့ဗျာ"

"ကျောက်ရူ ဘယ်မှာလဲ"

ချိုပင်သည် စာရေးထားသော နံရံအား လက်ညှိုးထိုးပြ၏။

"အဲဒီနံရံမှာရှိတယ်"

နံရံအနီးတွင် လူဟူ၍မတွေ့ရပါ။ လူနေသောအိမ်လည်း မတွေ့ရပါ။ ထန်လီက မမေးဘဲ ချိုပင်အား ကြည့်သည်။ ချိုပင်က

"အဲဒီနံရံအနောက်မှာ လျှို့ဝှက်လိုဏ်ဂူရှိတယ်၊ ကျောက်ရူက အဲဒီဂူထဲမှာ ပုန်းနေတာ"

ထန်လီသည် အကြီးအကျယ် အံ့ဩသွားလေတော့၏။

✹ ✹ ✹

အန္တရာယ်ပြုမ်းသည့်လျှို့ဝှက်အကြံ(စာစဉ်-၄)(တတ်သိမ်း)ကို ဆက်လက်မျှော်ရှုပါရန်။